
www.burmeseclassic.com
ပညာရှင် စာပေတိုက်
FOOL GAME
ကြယ်ရိလင်းစစ်
အရူးဂိမ်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**မောင်ပြည့်ဝ စီစဉ်သည်။**

**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၄၁၂၀၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၃၅၈၀၁၀

**ထုတ်ဝေသူ**

ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)

အမှတ်-၁၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

**ပုံနှိပ်ခြင်း**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ-၁၀၀၀၊တန်ဖိုး-၂၀၀၀ကျပ်

CIP

ကြယ်ရီလင်းစစ် ၈၉၅ - ၈၃

အရူးဂိမ်း၊ ကြယ်ရီလင်းစစ်၊ ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၁။

၁၇၁-စာ၊ ၁၉ × ၁၃ စင်တီ။

(၁)အရူးဂိမ်း

www.burmeseclassic.com

# မာတိကာ


- **Chapter -1**

  (Fool Game နှင့်တွေ့ဆုံခြင်း)

- **Chapter -2**

  (Fool Game Second Round ပြိုင်ဘက်=မေမေ)

- **Chapter -3**

  (Final Round )

- **Deleted Chapter**


www.burmeseclassic.com

www.burmeseclassic.com



# Fool Game

♣ FOOL GAME တွင် ပါဝင်ကစားမည်ဟု ဆုံးဖြတ်ပြီးမှ ဤ ဖိတ်ကြားစာ ရရှိပြီး နာရီဝက်အတွင်း သင်ထံရောက်လာမည့် ပါဆယ်ပုံး ကို ဖွင့်ကြည့်ပါ။

♣ ပါဆယ်ပုံးအတွင်း ပါရှိသည့် ငွေသား ပါဆယ်(သို့မဟုတ်) အဖိုး တန်ရတနာ ပါဆယ်ထုပ်အား ဂိမ်းကစားစဉ် ကာလ တစ်လတာ အတွင်း လုံးဝအသုံးပြုခြင်းမရှိဘဲ Player မှ ထိန်းသိမ်း နိုင်ရမည်။

♣ FOOL GAME GROUP မှ Player နှစ်ဦး စလုံး ထံသို့ တန်ဖိုးညီ ငွေကြေးပစ္စည်း ဝေစုကို တစ်ချိန်တည်း တစ်ပြိုင် တည်း ပေးထားမည်ဖြစ်သည်။

♣ သင် winner ဖြစ်လိုလျှင် ပြိုင်ဘက်ထံမှ ဝေစုကို အရှုံးလုပ် ရယူကာ အောင်ပွဲခံနိုင်သည်။ ဆုကြေး အဖြစ် ကျွန်ုပ်တို့မှ သင့် ထံ တစ်လ တာအပ်နှံခဲ့သော ငွေနှင့်ပစ္စည်းအား ချီးမြှင့်မည်။

www.burmeseclassic.com

www.burmeseclassic.com



♣ ဆုကြေးအား တစ်စုံတစ်ဦးထံ လွှဲပြောင်းခြင်း မပြုရ။ လွှဲပြောင်းပေးပါက ဆုကြေးအတိုင်း ပေးလျော်ရမည်။

♣ သင် Loser (ရှုံးသူ) ဖြစ်လိုလျှင် ပြိုင်ဘက်၏ လှည့်ဖြားခြင်း ခံရပြီးသင့်ထံ အပ်နှံထားသော ငွေ၊ ပစ္စည်းအား လိမ်လည်ခံရပါက သင် ဖျောက်ပစ်လိုက်သော ငွေ၊ပစ္စည်း တန်ဖိုးအတိုင်း ဂိမ်းအဆုံး တွင် ပေးလျော်ရမည်။ လျော်ကြေး အား တစ်လတာ ရွှေ့ဆိုင်းခွင့်ပြုသည်

♣ ဤဖိတ်စာအား သင်ရရှိပြီး တစ်လပြည့်သည့်နေ့ ဧပြီလ ၃၀ ရက်နေ့တွင် ပြိုင်ပွဲပြီးဆုံးမည်ဖြစ်သည်။ ပြိုင်ပွဲပြီး ဆုံးမည့်နေ့ အချိန် နေရာ အား အတိအကျအား အသေးစိတ် ထပ်မံ အကြောင်းကြား သွားမည်ဖြစ်သည်။

♣ သင့်လက်ထဲမှငွေသည်...

♣ သင့်ကိုယ်ပိုင်ဖြစ်မလား။ သင့်ကြွေးမြီဖြစ်မလား။

♣ သင်၏ရွေးချယ်မှု၊ဆုံးဖြတ်မှုပင်။

♣ သင်ဘယ်သူ့ကိုယုံမလဲ ဘာကြောင့်ယုံရမှာလဲ။

**Fool Game Group (FGG)**

www.burmeseclassic.com

www.burmeseclassic.com



# သင် . . .

တစ်စုံတစ်ယောက်ကိုအရူးလုပ်ဖူးသလား။

ဒါမှမဟုတ် . . .

တစ်စုံတစ်ယောက်ရဲ့အရူးလုပ်ခြင်းကိုခံရဖူးသလား။

တစ်စုံတစ်ယောက်၏ လုလုပပအရူးလုပ်ခြင်းကို ဂန္ထဝင်မြောက်စွာ ခံခဲ့ရဖူးသည်ဆိုလျှင် တစ်စုံတစ်ဦးအပေါ် ရသမြောက်စွာ အရူးလုပ်လိမ်လည်နိုင်သည့် ပညာရှင်တစ်ဦး ဖြစ်လာနိုင်ပါသည်။

ခင်ဗျား . . .ဒီအကြောင်းကို'ရယ်'နေခဲ့သလား။

မရယ်ပါနဲ့. . .

ဟောဒီဂိမ်းထဲမှာ ဝင်ကစားမိရင်တော့ ခုလို ရယ်နေနိုင်တော့မယ် မထင်ဘူး။

ခင်ဗျားပါဝင်ဆင်နွှဲဖို့ ဒီဂိမ်းရဲ့တံခါးကို ကျွန်တော် ခေါက်လိုက်ပါပြီ။

'ဒေါက်' . . . ဒေါက်' . . .ဒေါက်'...

'ကျွီ'

www.burmeseclassic.com

www.burmeseclassic.com



# Chapter 1

## Fool Game နှင့်တွေ့ဆုံခြင်း

'ဖူး . . .ပူလိုက်တာ'

ကျဲကျဲတောက်ပူနေသော နေကို လှမ်းကြည့်ရင်း နဖူးပေါ်မှ တွဲခိုနေသည့် ချွေးစက်များကို ရိုးစင်သုတ်ပစ်လိုက်ရသည်။သည် လောက်ပူပုံနှင့် Passenger ဒီနေ့ထပ်ရဖို့များ ရှိပါ့မလားဟု တွေးပူမိ သွားသည်။

အရေးထဲ စောစောကတင် ဆင်းသွားသည့် ခရီးသည်၏ လက်ကိုင်အိတ်က ကားရှေ့ခန်းတွင် ကျန်ရစ်ခဲ့သေးသည်။ ပြန်ရှာပေး ဦးမှပဲ၊ အိတ်ပိုင်ရှင်အား ဆက်သွယ်မိရန် အိတ်ကိုကပျာကယာ ဖွင့်လိုက်ရာ သူ အတော်အံ့သြသွားမိသည်။ နှစ်ကျပ်သား ဝန်းကျင် လောက်ရှိမည့် ယောက်ျားဝတ် ရွှေဟန်းချိန်းတစ်ခု ၅၀၀၀တန် သုံးအုပ် ကလည်း လာပါ လာပါဟု တစ်စုတစ်ဝေးတည်း လက်ယက် ခေါ်သည်။ သူ့ရင်ခုန်သံတွေ ကပြောင်းကပြန်ဖြစ်သွားသည်။ သို့သော် ခေတ္တမျှသာ။ ပိုင်ရှင်၏မှတ်ပုံတင်ကို အိတ်တွင်းကရှာဖွေတွေ့ရှိတော့မှ ရင်ခုန် သံကပုံမှန်ပြန်ဖြစ်သွားတော့သည်။ ကားကိုလမ်းဘေးတွင် ခေတ္တ ထိုးရပ်ကာ PCOမှတဆင့် အိတ်ပိုင်ရှင်ကို ဆက်သွယ်တော့ တစ်ဖက်က ဝမ်းပန်းတသာ ချိန်းသည်။ တောင်ဥက္ကလာပက

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက် ရည်ဆိုင် ကားပွဲစားတို့ ကျက်စားရာနေရာ။ ကားပွဲစားတန်း ရောက်သော် စားပွဲဝိုင်းကြီးတစ်ဝိုင်းမှ ပိုင်ရှင်က လက်ယက်ပြကာ လှမ်းခေါ်ပါ သည်။ မြောက်များစွာသော အကြည့်ပေါင်းများစွာကို ခံရခက်စွာ ဖြတ်သန်း၍ အိတ်ပိုင်ရှင်ဦးလေးကြီးထံသို့သာ သူအာရုံစိုက် လိုက်ရသည်။

'ဒီမှာ ခင်ဗျားအိတ်'

'ရှားသကွာ'

ပါးစပ်က ထိုသို့ပြောရင်းလက်တစ်ဖက်က သူ့ကျောကိုဖြန်းကနည်း ပုတ်၏။ စောစောက ဝိုင်းဝန်းကြည့်ရှုနေသော မျက်လုံးအစုံ လေး ဆယ်ကျော်မှာ ပြုံးစိစိဖြစ်သွားကြသည်။

'ဟင်'

ရိုးစင် . . .ဘာမှားလို့လဲနားမလည်နိုင်။ သို့သော် . . .ဒီအကြည့်တွေကို ရိုးစင် အနည်းအငယ်တော့ သဘောပေါက်ပါသည်။ 'အ'ရန်ကော၊ "တစ်ခုလို ချင်လို့တစ်ခုပြန်လာပေးတာ" 'ငွေညှစ်မယ်ထင်တယ်ကွ' အဲ့ဒီလို အဲ့ဒီလို အဖြေမျိုးတွေ၊ စကားလုံးမျိုးတွေ။

မျက်လုံးကနေ ပြောတဲ့စကားလုံးမဲ့ အသံတွေကို ရှင်းလင်းစွာ ရိုးစင် ကြားနေရပါသည်။

ဩော် သူ့ဘဝဟာ သနားဖွယ်ရာကောင်းလေစွ။ လောကကြီး မှာ ရိုးတာဟာ အပြစ်လား။မရိုးတာဟာ အပြစ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရှိးသားခြင်းဟာ သူကောက်ရတဲ့ ပိုက်ဆံအိတ်ထဲကရွှေ၊ ငွေတွေထက် ပိုတန် ကြေးရှိတာကို ၊သူတို့မယုံကြည်ကြလို့လား ။ ရိုးသား ရခြင်းက တစ်ခါတလေတော့လည်း သံသယဖြစ်စရာကောင်းလှသည်။ ဘာမှ ပြောချင်စိတ်မရှိ ၊ဥပေက္ခာပြုလိုက်သည်။ ပြီးတော့ လောဘ ညှိစော်နံ သည့် အဲ့ဒီနေရာကို ကျောခိုင်းလိုက်သည်။

"ကောင်လေး တစ်ခုခုစားသွားဦးလေ"

ပိုက်ဆံအိတ်ပိုင်ရှင် ဦးလေးကြီးက ခေတ္တမှင်သက်နေရာမှ အခုမှ ပြန်သတိလည်လာပုံမျိုး ဖြင့် လောကွတ်ချော်၏။ အတုလိုလို စစ်သယောင်ယောင် မကွဲမပြား တွေ ရယ်။ ပြီး . . .

"အာ. . .ရော့ မင်းအတွက်ယူသွားလေ၊"

ခြင်္သေ့တစ်အုပ်ကမ်း သည်မျက်နှာက အခုမှ ပုစ္ဆာအဖြေရသွား သော ကျောင်းသား တစ်ယောက်လို ဝင်းလက်ချိုရိကာ အဆီပြန် နေသည်။

ရိုးစင် သူ့မျက်လုံးတွေကို ဆိုင်ကြည့်ပစ်လိုက်သည်။ အဲ့ဒီအခါ ကျ လူကြီးကမျက်လွှာဝှက်ချသွားပြန်သည်။

"ရတယ်။ မလိုဘူး"

တီးတိုးသံတစ်ချို့ ရေပွက်ထသွားသည်။

စကားလုံးငါးလုံးလောက်သာ တုံ့ပြန်သုံး၍ ရိုးစင်ပွဲကို အဆုံး သတ်လိုက်သည်။ စားပွဲတစ်ချို့ဖြတ်သန်းသွားရာတွင် စကားလုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတော့ အမှတ်မထင်ကြားလိုက်ရသေးသည်။ 'ငတုံး'။ ရိုးစင် တို့ဟာ ၂၁ရာစုရဲ့ ရိုးသားမှုပြဇာတ်ကို လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ လောဘသားတွေနဲ့ ဇာတ်တိုက် နေကြသလိုပဲ။ အရာ အားလုံးဟာ ညီဟောက်လျက်။ ကားပေါ်တက်ကာ မောင်းထွက်လာတော့မှ ဟာနေ သောဝမ်းအတွက် နာကျင်သွားရပြန်သည်။ အကယ်၍ သူသာ ဟိုခြသေ့်အုပ်ကို ယူခဲ့လျှင် အိုး . . . အဲ့ဒီ အခါကျရင် ဗိုက်ဆာတော့မှာ မဟုတ်ဘူး။ သိက္ခာပဲ ဆာတော့မှာ၊ အခုဗိုက်ဆာတဲ့ဘဝပဲ ကောင်းပါ တယ်။

ဒီနေ့အတွက် အငှားကားမောင်းရသည်မှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ အုံနာခပင်မရ ။ အပြင်ကိုကြည့်လိုက်တော့ နေရောင် က တစ်လောက လုံးကိုကျဲပက်လွှန်ထားပုံဖြင့် လက်လက်ထ အပူရောင် ထနေသည်။ ကားထပ် ဆွဲရမှာပင် ရိုးစင်ကျောတွန့် သွားမိ ပါသည်။ အဲ့သည်တော့လည်း မထိလိုက်ရသည့် ခြသေ့်အုပ်ကလေးက မျက်စိထဲ ပြန်ဝင်ရောက်လာပြန်သည်။

ရိုးသားတာဟာကောင်းသေးရဲ့လား။ ကျေးဇူးပြုပြီးကောင်း တယ်လို့ပဲ ပြောပေးကြစမ်းပါဗျာ။ အမေက ကျွန်တော့်ကို ရိုးသားဖြူစင် လွန်းပါစေရယ်လို့ ရည်ရွယ်ပြီး 'ရိုးစင်' လို့ အမည်ပေးခဲ့တာပါ။ ကျွန်တော် ကိုယ်တိုင်လည်း ဒီနာမည်ရဲ့ ရိုးဂုဏ်ကို ထိန်းသိမ်းဖို့ ကိုယ်ကျင့် တရားကို ပဲခံတပ်ခိုင်စေခဲ့တယ်။ဒါကြောင့်လည်း တစ်ချို့

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ 'ရှုးလောက် အောင်ကို ရှုးတယ်ဆိုတဲ့ အပြောကို လက်ခံရရှိခဲ့တာပေါ့။ အဲ့ဒီလိုလူစား ကျွန်တော်ကလိမ်ညာလုည့် စားခြင်းနဲ့ အရှုးလုပ်တမ်းကစားရတဲ့ ကစားပွဲတခုထဲ ဝင်ပါရလိမ့်မယ်လို့ အိမ်မက်တောင် မမက်ခဲ့ဖူးပါဘူး။

ဟော့ . . . ရှေ့မှာအဒေါ်ကြီးတစ်ယောက်။

"ကျွီ"

"ဘယ်သွားမလို့လဲအန်တီ"

"အင်းစိန်ပါသား"

"၂၀၀၀ပါ"

"၁၀၀၀ ပဲထားပါသားရယ် ဒီနေ့ ဈေးရောင်း တကယ်မကောင်းလို့ပါ၊ ဒီမှာကြည့်"

အဒေါ်ကြီးက ထမီထဲလိပ်ထည့်ထားသော ပိုက်ဆံခေါက်ကို သူ့အား ပြလိုက်လျှင် . . . မျက်နှာလွှဲလိုက်ရသည်။ စောစောက စိတ်ရှုပ်သမျှ မရခဲ့သော အနံ့တစ်မျိုးကလည်း ကားထဲ တွင်ပိုဝေ့လာသည်။ ငါးညှီနံ့။ ရတ်တရက် အတော်နေမကောင်း ဖြစ်လားလို့ပါသားရယ်ဟုခခယယပြောဆိုရင်း ခေါင်းပေါ်က ပုဆိုး ပတ်စကို ဖြေကာ နဖူးပေါ်မှ တရစပ်စီးကျနေသော ချွေးစေးများကို သုတ်ဖယ်နေသော ငါးသည်အဒေါ်ကြီး။သည်လိုဖြစ်ရပ်မျိုးက ရိုးစင် အတွက် ရိုးနေပါပြီ။ တကယ် အကူအညီ လို၍ တကယ်လျှော့ပေးလိုက် ရသည့် လူတွေ၊

www.burmeseclassic.com



သလို၊ရှိပါလျက် မရှိဟန်ဆောင်ကာ ကျောက်ခဲ ရေညှစ်တတ်သည့် လူအတ္တတွေကိုလည်း မထိုက်တန်ဘူးထင်၍ လျှော့ပေးခဲ့ပေါင်းများပြီ။ သည်သို့သော ဖြစ်ရပ်များနှင့် ရိုးစင်သည် အများတကာအဆင်ပြေပျော်ရွှင်ကြသည့် အငှားကားသမားဘဝ ကိုစွန့်လွှတ်၍ ရုံးတစ်ရုံးတွင်သာမန် staff တစ်ယောက်အဖြစ် ရိုးရိုးသားသား ရှင်သန်ရန် ရွေးချယ်ခဲ့လေသည်။ထိုရွေးချယ်မှုက မရိုးသားခြင်း၊ လိမ်လည်လှည့်ဖြားခြင်းနှင့်အရှုံးလုပ်ခြင်းသာ ညီမျှခြင်းချရသည့် ကစားပွဲတစ်ခုတွင် Player တစ်ယောက် အဖြစ်ပါဝင်စေရလိမ့်မည်ဟု ထိုစဉ်က အိမ်မက်တောင် မမက်ခဲ့ဖူးချေ။

◆ ◆ ◆

"ရိုးစင်ရေ မင်း email စစ်ဦးလို့ MD ကမှာလိုက်တယ်ဟေ့"

Receptionမှလှမ်းအော်လိုက်သော အောင်အောင်၏ အသံပြကြီးကြောင့် departmentထဲမှ ကောင်မလေးအချို့ပင် ရိုးစင်အား လည်ပြန်ကြည့်ကြလေသည်။

"ဟေ့ကောင်. . .ရှူး . . .တိုး . . .တိုး . . ."

ဟန့်လိုက်တော့မှ ဒီကောင်က ဟီးဟီးဟားဟားဖြင့် ထွက်သွားတော့သည်။ တကယ်တော့ သူ့ကျေးဇူးဖြင့် ဤကုမ္ပဏီတွင် ရိုးစင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရခဲ့ခြင်းဖြစ်သည်။ Taxi Driver ဘဝမှအလုပ်လက်မဲ့ဖြစ်ကာ ဘဝပျက်နေသော ရိုးစင်အား အောင်အောင်က မကြည့်ရက်၍ ကယ်မခဲ့သည်။ သည်ကုမ္ပဏီတွင် အလုပ်စတင်သည်ကလည်း ၂လ သာရှိပါသေးသည်။ လုပ်ငန်းကိုင်ငန်း နားမလည်သော ရိုးစင်အား အောင်အောင်က ဟိုသတိပေး ဒီသတိပေးဖြင့် Senior ကြီးနေရာမှာ ခုလဲသူက မေးလ် စစ်ဦးဆိုတော့ စစ်ရမှာပေါ့လေ။

Mailထဲဝင်ပြီး MD emailဖတ်ပြီးမှ ထူးခြားမှုရှိသော email တစ်စောင် ကိုတွေ့လိုက်ရသည်။ spam mailများလားမသိ။ Subject Fool Game Sender က ဘယ်သူလဲ။ ဘယ်သူပို့တာလဲ။ ဝင်ဖတ်ကြည့် ဦးမှ။ သြော် . . . jpeg ပုံပဲ။ downloadကလည်းကြာလိုက်တာ။

♠ Fool Gameတွင်ပါဝင် ကစားမည်ဟု ဆုံးဖြတ်ပြီးမှ ဤ email ရရှိပြီး နာရီဝက်အတွင်း သင်ထံရောက်လာမည့် ပါဆယ်ပုံးကို ဖွင့်ကြည့်ပါ။

♠ FGG မှပေးပို့သော email (ဖိတ်ကြားစာ)ရရှိပြီးနာရီဝက်အတွင်း ငွေသား ပါဆယ်ထုပ်(သို့မဟုတ်)အဖိုးတန်ရတနာပါဆယ်ထုပ်အား လက်ခံရရှိမည် ဖြစ်ပြီး အဆိုပါငွေနှင့် ပစ္စည်းအား ဂိမ်းကစားစဉ် ကာလ တစ်လတာအတွင်း လုံးဝအသုံးပြုခြင်းမရှိဘဲ Playerက ထိန်းသိမ်းနိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



- Fool Game Group မှ Player

နှစ်ဦးစလုံးထံသို့တန်ဖိုးညီငွေကြေး/ပစ္စည်း ဝေစုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပေးထားမည်ဖြစ်သည်။

- သင် winner(နိုင်သူ) ဖြစ်လိုလျှင်

ပြိုင်ဘက်ထံမှဝေစုကို အရှုံးလုပ်ရယူကာ အောင်ပွဲခံနိုင်သည်။ ဆုကြေး အဖြစ် ကျွန်ုပ်တို့မှသင့်ထံ တစ်လတာအပ်နှံခဲ့သော ငွေ/ပစ္စည်းအား ချီးမြှင့်ခံရမည် ဖြစ်သည်။

- ဆုကြေးအားတစ်စုံတစ်ဦးထံ လွှဲပြောင်းခြင်းမပြုရ။

လွှဲပြောင်းပေးပါက ဆုကြေးအတိုင်းပေးလျော်ရမည်။

- သင်Loser (ရှုံးသူ)ဖြစ်လိုလျှင်

ပြိုင်ဘက်၏ လှည့်ဖြားခြင်းခံရပြီးFGGမှ သင့်ထံအပ်နှံထားသော ငွေ/ပစ္စည်းအားလိမ်လည်ခံရပါက သင်ဖျောက်ပစ်လိုက်သော ငွေ/ပစ္စည်း တန်ဖိုးအတိုင်းဂိမ်းအဆုံးတွင် လျော်ပေးရမည်ဖြစ်သည်။ လျော်ကြေးအား တစ်လတာ ရွှေ့ဆိုင်းခွင့်ပြုသည်။

- ဂိမ်းပြီးဆုံးမည့်အချိန်

ဤဖိတ်စာအားသင်ရရှိပြီးတစ်လပြည့်သည့်နေ့ ဧပြီလ(၃၀)ရက်နေ့ တွင် ပြိုင်ပွဲပြီးဆုံးမည်ဖြစ်သည်။ ပြိုင်ပွဲပြီးဆုံးမည့်နေ့ အချိန်နေရာ အတိအကျအားFGG မှအသေးစိတ်ထပ်မံ အကြောင်းကြား သွားမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- သင့်လက်ထဲမှငွေသည်
- သင့်ကိုယ်ပိုင်ဖြစ်မလား။
- သင့်ကြွေးမြီဖြစ်မလား။
- သင်၏ရွေးချယ်မှု၊ဆုံးဖြတ်မှုပင်။
- သင်ဘယ်သူ့ကိုယုံမလဲ ဘာကြောင့်ယုံရမှာလဲ။

**Fool Game Group**

**(FGG)**

ရိုးစင်သည်ရှေ့မှ စာသားများကိုအကြောင်သား ဖတ်နေရင်းမှာပင် "ရိုးစင်ရေ . . .မင်းအတွက် Reception မှာပါဆယ် တစ်ထုပ်ရောက်ပြန်ပြီဟ။ မင်းကတော့ ဒီနေ့ မင်းသားပဲနော် ဟီ. . . ဟီ"

အသံပြာကြီးဖြင့်ထပ်မံနောက်ပြောင်နေသော အောင်အောင်ကြောင့် အပျိုမလေးများ၏မျက်လွှာများ ခပ်ဝဲဝဲချကုန်၏။ ဒင်းကတော့ သူ့ ငှက်ဆိုးထိုးသံကြီးနဲ့ တစ်နေ့လုံးနှိပ်စက်မယ့်ပုံပဲ။

Counter ဆီရောက်တော့သူ့နာမည်နှင့် စက္ကူပုံးတစ်ပုံးကို တွေ့လိုက်ရသည်။ သူ့ရင်တွေ ဖြတ်ကနည်း ခုန်ပျံသွားသည်။ email။ စောစောလေးကတင် ဖတ်ခဲ့သည့် email ။တိုက်ဆိုင်မှုလား။ တကယ်လား။

"ဘယ်သူပေးသွားတာလဲဗျ "ပုံးတွင် ဘာမှရေးမထား။

"ကိုရိုးစင် မိတ်ဆွေလို့ ပြောသွားပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရိုးစင်က ဒါကို မျှော်နေတာလို့လည်း ပြောသွားပါတယ်"

Reception မလေးကသဘောရိုးဖြင့် ပြောဟန်တူသော်လည်း သူမနေတတ်သလို ဖြစ်သွားသည်။ ရင်ခုန်သံတွေကလည်း ဖရိုဖရဲ။

"ဟဲ . . ဒီလိုပါပဲ။ ကျွန်တော့် သူငယ်ချင်းတွေက လူနောက်တွေ"

"အံမယ် . . .ကိုရိုးစင်က အိလေးတို့ကိုမကျွေးချင်လို့လား"

"မဟုတ်ပါဘူးဗျ"

"ဒါဆိုအဲ့လောက်ကြီးတဲ့မုန့်ပုံးထဲက နည်းနည်းလောက်ကျွေးပါ" စပ်စုတတ်သောကောင်မလေးနဲ့တော့ ခက်လှချည်ရဲ့။ သူမက ဒီလိုတောင်း ဆိုလျှင်Reception တွင်အလုပ်ရှုပ်နေသူတွေက ရိုးစင်ကို သတိထားမိကြမည်။ ပုံးကိုကျစ်ကျစ်မြည်အောင်ကိုင်ရင်း စက္ကူပုံးကို ပိုက်လျက်Toiletထဲ သို့ဝင်ပြေးတော့သည်။ Receptionမှ မဒီလေးအချို့ တီးတိုးတီးတိုးသဖန်း ထိုးရင်း ကျန်ခဲ့သည်။

Toilet အခန်းငယ်ထဲသို့ရောက်လျှင် . . .

ရိုးစင်တို့ရုံး၏ အမျိုးသားအိမ်သာမှာ ဘိုထိုင် ၄ခန်း စတိုင်ဖြစ်သည်။ အမိုးတွေလွတ်၊ ခြေထောက်တွေ လွတ်မို့လုံခြုံမှုတော့မရှိပါ။ သို့ပေမယ့် လောလောဆယ် Toilet ထဲတွင် ဘယ်သူမှ မရှိသည့်အားသာချက်ရှိသည်။

နောက်ဆုံး အခန်းလွတ်ထဲတွင် ကပျာကယာဝင်လိုက်ပြီး အခန်းကို ဂျက်သေသေချာချာ ထိုးလိုက်သည်။ ထို့နောက်အနွက်

www.burmeseclassic.com

www.burmeseclassic.com



အဖုံးကိုချ၍ အဖုံးပေါ်တွင်ခွထိုင်ရင်း စက္ကူထုပ်ကြီးကို ပေါင်ပေါ် တင်ကာပိတ်ထားသောတိပ်သားများကို တစ်ရစ်ချင်းခွာချ နေတော့သည်။

ဘုရား...ဘုရား...လေးပုံကတော့ တကယ့်ငွေတွေ အတိုင်း ငါဘာယ်လိုလုပ်ရမလဲ။ မယုံမရဲ...။ သို့သော်ဘာကို မျှော်လင့်မိမှန်းလဲ မသိ နောက်ဆုံး တိပ်သားကိုဖယ်ခွာချိန်တွင် သူ့လက်တွေ တဆတ်ဆတ် ကတုန်ကယင် ဖြစ်မိလာသည်။

ငါ...ငါ...သူဌေး ဖြစ်တော့မှာလား။

'သျှိ'

တိပ်စကတော့ လုံးဝဖယ်ခွာသွားပါပြီ။

စက္ကူပုံးစ ၂ဘက် ကိုခွဲ၍ အထဲသို့ကြည့်လိုက်လျှင် ....။

အနီရောင်တွေ...ဆင်တွေ...။

လှလိုက်တာ။

ဒီကောင်တွေဘယ်နှစ်ကောင်ရှိမလဲ။

စက္ကူပုံးထဲမှာ သပ်သပ်ရပ်ရပ် 'က'နေလိုက်ကြတာ။

သိန်းဆုဆိုတာတွေက ဒီလိုမျိုးလေးသတဲ့လား။

ရိုးစင်လည်းလှသားပါ။

အခက်အခဲတွေကြားက ရိုးသားမှုကိုပဲ အဖန်တလဲလဲရွေးချယ် ခဲ့တဲ့ ကောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နာမကျန်း၍ ဆေးရုံတက်နေတဲ့ အမေ့ကိုတောင် မကယ်ဆယ်၊ မထောက်ပံ့နိုင်အောင် မိုက်မိုက်ရိုင်းရိုင်း ရိုးသားခဲ့တာမဟုတ်လား။ သားလိမ္မာ Taxi သမားဘဝကို ခပ်ကော့ကော့လျှောက်ရမယ့်အစား ရိုးသားမှုကိုပဲ ဈေးပေါပေါနဲ့ လိုက်ရောင်းနေတဲ့သာမန် Staff ဘဝ ကိုပဲ ရွေးချယ်ခဲ့တာ မဟုတ်လား။

အနီရောင် ဆင်တွေကို ကြည့်ပြီး သူ့အာရုံတွေ ထုံထိုင်းသွား သလို ယောင်တိယောင်ချာဖြင့် ပိုက်ဆံထုပ်တစ်ထုပ်ဆွဲကာ 'ရေ'နေ ပါသည်။

'၂၀''၃၀''၄၀၀''၅၀၀' '၇၀၀''၁၀၀၀'

ဒီငွေပမာဏနဲ့ဆိုရင် အမေ့ကိုအကောင်းဆုံး ဆေးရုံကြီးမှာ အကောင်းဆုံးကုသမှုတွေနဲ့ထားနိုင်ပြီ။ အို . . .ရှုပ်ပါတယ်။ နိုင်ငံခြား ထွက်ကုမယ်။ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ အသည်းရှိရှိသမျှ ရောဂါတွေ အကုန်ကုပစ်လိုက်မယ် ဟား . . .ဟား . . .ဟား . . ဆေးရုံမှာတင် အဲကွန်း စလောင်းနဲ့ ရိုးစင်တို့လူနာစောင့်ဖြစ်တောင် ဖိမ်ကျနေဦးမှာ မြင်ယောင်မိသေး ။

ဟင် . . .ဒီလိုလုပ်လို့ရောဖြစ်ရဲ့လား။

ဒါတွေကသူများငွေတွေ။

ဘယ်သူ့ပိုက်ဆံတွေလဲမသိ ငါသူများငွေတွေကို တပ်မက်နေ တာလား။ တော်ကြာရာဇဝတ်မှုတစ်ခုခုကနေ . . . .။

www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . .ဘုရား . . .ရာဇဝတ်မှုမြောက်ရင် ဘယ်လိုလုပ်ရမလဲ။ သူပိုက်ဆံထုပ်ကိုအကြောင်သားငေးမိပြန်သည်။ ပိုက်ဆံထုပ်အောက်ခြေ တွင်တော့ အမဲရောင်ကတ်ထူကတ်ပြားလေးတစ်ခုက ပြူတစ်ပြူတစ် ဖြစ်နေသည်။ ဆွဲယူကြည့်လိုက်တော့ 'Warning' ဆိုသော ခေါင်းစဉ်အောက်မှာ စာသားများ ရေးသားထား၏။

အပြည့်အစုံမှာ . . .

Warning!

Fool Game တွင် ပါဝင်သည့်အတွက် အထူးကျေးဇူးတင်ပါသည်။ ဤပိုက်ဆံများကို တွေ့လိုက်ခြင်းသည် Fool Game တွင်ပါဝင်ကစားရန်သဘောတူညီခြင်းဖြစ်ပြီး မည်သည့်အကြောင်းကြောင်းမျှ ပွဲအတွင်းမှ နုတ်ထွက်ခွင့်မရှိ။ ပွဲပြီးသည်အထိကစားရမည်။ သင့်လက်ထဲရှိငွေသား သိန်းတစ်ထောင်အား စောင့်ကြပ်ခြင်းဖြင့်

Player 1 Game Start!

Fool Game?

Fool Game Group?

ဘာဆိုဘာမှသူမသိ။

တစ်ယောက်ယောက်က စနောက်သည်ဆိုလျှင်လည်း ဒီလိုတကယ့် ငွေသိန်းတစ်ထောင်အစစ်နဲ့တော့ နောက်ပြောင်ခြင်း မဖြစ်တန်ရာ။ ပြီးတော့ ဒီလောက်ငွေတွေ အများကြီးရမှ လုပ်ဆောင်ရ

www.burmeseclassic.com

www.burmeseclassic.com



မည့်တစ်ခုတည်းသောအရာကလည်း ပြိုင်ဘက်ငွေကို အရှုံးလုပ် ယူနိုင်ဖို့သာ။

Warning ကတ်၏ အနောက်ဘက်တွင်တော့ ကျွန်ုပ်တို့ပေးသော ငွေများသာဖြစ်၍ တစ်ဦးနှင့်တစ်ဦးလုညှ့်စားရယူခြင်းအားတရားမျှ တသည်ဟုသတ်မှတ်သည်။ Player1 . . .ကိုရိုးစင်– No. 44410၊ သို့ဆိုလျှင် ပြိုင်ပွဲအစတွင်ပင် ပြိုင်ပွဲဝင် ၂ ဦးစလုံးကို ငွေသိန်းတစ်ထောင်စီ ကြိုပို့ထားပုံပင်။ တစ်လပြည့်၍အရှုံး အနိုင်ပေါ်သည်နှင့် FGGမှ ကိုယ်စားလှယ် ၂ဦး စေလွှတ်၍ FGGမှပေးထားသော ငွေများအား ပြန်လည်ပေးအပ် ရမည်ဖြစ်ပြီး နိုင်သူအား နိုင်ကြေး တောင်းရမည်ဖြစ်ပြီး ရှုံးသူက ကြွေးတောင်းခံပြီး ပေးဆပ်ရမည်ဖြစ်သည်။

တစ်ဖက်က ငါ့ဆီကသိန်းတစ်ထောင်ဘတ်သွားရင် . . .

ငါတော့ ကြွေးသိန်းတစ်ထောင်နဲ့ ဘဝပျက်တော့မှာပဲ။ ဒီလောက်များတဲ့ငွေတွေကို ရှာလို့တောင် မတက်တာ ငါဘယ်လိုပြန်ဆပ်ရပါ့မလဲ။

ငါနိုင်ရင်တော့ အမေ့ကို ကောင်းကောင်းထားနိုင်ပြီ ဘာလုပ်သင့်သလဲ ဘာလုပ်ရမလဲ။

သူသည် ထိုရွှေဥဥနေသော သိန်းတစ်ထောင်ပုံကြီးကို ရင်တထိတ်ထိတ် ဖြင့်အိမ်သို့ သယ်ချလာခဲ့သည်။ Taxiဖိုးတောင်ပုံးထဲကငွေဖြင့် မရှင်းရဲ၊ တော်ကြာ ပိုက်ဆံနံပါတ်တွေ မှတ်ထားမှလျော်နေရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



Taxi ပေါ်ကဆင်းသည်နှင့် အတွင်းခန်းထဲသို့ပြေးဝင်၍ ရှိသမျှ တံခါးနှင့် ပြတင်းပေါက်များ အားလုံးကိုဂျက်ချပိတ်လိုက်တော့သည်။ အားလုံးကို လုံလုံခြုံခြုံပိတ်ပြီးကာမှ အခန်းထောင့် တစ်နေရာတွင် ထိုင်ချလိုက်တော့သည်။

ဖူး . . .သိန်းတစ်ထောင်စက္ကူပုံးကိုလက်ခံရရှိချိန်မှစ၍ ထောင်းနမောင်း ထနေသောသူ့နှလုံးသား၊ ဇောချွေးများရွှဲရွှဲစိုနေသော သူ့ခန္ဓာကိုယ်၊ မိနစ်ပိုင်းအတွင်းမှာပင် သိန်းတစ်ထောင် သူဌေးဖြစ်သွားသော သူ့ကြမ္မာကို မယုံရဲသည့် သူ့စိတ်၊သူ့ခန္ဓာကိုယ်သည် ခြေပစ်လက် ပစ်ထိုင်နေသော်ငြား အာရုံတွေအားလုံး လျှောင်လှုပ်နေသည်။ ရိုးသားမှု ဟူသည်ကို ယုံကြည်ထားသော ရိုးစင်သည် ဘယ်သူ့ကို ပြန်ပေးရမှန်း မသိသည့် ဘယ်ကပေါ်လာမှန်း မသိသော အဖြူရောင် စက္ကူပုံးထဲက ဆင်တွေကို ကြည့်ရင်း . . .ကြည့်ရင်း ကြည့်ရင်း . . .အချိန်ဘယ် လောက် ကုန်သွားမှန်းမသိ။ ခေါင်းထဲတွင် လက်ကနည်း ထဖြစ်သွား ၏။ တစ်ယောက်ယောက်ကိုတော့ တိုင်ပင်မှဖြစ်မည်။ အောင်အောင်က လည်း ပြောင်ချော်ချော်နှင့်လုံးဝမဖြစ်။ သူဖွ၍ ကိုယ်ပါအချုပ်ထဲမြန်း သွားရနိုင်သည်။ အရင်းနှီးဆုံးသူငယ်ချင်း ၃၊၄ ယောက်ကလည်း လုပ်ငန်းခွင်ထဲမှာချည်း။ သေချာသည်ကသူ့တွင် တိုင်ပင်စရာ အနီးကပ် ဆုံး သူဟူ၍ တစ်ဦးတည်းသာရှိပါသည်။ ထိုသူကတော့ အမေ။ အဖေဆုံး ပြီးနောက် အမေနှင့်သူနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း ဘဝမှာ အမေက သူ့မှာရောဂါရှိသည်ဟု သိသည်နှင့် သားကို ဝန်မပိုစေလို၍ ရိပ်သာတွင်သာ နေထိုင်ခဲ့ရှာသည်။ တစ်ဦးတည်း သော သားတော်မောင်က အမေဖြစ်သူကို ဆေးရုံတက် ကာ ခွဲစိတ် ပေးနိုင်သည့် အင်အားမရှိမှန်း အစောကြီးကတည်းက အမေရိပ်မိ သိရှိရှာပါသည်။

"အမေဘာမှမဖြစ်ပါဘူးသားရယ်...တရားရိပ်ပဲခိုချင်တော့ တယ်" အဲသလိုလေးသာပြောပြီး ယောဂီရောင် တဘက်လေးဖြင့် သူ့အား နှုတ်ဆက်သွားသော အိုမင်းနေသည့် အမေ့ကျောကို ကြည့် ရင်း သူအံကြိတ်ခဲ့ရ ဖူးသည်။ အခုသူ့ရှေ့မှာရောက်နေသည့်စက္ကူပုံးကို အမေ တွေ့သွားလျှင် ဘာပြောမည်နည်း။

သေချာသည်က ရိုးစင်ထက် ရိုးသော အမေသည် ပိုက်ဆံတွေ ကိုမြင်သည်နှင့် သားအတွက် ပူပန်သွားမည်မှာ လက်စတ်မလွဲ။ အေးချမ်းလို၍ တရားရိပ်ခိုသွားသော အမေ့ကို အပူ မပေးလိုတော့ပါ။ သို့သော် ဘာလုပ်ရမှန်းမသိသော ရိုးစင်သည် စက္ကူဖုံးကို ကုတင် အောက်တွင် ဖွက်၍ အမေ့ဆီသို့ ထွက်ချလာခဲ့သည်။

"အမေရေ ... နေကောင်းရဲ့လားဗျို့"

သရက်ပင်အောက်က သစ်သားခုံလေးတွင် ပုတီးစိပ်နေသည့် အမေက အပြုံးနွမ်းနွမ်းဖြင့် သူ့အား ကြိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေနား သူထိုင်လိုက်မှ နဂိုထက် ပိုမိုပိန်ကျသွားသော အမေ့ရုပ်ရည်ကို သတိထားမိသွားသည်။

'လူဆိုတာကံရှိသလောက်ပေါ့ သားရယ် စိတ်မကောင်းတာက ငါ့သားကိုအမေက ပြည့်စုံအောင် မထားနိုင်တာပဲ။ သားကို Taxi လေး တစ်စီးတော့ ဝယ်ပေးချင်ခဲ့တာ . . .'

သားဝမ်းတွင်းထဲတွင် ဘာရှိနေသည်ကို မွေးသမိခင်က သိရှာ့ထင်။ ယောကျာ်းကြီးတန်မဲ့ သူ မျက်ရည်တွေ သိုင်းဖွဲ့လာ၏။ ကျွန်တော်အမေ့ကိုရအောင်ကယ်မှာ။ သည်တခါတော့ကျွန်တော် အမေ့ကို ရအောင်ကယ်မှာ၊ ကယ်တော့မှာပါ။ နှုတ်ဖျားမှ မထွက်ပဲ နှလုံးသားကသာ ကြိတ်ဆိုစကား။ မေးကြောကြီးများထအောင် အံကြိတ်လိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်သည်။ အမေ့ကို ဟိုဂိမ်းအကြောင်း အသိမပေးတော့။ အိမ်မှာဖွက်သည့် စက္ကူပုံး အကြောင်းလည်းမတိုင်ပင်တော့။ သူအမေ့ကို နှုတ်ဆက်ကာ 'ထ'ထွက်ခဲ့သည်။ ခုတော့ သူ ဘာလုပ်ရမည်ဆိုသည်ကို တရေးရေး နားလည်လာခဲ့ပြီ။

သူ ... ဟို ...ငွေ ... တွေကို အမှန်တကယ် လိုအပ်နေသည်။ ဘဝမှာ ပထမဆုံးဖြစ်သည့် လောဘက လေချဉ်တစ်ခုလို သူ့နှလုံး သား ထက်သို့ ဆန်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြန်ပြုံးလိုက်သည်။

ဒါ ... ခိုးတာမဟုတ်ဘူး။လိမ်တာလည်းမဟုတ်ဘူး။ ကိုယ်မသိတဲ့ လူတစ်ယောက်ကို အရှုံးလုပ်ရုံလေးပါ။

နောက်တစ်နေ့နံနက် . . .။

MD၏ အခန်းထဲသို့ meeting minutes သွားပို့စဉ်ဝယ် အတွေ့အကြုံ ကျွမ်းကျင်နှံ့စပ်လှသော MD ဦးတင်မောင်လှကို ကြည့်ရင်း သူအဖြစ်အတွက် တိုင်ပင်ချင်လာသည်။စာရွက်ကို စားပွဲပေါ်သို့ ရိုကျိုးစွာတင်ရင်း လေသံကို အနိမ့်ဆုံးသို့ လျှော့ချကာ . . .

"ဆရာ ... ကျွန်တော် ... တစ်ခုလောက် တိုင်ပင်ချင်လို့ပါ

ဆရာနဲ့မှမတိုင်ပင်ရရင်ကျွန်တော် ဘဝပျက်သွားနိုင်လို့ပါ။"

ကွန်ပျူတာမော်နီတာဆီမှ MDမျက်လုံးများက ရိုးစင်ပေါ်သို့ စိုက်ကျလာသည်။ ပြီး ...

"ဆိုလေ ... ချာတိတ်"

မျက်မှန်အောက်ကအကြည့်တွေကနွေးထွေးရင်းနှီးမှုအပြည့်။

ရိုးစင် အားတက်သွားသည်။

တံတွေးတစ်ချက် မြိုချလိုက်ပြီး ...

"ဒီလိုပါဆရာ... မနေ့ကကျွန်တော့်ဆီ email တစ်စောင်ရောက်ပါတယ်။ အဲဒီမေးလ်က ကစားပွဲတစ်ခုရဲ့player တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရွေးချယ်ခံရကြောင်း အသိပေးတာဖြစ်ပြီး မေးလ်ရတဲ့ အချိန်ပိုင်း အတွင်းမှာပဲ မေးလ်ထဲမှာပါတဲ့အတိုင်း ငွေကြေးလည်း ပါဆယ်အဖြစ် ရခဲ့ပါတယ်။"

"MD မျက်ခုံးတွေထောင် တက်သွားသည်။"

"wow...အဆန်းပဲဟ...။ ဆက်စမ်းပါဦး"

"ဂိမ်းရဲ့လိုရင်းကတော့ ဆရာရယ်... သူတို့က player ၂ယောက်ရွေးထား ပြီး၂ယောက်လုံးကို တန်ဖိုးတူ ငွေကြေးပေး ထားမယ်။ အရေးကြီးတာက ပွဲအဆုံးမှာ winner ဖြစ်ဖို့ပဲ။ winner ဖြစ်ဖို့ကတော့ ပြိုင်ဘက်လက်ထဲက ငွေကို နိုက်ယူ ရမယ် ဆရာ။ အဲဒီလိုလုပ်ရမှာ ကိုယ်ရတဲ့ဝေစုငွေကိုလည်း ဆက် ထိန်းသိမ်းထား ရဦးမယ်"

"အိုကေ ... သဘောပေါက်ပြီ။ လိုရင်းကတော့ ဝေစုနှစ်ပုံး လုံးကို ထိန်းထား နိုင်တဲ့ player က winner အဲဒီလို မှတ်လား"

"ဆရာကဆရာပါပဲ။ ဒါကြောင့်လည်း ကျွန်တော်က ဆရာ တစ်ယောက်တည်းကိုပဲ တိုင်ပင်တာပါ"

MD မျက်ဝန်းတွေအရောင် တစ်မျိုးဖြတ်သန်းသွား၏။

"ပို့လိုက်တဲ့ငွေကဘယ်လောက်လဲ၊ ပိုက်ဆံအစစ်တွေ ဟုတ်ရဲ့ လား"

www.burmeseclassic.com

www.burmeseclassic.com



ရိုးစင် အဖြေရခက်သွားသည်။ MDကို ဘယ်အတိုင်းအတာထိ ယုံရမလဲ မှန်းဆမရ။

"ဆယ်သိန်းပါ"

မယုတ်မလွန်သာဆိုလိုက်သည်။

"ဟ ဟ ဟ ၁၀ ပေး၂၀ ပါမှာပေါ့"

MDက အသံထွက်အောင် ရယ်လိုက်ရင်း . . .ရိုးစင်အား ပိဘိကလေးငယ် တစ်ဦးသဖွယ် ကြည့်၏။

"အခုတလော ဒီလို mailမျိုးတွေက ခေတ်စားတယ်ကွာ။ ဒါပေမယ့်လည်း မင်းလိုချင်တဲ့ အဖြေကို ငါပေးနိုင်ပါတယ်။ ငါ့ကို အရမ်းမျှော်လင့်ထားတဲ့ မင်းကို ငါကလည်း လေးစားရမှာပေါ့။"

"ကျေးဇူးပါ ဆရာ"

"ဆိုလိုတာက မင်းမသိတဲ့ လူတစ်ယောက်ရဲ့ ဘာမှန်းမသိတဲ့ ပိုက်ဆံကို မင်း ထိန်းသိမ်းထားရတယ်ပေါ့။"

"ဟုတ်ကဲ့"

"ပေးထားတဲ့ ငွေထဲကလည်း တစ်ရွက်တောင် သုံးခွင့်မရှိဘူး"

"ဟုတ်ကဲ့ . ပွဲပြီးတဲ့အထိ ဒီတစ်လအတွင်းပါ။"

"အင်း . . .တရားဥပဒေနဲ့ ဘယ်လိုပြောရပါ့။ "

"အာ . . .ဟုတ်ပြီဆရာ ဒီငွေတွေကို ကျွန်တော်ဆိုင်ရာကို သွားအပ် လိုက်ရင်ရော . . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတော့စည်းမျဉ်းအရ တစ်လပြည့်ရင် အဲ့ဒီပိုက်ဆံတွေ ပြန်အပ်ရမယ်ဆို။ မင်းအဲ့ဒီပိုက်ဆံကို တစ်ယောက်ယောက်ကို အပ်လိုက်ရင် အဲ့ဒီအချိန်ကျ ဘာပြန်ဆပ်မလဲ။

ဒီကိစ္စဟာ ထောင်ချောက်ပဲ ရိုးစင်ရ။ မင်းသာ အဲ့လို လုပ်လိုက်ရင်တော့ သူတို့ဖြစ်စေချင်တဲ့အတိုင်း လုပ်ပေးသလိုများ ဖြစ်နေမလားမသိ။ မင်းပါးနပ်မှဖြစ်မယ်"

"ဗျာ"။

ကိစ္စက မထင်မှတ်လောက်အောင် ခက်ခဲနက်နဲ နေလေပြီ။

"ဒီလိုကွာ မင်းက သက်ဆိုင်ရာကို ကျွန်တော် ဒီငွေတွေ ကောက်ရလို့ပါဆိုပြီးသွားအပ်မယ်။ ဆိုင်ရာကလည်း ထိန်းထားမယ်။ဒါပေမယ့် မင်းကောက်ရတဲ့ ပိုက်ဆံရဲ့ ပိုင်ရှင်က အမှုလာမဖွင့်ဘူးကွာ။ အဲ့ဒီအခါကျ အဲ့ဒီငွေတွေကိုလည်း မင်းပြန်ကိုင်လို့မရ။ အချိန်တန်ရင် ဟိုကိုယ်စားလှယ်ဆိုတာက တကယ် လာသိမ်းရင်လည်း ပေးစရာက မရှိဆိုတော့ မင်းတော့ loser အဖြစ် တစ်သက်လုံး ကြွေးဆပ်ပေတော့ပဲ အတိုးပါ သတ်မှတ်မှာ သေချာနေမှာပဲလေ။ ဆယ်သိန်းဆိုတာ မင်းလိုကောင်မျိုးအတွက် ဆယ်နှစ်ဆပ်ရမယ်။ အတိုးပါတွက်မယ်ဆိုရင်တော့ ရိုးစင်ရေ မင်းအနှစ် ၂၀လောက် ကြွေးပြန်ဆပ်နေရမယ် ထင်တယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ "

သူဒုတိယအကြိမ် ထပ် 'ဗျာ'သွားပြန်သည်။

MD ချပြသည့်အတွေးကို သူဘယ်တုန်းကမှ မတွေးတတ်ခဲ့ချေ။

"အဲ့ဒီတော့ ကျွန်တော် ဘာလုပ် . . ."

"မင်းလုပ်နိုင်တာလုပ်ပေါ့ ချာတိတ်ရ။ တစ်လလောက်လေး ဒီငွေလေးကို ထိန်းသိမ်းတာများကွာ မင်းလုပ်နိုင်ပါတယ်။"

"ကျွန်တော်" . . .

"ကဲ . . .ရိုးစင်ရေ ဆရာလည်း အလုပ်လုပ်ဦးမယ်ကွာ။ မင်းပြော တာတွေ အဓိပ္ပာယ်မရှိပေမယ့် မင်းကိုတကယ့်ကို အချိန်ပေးခဲ့တာပါ။"

သူ အားနာသွားသည်။ ကိုယ် ကိုရိုကာ နောက်ဆုတ်ရင်း MDအခန်းထဲမှ ထွက်လာခဲ့သည်။

သို့သော်သူ့ခေါင်းထဲက အတွေးစ ကားမပြတ် ခြေလှမ်းကို ပြန်လှည့်ကာ MD တံခါးဝမှနေ၍ . . .

"တကယ်လို့ Player 2 က အဲ့ဒီ Fool Game Group ဆိုတဲ့ဘက်ကဆိုရင်ရော ဆရာ။ သူတို့ဟာ ထူးဆန်းတဲ့လိမ်နည်းနဲ့ ပိုက်ဆံလိုက် လိမ်တဲ့ လူတွေ ဖြစ်နေရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



မော်နီတာဆီမှ ဆရာ့မျက်လုံးက ရိုးစင်ဆီသို့ ပြန်လည်ကျရောက်လာ၏။ ဆရာကသက်ပြင်းကို ခပ်လေးလေးချ၏။ ခပ်နက်နက်တွေး၏။

"လိမ်တယ်" မင်းပြောသလို ဖြစ်နိုင်ချေ အတော်နည်းတယ်။ ငါတို့ ဒီကိစ္စကို ပြန်စဉ်းစားကြရအောင်။ သူတို့က မင်းနောက်ကြောင်းကိုသိမယ်ဆိုရင် ဘယ်သူက ပိုက်ဆံအစစ် ဆယ်သိန်းကို ပေးပြီးလိမ်မလဲ။ လိမ်တယ်ပဲ ထားပါဦး။ သူတို့ပေးတဲ့ ငွေဆယ်သိန်း အပြင်ခြူးတစ်ပြားတောင် ပိုမချမ်းသာတဲ့ မင်းလိုကောင် လက်ထဲ ခိုင်မာတဲ့ အကြောင်းမရှိဘဲနဲ့တော့ ဆယ်သိန်း ထည့်မပေးနိုင်ဘူး။

ဒါနဲ့. . .ရိုးစင်မင်းပိုက်ဆံတွေ တကယ်ရောရလို့လားကွာ။ ဒါမျိုးက လိမ်ဆင်ကွက်တွေ များတယ်နော်။ သတိထားဦး။"

MD အခန်းထဲကထွက်ပြီးကတည်းက ကွန်ပျူတာရှေ့တွင် အသေကောင်တစ်ကောင်လို ထိုင်းမှိုင်းနေမိသည်။ MDကိုယ်တိုင် ဝေခွဲမရဖြစ်နေပြီထင်သည်။ သူဘယ်သူ့ကို တိုင်ပင်ရဦးမည်နည်း။

သို့သော် Inboxထဲသို့ စာအသစ်တစ်စောင် ဝင်လာသည်ကို မြင်လိုက်ရချိန်တွင်တော့ သူ၏မျက်သားသေများ ပြန်လည်ရှင်သန်သွားတော့၏။

Sender - Fool Game Group

- Player 1

www.burmeseclassic.com

www.burmeseclassic.com



သင့်အား စောင့်ဆိုင်းစေရခြင်းအတွက် အထူးပင် ဝမ်းနည်းမိပါသည်။ Fool Game ၏ 1st Round အတွက်သင်၏ ပြိုင်ဘက် (Player 2) မှာ အောက်ပါပုဂ္ဂိုလ်ဖြစ်သည်။

-Player 2 ဒေါ်ပြုံးပြုံး–No. 04442

Name - Daw Phyone Phyone

Age - 45

NRC - 12/TAMANA (N) 100860

Address - . . .

| ပုံ |
|---|

ဘုရား . . .ဘုရား . . .ဆရာတပည့်ကိုများ ပြိုင်ဘက်တွေ အသွင်တွေ့စေခဲ့တာပါလား။

သို့သော် ရိုးစင် မကြောက်ပါ။ ဒေါ်ပြုံးပြုံးဆိုသည့် သူကရိုးစင်တို့ အလက ကျောင်းတွင် ဖြောင့်မတ်မှုအရှိဆုံး ဆရာမ၊ ရိုစင်၏ရိုးသားမှုအား အထူးဂုဏ်ယူသူ၊ ယခုတော့ကျန်းမာရေးကြောင့် ပင်စင်ယူခဲ့ရခြင်းဖြစ်သည်။

ရိုးစင်အား ရိုးသားမှု၏ တန်ဖိုးသင်ကြားပေးခဲ့သည့် ဆရာမ၊ ခုလို အသက် ၂၇နှစ် အထိ ကြွဲကြွဲခိုင် ရိုးသားနိုင်အောင် စကားလုံးများဖြင့်ရိုးဂုဏ် အားစတင်ပေးခဲ့သူ၊ ရိုးစင်အချစ်ရဆုံးဆရာမ။ သည်လိုဆရာမမျိုးနှင့် ဒီလိုတပည့်မျိုးဆိက ဘာများ ရနိုင်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟား . . .ဟား . . .ဟား . . . ဟုသာ ဝါးလုံးကွဲ ရယ်လိုက်ချင်တော့သည်။ ခုချိန်လောက်ဆိုရင်တော့ ဆရာမလည်း သူလိုပဲ Player1 ဟာ ဘယ်သူဆိုတာ သိပြီးလောက်ပြီ။

ပြီးတော့ ရိုးစင်လိုပဲ စိတ်အေးသွားလောက်ပြီ။

သို့သော် Fool Game Group ကိုတော့ အနည်းငယ်အံ့ဩမိသည် အမှန်။သူနှင့်ဆရာမ၏ဆက်နွယ်မှုကို သိသိကြီးဖြင့်ပြိုင်ဘက်ဖြစ်စေခဲ့သလား။ သို့တည်းမဟုတ် မတော်တဆဖြစ်စေခဲ့တာလား။

သေချာသည်ကတော့ ဤပွဲသည်ရိုးသားသူနှစ်ယောက်၏ အနိုင်မယူလိုသော၊ တစ်ယောက်နှင့်တစ်ယောက်အရှုံးမရစေလိုအောင် ချစ်ခင် ရင်းနှီးသောသံယောဇဉ်ပြယုဂ် ။ပွဲရလဒ်ကား Zero Sumသာ ဖြစ်နိုင်တော့သည်မဟုတ်လား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# Chapter (2)

## အရှုံးသမားဖြစ်ခြင်း

## Day 3

ဒီနေ့နံနက် ရိုးစင်အတွက် နေသာသည်ဟု ဆိုရမည်။ မတွေ့ရသည်မှာ ဆယ်နှစ်ကျော်ကြာပြီဖြစ်သော တီချာပြုံးပြုံးကို သူလှမ်းနှုတ်ဆက်လိုက်သည်။ ကြည်နူးမှုဖြင့်။

"မောနင်း တီချာ . . .နေကောင်း တယ်နော်"

"ကောင်းတယ် သားရေ . . .မင်းက တီချာအိမ်တွေ ဘာတွေ အလည် လာလို့ပါလားကွ။ ဒါတော့ . . .ဟင်း ဟင်း . . ."

"ဟား ဟား . . သိလျက်သားနဲ့ တီချာရယ်"

"အလကား နောက်တာပါ တပည့်ကြီးရယ်။ တီချာကလည်း သားကို တွေ့ချင်နေတာ။ လာ . . .အိမ်ထဲဝင် . . .။တီချာတွေ့သာ အိုမင်းသွားတယ် . . .တပည့်တွေက လွန်ခဲ့တဲ့ ဆယ်နှစ်ကအတိုင်း "

"ဟား ဟား . . .တီချာက ကျွန်တော်ကို မြှောက်မပြောလည်း ကျွေးမှာပါဗျာ"

အတန်ကြာ အလ္လာပသလ္လာပ ပြောပြီးမှ Fool Game အကြောင်း ဦးတည်လိုက်ကြသည်။

"မင်း အဲ့ဒီ ဂိမ်းဆိုတာကို ယုံလား သား"

www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ မယုံခဲ့ပါဘူး တီချာရယ်။ ငွေတွေ တကယ်ပို့မှ ယုံသလိုဖြစ်သွားတယ်။"

"တီချာလည်း ဒီလိုပဲ။ ခက်တာက ဒီပိုက်ဆံတွေက ဥပဒေနဲ့ ငြိစွန်းနိုင်လားဆိုတာ တီချာတို့မသိနိုင်ဘူး"

"ဟုတ်ကဲ့ . . .ကျွန်တော်လည်း အဲ့ဒီလို စဉ်းစားမိပါတယ်။ "

"နောက်တစ်ခု . . .တီချာစိတ်ပူတာရှိသေးတယ်ရိုးစင် "

"ဟုတ် . . .ဘာများလဲ တီချာ"

"ဘာ့ကြောင့် တီချာနဲ့ သားလို ပတ်သက်မှုရှိတဲ့သူချင်းဖြစ်နေရတာလဲ။ သူတို့ဟာ Player တွေရဲ့ Bio Data တွေကိုသိနေတယ်ဆိုရင် နောက်ခံ ရာဇဝင်တွေကိုလည်း သိမှာပဲလေ။

"ကျွန်တော်လည်း အဲ့ဒီလိုတွေးမိပါတယ်။ ကျွန်တော်တို့နှစ်ယောက် ပြိုင်ရမယ်ဆိုတာ သွေးရိုးသားရိုးရောဟုတ်ရဲ့လား။ ကျွန်တော်ဖြင့် လက်ထဲမှာပိုက်ဆံ သိန်းတစ်ထောင်ကြီးရောက်နေလို့သာ ဂိမ်းရှိတယ် ယုံရတယ်။ ခုချိန်ထိ ယုံရခက်ခက်ပဲ"

"အင်း . . .တီချာလည်း ဒီလိုပါပဲသားရယ် . . .ဒါ့ကြောင့်တီချာတွေးတာ။ ဒီကြားထဲမှာ တစ်ခုခုများထွင်လုပ်မလားလို့လေ။ ဥပမာFool Game Group က စပါယ်ရှယ်သူခိုးတွေလွှတ်ပြီး သားဝေစုရော တီချာ ဝေစုပါ ခိုးခိုင်းမယ်။ ဂိမ်းအဆုံးမှာ တစ်ယောက်ငွေတစ်ယောက် ယူသလိုလိုနဲ့ အချင်းချင်းသံသယပွားအောင်လုပ်မယ်။ အဲ့ဒီအခါကျ သားကလည်း ငွေတွေကိုတီချာ ယူတယ်ထင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



တီချာကလည်း သားပဲ ထင်မယ်။ အဲ့ဒီတော့ တီချာတို့ရဲ့ Game End ဆိုတဲ့အချိန်မှာ တီချာတို့ ဘာဖြစ်ကြမယ် ထင်သလဲ။ "

ရိုးစင် ဆိတ်ငြိမ်သွားသည်မှာ သုသာန်တစပြင်လို။ တီချာကိုလည်း နည်းနည်းဖြုံသွားမိသည်။

"တီချာတို့နှစ်ယောက်စလုံး Loser ဖြစ်သွားမှာပေါ့။ ဟုတ်တယ်နော်။ အဲ့ဒီတော့ နှစ်ယောက်လုံး တစ်သက်လုံး အကြွေး ဆပ်ရင်းနေပေတော့။ အဲ့ဒီ အရှုံးအုပ်စုကို လုပ်ကြွေးအောင် လုပ်တာရော မဖြစ်နိုင်ဘူးလား"

ဒီအချက်ကို ရိုးစင်မစဉ်းစားမိခဲ့။ တီချာ အဆိုသည် ထည့်သွင်းစဉ်းစားစရာ ရှုထောင့်တစ်ခု။ သည်လိုဆိုလျှင် F G G က သူ့ငွေဝေစု ၂ခုလုံးကို ပြန်လည်ရရုံမက သူတို့နှစ်ယောက်ထံမှ ရှုံးကြေးအကြွေးများကိုပါ ထပ်မံရရှိဦးမည်။ Player တွေတစ်ပြားမှမရ။ အကြွေးသာ တင်အောင် စီစဉ်ထားသည့် ဂိမ်းညစ်ကြီး။

"ဒါဆို ကျွန်တော်တို့နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် ယုံကြည်မှုလိုတယ် တီချာ . . ."

"ဟုတ်တယ်သား။ တီချာတို့တွေ စည်းလုံးမှဖြစ်မယ်။ တီချာ သားကို ယုံတယ်။ သားက ဘယ်သူ့ကိုမှ ဘယ်တော့မှနစ်နာအောင် လုပ်တဲ့ ကလေးမျိုးမဟုတ်ဘူး။"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း . . .ကျွန်တော်ကို ရိုးဂုဏ်သင်ပေးခဲ့တဲ့ တီချာကို ကိုယ့်ကိုကိုယ်ထက် ပိုယုံပါတယ်ဗျာ"

". . . ဟုတ်ပြီ ဒါဆို အပြင်မှာမလုံမခြုံထားနေရတဲ့ ဒီငွေ တွေနဲ့ပတ်သက်ပြီး တီချာ့မှာအကြံတစ်ခုရှိတယ်။

"ဟုတ်ကဲ့ . . .တီချာ"

"တီချာတို့နှစ်ယောက်လုံးရဲ့ ငွေထားရာအိမ်တွေက လုံးဝ လုံခြုံမှု မရှိဘူး။ ဒီတော့ အလုံခြုံဆုံးတစ်နေရာမှာငွေတွေကို ကာကွယ် ထားရမယ်။ ဒီလိုလုပ် သား။ တို့နှစ်ယောက် ဘဏ်မှာအပ် ထားကြမယ်။ အတူအကောင့် ဖွင့်ကြမယ်။ သားဝေစုသားအကောင့်ဖွင့်၊ တီချာလည်း တီချာ့ဝေစု အကောင့် ဖွင့်မယ်။ ဒီနေ့နေ့လည် တစ်နာရီလောက်တို့ အတူသွားကြတာပေါ့။

"ဟုတ်ကဲ့"

တစ်နာရီထိုးဖို့ ဆယ်မိနစ်အလိုလောက်ကတည်းက ဒေါ်ပြုံး ပြုံး အိမ်ရှေ့သို့ ရိုးစင်ရောက်လာခဲ့သည်။ ကုမ္ပဏီမှ လစ်ထွက်လာ ခြင်းပင်။ ပွဲတောင်မစရသေး။ ကိုယ့်ကိုကိုယ်အရင်လောက် မရိုးတော့ဟု ခံစားမိလာသည်။ ခုတောင်ရိုးအချိန်တွေကို ခိုးမိနေတာမဟုတ်လား။ အရေးထဲ လက်ထဲကငွေထုပ် ကြွပ်ကြွပ်အိတ်က လေးလှ၏။

"ဒေါက် . . .ဒေါက် . . ဒေါက် တီချာရေ . . .သားရောက်ပြီ"

"ဪ . . .အေး . . .သားရေ . . .လာပြီ လာပြီ . . ."

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးကလာသော အသံထင်သည်။ ကြွပ်ကြွပ်အိတ်ကို တံခါးပေါက်ဝတွင် ချရင်း တံခါးအဖွင့်စောင့်သည်။ တံခါးဖွင့်လိုက်တော့ ရိုးစင် အံ့ဩသွားသည်။ မှောင်မှောင်မည်းမည်း အိမ်ထဲတွင် Touch Light လေးတစ်ခုဖြင့် . . .တီချာ့ပုံစံက။ ချွေးကလည်း အရွှဲသားရယ်။

"ဟော့ပလိပ်နဲ့မီးပူ အပြိုင်သုံးမိလို့ ရိုးစင်ရေ . . .ဖြူးစ့်ပျက်သွားတာ။ နောက်ဖေးမှာ မီးသမားတွေ ခေါ်ထားတယ်။ တီချာတော့ လိုက်ဖြစ် တော့မယ် မထင်ဘူး။ သားပဲသွားပေတော့။ တီချာ့အကောင့်ပါ ပေါင်းဖွင့်ပေးဖို့ ငွေတွေပေးလိုက်မယ်။"

"ဗျာ . . .အဲ . . .ဟိုလေ"

ဘာပြောရမှန်းမသိ။ တီချာက သူ့ကို အဲ့ဒီလောက်တောင် ယုံကြည်သည်တဲ့။ သူ့တပည့်အပေါ်ထားသော ဆရာ၏ ယုံကြည်မှု။ ရိုးစင်ရင် တွေ ကြည်နူးသွားသည်။ အမေပြီးရင် တီချာဟာ ရိုးစင်ဘဝ အတွက် မေတ္တာသမားတွေပါ။

"တီချာသိပါတယ် . . .သား အားနာနေတယ်။

သားကိုမယုံမှာလည်းကြောက်နေတယ်မဟုတ်လား။"

တီချာက ပြုံးစစဖြင့် ဆိုသည်။

"ကဲကဲ . . .မင်းဝေစုအထုပ်ကြီးပါ အိမ်ထဲသွင်းဦး တပည့်ကျော်ရေ "

www.burmeseclassic.com

www.burmeseclassic.com



"ဂလုန် . . .ဌက် . . .အား"

"တီချာ . . .ဘာဖြစ်တာလဲ"

မှောင်မည်းမည်းနှင့်မို့ တီချာလက်ထဲက Touch Light သေး သေးလေးကားမစွမ်းသာလှ။ တစ်ခုခုနှင့်ချော်ကာ လဲကျသွားမှန်း သိသော်လည်း တီချာ ဘယ်နားမှာ ရှိမှန်းမသိ၍ ပြေးထူလို့မရ။

"ရိုးစင်ရေ ဟိုစင်ပေါ်က စပ်သာဒင်းသာ ယူပေးတော့ဟေ့။"

တီချာကသူ့လက်ထဲကလွတ်ကျသွားသော ခဲတံမီးကို နီးစပ်ရာ စားပွဲစွန်းတွင်တင်ရင်း ဆပ်သာဒင်းရှိရာ မီးထိုးကာ ရိုးစင် အား လှမ်းပြောလိုက်သည်။

ဆပ်သာဒင်းယူ၍ တီချာဆီပေးလိုက်တော့ မီးကဖြတ်က နည်းလင်းလာသည်။ သြော် . . .သူတို့ ဖြူးစ်ဆက်တာ ရသွားပြီ ထင်တယ်။

ခုမှ ကြမ်းပြင်ပေါ်တွင် ခွေခွေလေးထိုင်နေသော တီချာကို ပြတ်ပြတ်သားသား မြင်ရတော့သည်။

"ကဲ . . .သားရေ၊ တီချာ့ အိပ်ယာအောက်က ကြွပ်ကြွပ် အိတ်ထုပ်ကိုသာ ယူသွားပေတော့။ ဒီမှာတော့ ထမရတော့ဘူး။"

"တီချာ . . .ရရဲ့လားခင်ဗျာ"

"ရတယ် . . .ရတယ်၊ ကိစ္စမရှိဘူးသား။ ကိစ္စကိုတော့ စိတ်ချ လက်ချ ဖြစ်အောင် ဒီနေ့အပြီးလုပ်ခဲ့နော်။"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ တီချာ . . .ကျွန်တော် သွားလိုက်ပါဦးမယ်။ အေး . . အေး"

တီချာ အခန်းထဲဝင်ကာ ကုတင်အောက်မှပိုက်ဆံထုပ်ကို ဆွဲ၍ ပိုက်ဆံထုပ်နှစ်ထုပ်ကို မနိုင်မနင်းဆွဲကာ တီချာ့ အိမ်မှထွက်၊ ဘဏ်သို့ Taxi ငှားလိုက်သည်။ ဘဏ်သို့ရောက်လျှင် . . .

"အစ်ကို ဘယ်လောက်အပ်မှာလဲ။"

"သိန်း ၂ထောင်ပါ"

မျက်ဝန်းတွင် အရည်တစ်မျိုး လဲ့ဖြာသွားသော မိန်းကလေး၏ အကြည့်ကို မသိကျိုးကျွန် ပြုသော်ငြား အနည်းငယ်တော့ မသက်မသာ ဖြစ်မိသည်။ ဒါတွေဟာ . . .သူ့ပိုက်ဆံမှ မဟုတ်တာ။ တီချာ မပါ၍ အကောင့်တစ်ခုတည်းသာ ဖွင့်သော်ငြား ရသောဘဏ်စာအုပ်အား တီချာ့ဆီသာ အပ်ထားရန် ရည်ရွယ်ပါသည်။

"ကိုရိုးစင် ငွေအပ်လို့ရပါပြီ"

ကြွပ်ကြွပ်အိတ်ထဲက သူ့ငွေများကို ထုတ်လိုက်လျှင် . . .စက္ကူတွေ . ငွေစက္ကူများနှင့် ပုံစံတူဖြတ်ညှပ်ထားသော Black Paperများ။ သူ အရှုံးလုပ်ခံရချေပြီ . . .။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာပေါ်တွင် သူအယုံကြည်ရဆုံးသူက သူ့ကို သစ္စာဖောက်ခဲ့တာလား။

သူယူလာမည့်ငွေထုပ်ကို စက္ကူထုပ်နှင့် လဲလှယ်ရန် တီချာကြို တင် ကြံစည်ခဲ့သည်ပေါ့။ မီးမှောင်ချထားသော ဧည့်ခန်းအတွင်း သူ့အား . . . ဆေးပုလင်းယူခိုင်းသော အချိန်တွင် သူ့ငွေထုပ်ကို စက္ကူထုပ်ဖြင့် လဲလှယ်ခဲ့သည်ပေါ့။ ဒါမှမဟုတ် အခန်းထဲဝင်ကာ တီချာ ငွေထုပ်သွားယူချိန်တွင် ဖြစ်နိုင်သည်။ သူ့မှာတော့ တီချာ သူ့အပေါ် ယုံကြည်လှချည်ရဲ့၊ အားကိုးလှချည်ရဲ့ ဟုတွေးမိခဲ့သဖြင့် ပျော်မဆုံး။ ခုတော့ . . .ဒါတွေအားလုံးဟာ ကြိုတင်ကြံစည်မှုတွေချည်း။

ဖြူးစ်ပျက်တာရော၊ မီးပျက်တာရော၊ မီးသမားခေါ်တာရော၊ ဆေးဗူး ယူခိုင်းတာရော၊ ခုတင်အောက်ကငွေထုပ်ပါ သွားယူခိုင်းပြီး ယုံကြည်မှု အရယူတာ၊ အားနာစေတာ၊ အာရုံများအောင်လုပ်တာ အားလုံးဟာလှည့်စားမှုတွေ။ အရှုံးလုပ်ခံရတာတွေချည်းပဲ။

'တောက်'

တောက် တစ်ချက်သာ ခပ်ပြင်းပြင်းခေါက်နိုင်တော့သည်။ ပြိုင်ဘက်ဟူသော စကားလုံး၏ နက်နဲမှုနှင့်ခါးသီးမှုကို ပထမဆုံး နင့်နင့်သီးသီး ခံစားလိုက်ရပြီ။ ကိုယ်ချစ်ခင်လေးစားရသူက ကိုယ့်ကို ပြိုင်ဘက်အဖြစ် သဘောထားလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးမထင်ဖူးပါ။ ရက်စက်လိုက်တာ တီချာရယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်' ဒေါက်' ဒေါက်'

ခေါက်နေသည်မှာ တစ်နာရီကျော်ရှိပြီ။

"တီချာ . သားပါ . . .တံခါးဖွင့်ပါဦးဗျာ။"

တီချာ့အိမ်ရှေ့တွင် ပွစာကြဲနေသော အဖြူ ရောင်စက္ကူစများ၊ တီချာပေး လိုက်သော သိန်း ၂ထောင် အတုထုပ်ကြီးကို ခုလေးတင်ပဲ ဒီနေရာမှာ ကြဲချခဲ့တာပါ။

"တီချာရေ . . .တီချာထွက်မလာရင် ကျွန်တော်ဆိုင်ရာကို သွားတိုင်မှာနော်။"

အိမ်ထဲမှာမီးလင်းနေသဖြင့် လူရှိကြောင်းသေချာနေပါလျက် နှင့် ယခုချိန်တွင် တံခါးမဖွင့်ပေးခြင်းမှာ လူရာမသွင်းကြောင်း ဥပေက္ခာ ပြုထားကြောင်း သက်သေပြနေသည်။

ဒေါသထွက်ကာ အသားတွေက တဆတ်ဆတ်တုန်နေသော် လည်း သူထိန်းသည်။ မြဲသိပ်သည်။ ငွေတွေပြန်ရဖို့အတွက် တောင်း ပန်သင့် တောင်းပန်ရမည်။ ဒူးထောက်သင့်ဒူးထောက်ရမည်။Game ပြိုင်ပွဲ အကြောင်းတောင် ဃဃနနမသိပါဘဲ သူရှုံးနိမ့်သွားပြီ။ သူတို့ ပြောသလို တစ်လပြည့်လို့ငွေလာသိမ်းလျှင် ရိုးစင်ဘာနဲ့ လျော်ရ မည်နည်း။ အပူမီးက ရင်ဘတ်ထဲတွင် ကြွပ်ကြွပ်ဆူနေသည်။

'ဒေါက် ဒေါက်'

"ဒီတစ်ခေါက်နောက်ဆုံးပဲ တီချာ။

www.burmeseclassic.com

www.burmeseclassic.com



ရဝက လူကြီးကို ဒီအကြောင်းတွေသွားပြောပြ . . .”

“ကျွိ”

တံခါးက ဖြတ်ဆိုပွင့်လာသည်။ တကယ်ကို ကျဉ်းကျဉ်းကလေးရယ်။ မျက်စိတစ်လုံးစာသာသာ။ တံခါးကြားထဲမှာ တီချာ၏ စိမ်းရောင် တဖိတ်ဖိတ်တောက်နေသော မျက်လုံးတစ်လုံးနှင့် ခပ်မဲ့မဲ့နှုတ်ခမ်းတစ်ခြမ်းကို မြင်ရသည်။

“မင်း ရှူးနေတယ်ဆိုရင် အဲ့ဒီလိုလုပ်ပေါ့ ချစ်တပည့်ရယ် . . သေချာတာတော့ ဂိမ်းစည်းမျဉ်းထဲမှာ အဲ့ဒါမပါဘူးနော်။ ကလေးမဆန်စမ်းပါနဲ့ သားရယ်။

အဲ့ဒီလိုဖွင့်ပြောလိုက်လို့ ဘာအကျိုးဆက်တွေ ဖြစ်လာမယ်လို့ မင်းထင်လဲ ရီးစင်။ ဒီလောက်ငွေတွေကို ပေါချင်းသောချင်း ပေးနိုင်တဲ့ သူတို့အကြောင်း မင်း . . .ဘာသိလို့လဲ။”

“ဘာပဲဖြစ်ဖြစ် ကျွန်တော့ဝေစုကိုပြန်ပေးပါ တီချာ။”

“ဒါဟာ ဂိမ်းထဲမှာ တရားမျှတတယ် ချစ်တပည့်။”

“တီချာမရှက်ဘူးလား။ ကျွန်တော့်ကို ရိုးသားမှု အကြောင်း သင်ပေးခဲ့တဲ့ သူက . . .သူက . . .”

“ရိုးသားမှုလား။ ရိုးသားတာတော့ ကောင်းတယ် ရီးစင်ရေ။ ဒါပေမယ့် မရိုးတာက ပိုကောင်းတယ်ဆိုတာ အခုလေးတင်ပဲ ငါသိလိုက်တာ။”

“ တောင်းပန်ပါတယ် တီချာရယ် . . .ပြန်ပေးပါဗျာ . . . ပြန်ပေးပါ”

www.burmeseclassic.com

www.burmeseclassic.com



သူ့ဒူးနှစ်ဖက် ကြမ်းပြင်ပေါ် ခွေကျသွားသည်။ သူသည် သူများ အိမ်ထဲသွင်းမခံရသဖြင့် အသနားခံလိုခံငြား အိမ်ပေါက်ဝတွင် တောင်းပန်ခယနေရသည့် သူတောင်းစားတစ်ယောက်၏ ဘဝကို ယခုမှ ကိုယ်ချင်းစာမိသည်။

"ကလေးတစ်ယောက်လို အသနားခံမနေစမ်းပါနဲ့ကွာ။ မင်း ယောကျ်ားပဲ။ ခေါင်းသုံးပေါ့။ ငါကတော့ မင်းကိုအရူးလုပ်လိုက်ပြီ။ အချိန်တန်ရင်တော့ အဲဒီငွေတွေကို မင်းပြန်ရရင်ရမှာ။ အကြွေး အဖြစ်လေ . . .ဟင်း . . .ဟင်း။"

"တီချာမှ ဟုတ်ရဲ့လား" သူမင်သက်စွာ။

"မင်းငါ့ဆီကငွေတွေကို ဘယ်လိုပြန်ယူမလဲ။ သိချင်စမ်း တယ်ဟေ့။ ဟား . . .ဟား . . .ဟား . . .ရိုးစင် ရိုးစင်၊ သံယောဇဉ် လက်ကျန်နဲ့ နောက်ဆုံးသင်ခန်းစာတစ်ခုပေးခဲ့မယ်။ အလိမ်ခံရတယ်၊ အရူးလုပ်ခံရတယ် ဆိုတဲ့လူတွေက သနားစရာမကောင်းဘူး၊ ရှက်စရာ ကောင်းတယ်ကွ။သိလား။ သူတို့နဲ့လို့ ၊သူတို့'အ'လို့သာ တစ်ဖက်က လှည့်နိုင်တာ။ အခုမင်းအဖြစ်က ငါ့လို အိုကြီးအိုမ နဲ့ပြိုင်တာတောင် ရှက်စရာကောင်းနေပြီ။"

"တော်ပါတော့ဗျာ . . .ပိုက်ဆံပြန်မပေးချင်နေ စကားလုံး နဲ့တော့ ထပ်မနှိပ်စက်ပါနဲ့တော့။ ပြိုင်ပွဲလို့ မကြေငြာဘဲ နောက်ကျော ဓားနဲ့ထိုးတဲ့ တီချာ့လုပ်ရပ်ကို ကျွန်တော်စိတ်ပျက်မိပါတယ်။"

ဒီစကားကိုတော့ ဒေါ်ပြုံးပြုံး၏ တံခါးကြားမှတဝက်တစ်ပျက် ထွက်နေသော ခန္ဓာကိုယ်ကို သူ့အရပ်ကြီးဖြင့် မိုးကာပေါက်ကွဲလိုက်သ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ စောစောကတင် ဒူးထောက်ခဲ့သည့် သူ့ခြေထောက်တွေကို သူစိတ်နာသွားသည်။

"အဟား . . .မင်းကအယုံလွယ်တာကိုး။ မင်း ငွေတွေကို စကိုင်မိကတည်းက ဂိမ်းကစားနေပြီဆိုတာသိထားရမှာလေ။ မင်းက ယုံသလိုလို၊ မယုံသလိုလို၊ ကစားမလိုလို၊ မကစားမလိုလို လုပ်နေတော့ ခံရတာပေါ့ကွာ။ တီချာကတော့ ရှင်းတယ်။ ပိုက်ဆံတွေကို ထိလိုက်ကတည်းက ငါ့ပိုက်ဆံတွေဖြစ်စေရမယ်လို့ ဆုံးဖြတ်ထားတာ။ မင်းလို ကိုယ်လိုချင်တာ ဘာမှန်းမသိတဲ့ ဝါးတားတား ခပ်ညံ့ညံ့ မဟုတ်ဘူး။"

"တော်ပါပေတယ် . . .ဟုတ်ပါပေတယ်

တီချာတော်ပါတယ် . . .ကျွန်တော် ညံ့ပါတယ်။ ကျွန်တော် ဘယ်လောက်ညံ့သလဲဆိုရင် ကျွန်တော့်ကို လုပ်ကြံလိုက်တဲ့ လူဆီမှာ ဆရာတပည့် သံယောဇဉ်မရှိတော့ရင်တောင် လူသားချင်း စာနာမှု တရား အနည်းငယ်ရှိဦးမယ်လို့ အခုထိမျှော်လင့်နေမိလောက်အောင် ညံ့ပါတယ်"

သူ . . .အဲ့ဒီအိမ်ရှေ့က ချာကနည်း လှည့်ထွက်သွားသည်။

နွေမှာ သစ်ကိုင်းတွေ တဖြောင်းဖြောင်း ကြွတ်ဆတ်ကျိုးပဲ့နေသလို သူ့ရင်တွေလည်း အကိုင်းလိုက် အကိုင်းလိုက် ဖြောင်းဆန်အောင် ကျိုးကြေနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်သည်။

ရှက်သည်။

နာကျည်းသည်။

အယုံကြည်ရဆုံးလူ၏ အရူးလုပ်ခံရခြင်းဟူသော ခံစားချက်က ဒီလိုတဲ့လား။ သို့သော် . . .အဲ့ဒီထက်ပိုသည်။

ခပ်ဟဟ . . .ရယ်မောပစ်လိုက်သည်။ မိုးကောင်းကင်ကြီးကို ခါးထောက်ရပ်ကြည့်ရင်း . . .အမေရေ . . .အမေ့သားတော့ ဘဝပျက်ပြီ။

ဟား . . .ဟား . . .ဟား . . .။ အခုမှသူသည် ကစားပွဲထဲ တကယ် ရောက်သွားပြီဟု ခံစားမိသည်။ကစားပွဲ၏ ၃ ရက်မြောက်နေ့ တွင် Loserဟူသောဘွဲ့သူရရှိခဲ့သည်။ ပြီးတော့ သေချာသည်က သူရှုံးသွားပြီ။

Fool Game၏ ၃ ရက်မြောက်နေ့တွင်ပင် မထင်မှတ်လောက် အောင် သူ ကျရှုံးခဲ့ခြင်းဖြစ်သည်။ သူမလိုချင်ပါဘဲ ရရှိခဲ့သောအရာမှာ Loser..

www.burmeseclassic.com

www.burmeseclassic.com



# Chapter (3)

## ကယ်တင်ရှင်

မနေ့ညက မှောက်သွားသော အရှိန်ကြောင့် ရုံးတောင် မနက်ပိုင်း မတက်နိုင်။ နေ့လည် ၂နာရီ duty ကြောင့် passport ရုံးသို့ သုတ်သီးသုတ်ပြာဖြင့် ထွက်လာခဲ့ရသည်။ ရုံးနား ရောက်သည် အထိ တိုးကြိတ်စီတန်းနေသော လူအုပ်ကိုကြည့်ရင်း ရင်မောသွား သည်။ တစ်နေရာတွင် ဝင်ရောက်တန်း စီလိုက်လေသည်။

"မောင်လေး . . .အစ်မတို့လုပ်ပေးရမလား။ ၃၀၀၀ထဲနော်" ဘေးနားသို့ တိုးကပ်လာပြီး နှစ်ကိုယ်ကြားလေသံဖြင့် ပြောလာသည့် အမျိုးသမီး အရွယ်ခပ်ကြီးကြီးရယ်။

'၃၀၀၀'

၃၀၀၀ထဲ ဆိုတာ ဟုတ်ပါ့မလား။ လိမ်များလိမ်မလားမသိ။ ထိုမိန်းမက သူ့စိတ်တွင်းမှ စကားကိုသိရော့ထင်။

"အစ်မတို့က အာမခံနဲ့ လုပ်ပေးတာ။ အစ်မကိုစာရွက်စာတမ်း ဖိုး ငွေ ၃၀၀၀သာ ပေးလိုက်။ ထွက်လာတာနဲ့ အားလုံးအပြီးအစီး ဖြစ်စေရမယ်"

ဒီတစ်ခါတော့ သူ ကျေနပ်သွားသည်။ ၃၀၀၀နှင့် နေပူထဲ ငါးခြောက်လှန်း မခံရလျှင် မဆိုးဟု တွက်ဆမိပါသည်။

'OK တကယ် ၃ ထောင်နဲ့အပြတ်နော်'

"စိတ်ချ . . . မောင်လေး"

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမလက်ထဲသို့ စာရွက်စာတမ်းများအား ထည့်ပေးပြီး ရုံးနှင့် ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်တွင် အေးအေးလူလူ ဝင်စောင့်နေလိုက်သည်။ စိတ်အေးသွား၍လားမသိ။ မျက်လုံးက ရှေ့စားပွဲဝိုင်းမှ ကောင်မလေးဆီ တန်းကနည်း ကျသွားလေသည်။ ကြည်လင်ဝင်းမွတ်နေသော အသားအရေပေါ်တွင် အောက်ရှူးဂျင်းဘောင်းဘီအနက်နှင့် စပို့ရှပ်အနက်ကို ဝမ်းဆက်ဝတ်ထားသော emo styleနှင့် ကောင်မလေး။ သည်လိုလမ်းဘေး လက်ဖက်ရည်ဆိုင်မျိုးတွင် ထွန်းလင်းချင်တိုင်း ထွန်းလင်းနေသည်တကား။ သူမမျက်နှာလေးမှာ ဖြူစုပ်စုပ်ဖြင့်သွေးရောင်မရှိသကဲ့သို့ ဖွေးဖွေးဆုပ်နေသော်ငြား ရွှန်းရွှန်းစိုရဲရဲနီ နှင်းဆီဖူးနှုတ်ခမ်းကြောင့် နေ့ခင်းကြောင်တောင်ကြီးတွင် Twilight ဇာတ်ကားထဲမှ ရောဘတ်ပါတန်ဆန်၏ ညီမကိုမြင်တွေ့ရသလိုပင်။

ဘေးဝိုင်းများ၏ ဗို့အားတစ်ထောင်အကြည့်များက မွှားတွေသာဆိုလျှင် တဒိုင်းဒိုင်းစိုက်ကာ ဒင်းကလေးသေလောက်ပြီ။ ဒင်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သည့် ဒီဇိုင်းဖြင့် ဆံပင်ထူအုပ်အုပ်ကို မျက်နှာတစ်ခြမ်းကွယ်ကာ ထိုင်နေဆဲ။

ဟိုက်ရှားဘား . . .ဒီကောင်မလေး ကိုယ်တွင်းမှာ အပူအောင်းတော့မှာပဲ။ ဒင်းကလေးကိုကြည့်တော့ ချွေးတစ်စက်မျှ မထွက်။ Lollipop တစ်ချောင်းကို ခပ်အေးအေး စားနေသေးသည်။ ပြောင်

www.burmeseclassic.com



မျက်စိထဲ ဘာကိုအလိုမကျမှန်းမသိ။ ကိုယ့်ညီမသာဆိုလို့ကတော့ ဒီဆိုင်ထဲကနေ ဆွဲခေါ်ခဲ့မှာပဲ တွေးမိသည်။

"မောင်လေး . . .အကုန်ပြီးပြီ"

အကျိုးဆောင်မမကြီး၏ ခေါ်သံကြောင့် အတွေးကြိုးက ဖောက်နည်းပြတ်ကျသွား၏။

"ဒီမှာစာရင်းစာရွက် . . .အထဲက စားပွဲတွေကိုပေးရမှာ

'ဘယ်လို'

ရိုးစင်ယူကြည့်လိုက်တော့

စားပွဲ ၁ –၁၀၀၀၀

စားပွဲ ၂ –၁၅၀၀၀

စားပွဲ ၃ –၈၀၀၀

သိလိုက်ပါပြီ။

ပြောတော့ ၃၀၀၀ကျတော့ ၃သောင်းဖြစ်တော့မည်။ ရိုးစင်မင်းဟာလေ . . . မနေ့ကတင် အရှုံးလုပ် အလိမ်ခံရလို့ အရှုံးသမားဖြစ်တာ မကြာသေးဘူး။အခုထပ်ခံရပြန်ပြီ။

"ခင်ဗျားဟာက သုံးသောင်းတောင်ကျော်နေပြီ ခင်ဗျားနဲ့မလုပ်တော့ဘူး စာရွက်တွေပြန်ပေးပါ။"

"အဲ့ဒီလိုမျိုးတော့ မရဘူး မောင်လေး"

"ဘာလို့ မရရမှာလဲဗျာ " သူ့အသံက နည်းနည်း ဘောက်ဆတ်ဆတ်ပင် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . .ယီးတီးယားတား လုပ်မယ်မကြံနဲ့၊ ဒီမှာကျွန်မတို့ လုပ်စားနေတာကြာပြီ။ ဒါမျိုးတော့လာမစမ်းနဲ့။ ခင်မတို့က တွေ့ကရာ ယောကျ်ားကို × % ^&"

ရှက်လိုက်တာ။

ရှက်စရာကောင်းလိုက်တာ။

ဟိုဘက်တွင် တန်းစီနေကြသော မျက်လုံးထောင်ပေါင်းများစွာက ရိုးစင်ပေါ်သို့ တန်းကနည်းကျရောက်လာကြရာ ဒူးတွေပင် မခိုင်ချင်သလို ဖြစ်သွားမိ၏။ သွားပြီ။

ဒုတိယအကြိမ် Loser ဒုတိယတစ်ချီရှုံးပြန်ပြီ။ ခံပေဦးတော့ ရိုးစင် ပင်ပန်းမခံချင်ဦး။ အခုတော့ မင်းသူ့ဆီကို ကိုယ့်အရေးကြီး စာရွက်စာတမ်းတွေ ပါသွားပြီ။ သူယူလာပေးတဲ့ Slip ဆိုတာကလည်း ကောင်တာ(၁) မှာ ငွေ ၅၀၀၀ ပဲပေးရတဲ့ ချလန်စာရွက်။ ဒီပုံစံအတိုင်း ဆိုရင် ရိုးစင်ပဲ အစဆုံး ပြန်လုပ်ရမှာ။ ဒါနဲ့များတောင် ဒီမိန်းမကကွာ။

၃ ထောင်နဲ့ မြှားပြီး ၃သောင်းကျော်ရိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



## "+ Thinking"

တချို့လူတွေဟာ

သင့်ဘဝကို Blessing ပေးဖို့လာခဲ့ကြတာပါ . . .

တချို့ကတော့

သင့်ကို Lesson ပေးဖို့သက်သက် လာခဲ့ကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလက်ထဲက ချလန်ကျွန်တော့်ကိုပေး။ ရော့ . . .ငွေနှစ်သောင်း ဒီလောက်နဲ့ပဲ ကျေနပ်တော့ပေါ့ . . . ရော့ . . . ရော့။ မိန်းမက ပိုက်ဆံအုပ် လက်ထဲရောက်မှ အချိုးနည်းနည်း ပြောင်းသွားသည်။ ပျားရည်လူးထားသည့် မျက်နှာပြောင်က ချက်ချင်းဝင်းထိန်သွားပြီး . . .

"ဟော . . .ဟိုလေ့ကားထိပ်က ကောင်တာကို ဆက်သွားရုံပဲမောင်လေးရဲ့ ဟင်း ဟင်း ဟင်း . . ."

ဒါမျိုးလုပ်စားသူပီပီ မျက်နှာပြောင်လွန်းလှပါသည်။ ရိုးစင်ပေးလိုက်သောပိုက်ဆံထုပ်အား ခပ်သွက်သွက်ရေရင်း ပခုံးတွန့်ကာထွက်သွား၏။ လောကကြီးဟာ ဘာလဲ။ လူတွေက လိမ်ဖို့ကိုဒီလောက်တောင် လိပ်ပြာလုံနေကြပြီလား။

ရိုးစင်တို့လို အလိမ်ခံရသူတွေကလည်း ကိုယ့်အပြစ်နဲ့ကိုယ်ပါ။ တစ်ကယ်ဆိုရုံးရှေ့မှာ ဆိုင်းဘုတ်ကြီးနဲ့တင်ပြီး အကျိုးဆောင် ပွဲစားများနှင့် ပက်သက်ပြီး သတိပေးစာ ကပ်ထားပါလျက်နှင့်..

ဟူး . . .အခုတော့ အချိန်လည်းကုန် ငွေလည်းကုန်။

နောင်တလည်း ကုန်သည်။

စိတ်ပျက်လက်ပျက်ဖြင့် ပထမဆုံးစီခဲ့သော အတန်းသို့ဝင်ကာအများ နည်းတူ တန်းစီလိုက်သည်။ ဂုတ်ကိုလာတို့သည့် အထိအတွေ့ကြောင့် လှည့်ကြည့်လိုက်ရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . .ဒီမှာရှင့်ငွေ နှစ်သောင်း" ကြည့်လိုက်တော့ လက်ဖက်ရည်ဆိုင် ထဲက vampire emo မလေး။ သူမလက်ထဲတွင်တော့ စောစောလေးတင် ဟိုပွဲစားမ၏ ငွေညှစ်ခြင်းခံခဲ့ရသော ရိုးစင်ပိုက်ဆံအုပ်။

"အဲ့ဒါကို မင်းဘယ်လို . . ."

သူယောင်တိယောင်ချာဖြင့် ငွေကိုလှမ်းယူရင်း . . .

"ကျေးဇူးပဲ ညီမရေ . . . မင်းဘယ်လို . . ."

"ကျွန်မက သူ့ရှင့်ကိုအရူးလုပ်ခဲ့သလို သူ့ကိုလည်း အရူးလုပ်ခဲ့ရုံလေးပါ။

"ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးပါညီမရယ်"

တစ်ခုခုတော့ ကျေးဇူးတုံ့ပြန်သင့်သည်ဟု သူ တွေးမိသည်နှင့် . . .

"ဒီနားမှာ တစ်ခုခုလိုက်ကျွေးပါရစေလား ဒီကညီမကို"

"ကျွေးဖို့မလိုဘူး ပေးဖို့ပဲလိုတယ်။ ကျွန်မကိုဘယ်လောက်ပေးမှာလဲ"

"ဗျာ"

ကြားလိုက်ရသော စကားကြောင့် သူအကြီးအကျယ် ပြုံလဲသွားသည်။ ဒီရုပ်ရည်လေးနှင့် ဘယ့်နှယ်။

"ဘာလဲ . . .ပိုက်ဆံမက်တယ်ထင်လို့လား . . .ရုပ်လေးနဲ့မှ မလိုက်လို့ တွေးနေတာလား။ ပိုက်ဆံသာရှိရင် မလှတဲ့ရုပ်တောင် လှသွားတဲ့ ခေတ်မှာ ကျွန်မလို လှပြီးသားလူက လှသထက်လှအောင် ပိုက်ဆံ ပိုမက်သင့်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုကူညီတာက အကျိုးလိုလို့ ညောင်ရေသွန်းတာ။ ရမယ်ထင်လို့ ကူညီတာ။ ရှင်အလိမ်ခံရတဲ့ ငွေရဲ့ ၅၀ %ရရင်ကျေနပ်ပြီ”

ဘုရားရေ ဒီလိုမိန်းကလေးလည်း ရှိသေးတယ်လား။ တကယ်ကို ပွင့်လင်းပါပေရဲ့။ တကယ့်ကို လုပ်ငန်းဆန်ပါပေရဲ့။

“ဟုတ်ပါပြီ . . .ကျွန်တော်သဘောပေါက်ပါပြီ”

ရော့ . . .ဒီမှာ ၅၀ %”

မိန်းကလေးက သူကမ်းပေးသော ငွေ ၁ သောင်းကို ခပ်မြန်မြန်လှမ်းယူလိုက်ရင်း သူ့မျက်လုံးများဆီသို့ စိုးကြည့်သည်။သူမ မျက်လုံးတွေက ကြယ်တွေလို လက်တောက်နေသည်။

ထိုမျက်လုံးတွေကို ကြည့်လိုက်သည်နှင့် သူမ၏တစ်ဖက်ကွက်ကျော်မြင်သော ဉာဏ်ရည်ကို ခံစားသွားနိုင်ပြီဖြစ်သည်။

ဒီကောင်မလေးဉာဏ်ရည်နဲ့ဆိုရင် . . .။

သူ့ရင်ထဲ ဝုန်းကနည်း ဆုံးဖြတ်ချက်ခိုင်မာသွား၏။ ကျောခိုင်းကာထွက်သွားပြီဖြစ်သော သူမကိုလှမ်းအော်လိုက်သည်။

“ဟော့ . . .ခဏ . . .ခဏ . . .”

သူတို့နှစ်ယောက် အနီးနားက Cafe ဆိုင်လေးတွင်ထိုင်ရင်းထူးဆန်းသော ကစားပွဲအကြောင်း ပြောဖြစ်ခဲ့ကြသည်။ ရိုးစင် ပြောသမျှ စကားလုံးတိုင်းအား သူမကနည်းနည်းလေးမျှထောက်မပေးဘဲ စူးစိုက်ပြီး နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



Brain Storrning လုပ်နေသည့်ပုံ။

စကားဆုံးတော့ ရိုးစင်၏သူဌေးဖြစ် (သို့) ခွေးဖြစ်ဂိမ်းအတွက် emo မလေး တောင်းသည့်ကြေးကနည်းနည်းများသည်။

"50 percent OK လား"

သူနည်းနည်းဖြုံသွားသော်ငြား ဘဝတစ်လျှောက် ကြွေးထုပ်ကြီး ထမ်းသွားသည်ထက်စာလျှင် တစ်ဝက်လောက် နိုင်သည်ကမဆိုး (သို့မဟုတ်) ဒီကောင်မလေးပါ ကြွေးထုပ်ကြီးတစ်ဝက်ဝင်ထမ်းလျှင် မဆိုး ဟု ညစ်ကျယ်ကျယ် တွေးမိ၍ဖြစ်သည်။

"ဒါနဲ့ မင်းနဲ့ကိုယ် ကစားပွဲအကြောင်းပြောနေတာနဲ့ မိတ်ဆက်ဖို့တောင် မေ့နေကြတယ်။ ကိုယ်က ရိုးစင်ထိုက်ပါ။"

"အိုင့်နာမည် မြွေပါ"

ဩော် . . .ဩော် . . .။"

"ဒါနဲ့ စောစောကရှင်ပြောတာ Fool Game ဖိတ်စာကို ဧပြီ ၁ရက်နေ့နော်။ Apirl Fool အလုပ်ခံရတယ်လို့ ရှင်မထင်ဘူးလား။"

" email ချည်းရခဲ့တုန်းကတော့ အဲ့လိုထင်တယ်။ တကယ့်ငွေထုပ်ကြီး ရောက်လာမှ . . .ဘယ်လိုဖြေရှင်းရမှန်းမသိတော့တာ . . . ဒီကြားထဲကိုယ်က ဘယ်လိုကစားရမှန်း မသိသေး။ ပိုက်ဆံပါသွားပြီ

"ဖူး"

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းမှုတ်ထုတ်ကာ ခေါင်းကိုတခါခါရမ်းနေသော ရိုးစင်ကို မြွေပါဆိုသော ကောင်မလေးက ပြုံးထေ့ထေ့ကြည့်၏။

"ရှင် ကျွန်မနဲ့မတွေ့သေးလို့နေမှာပါ"

ဟိုက်ရှားပါး။ နည်းနည်းတော့ မျက်ပြင်းကတ်သွားသည်။ လေကတော့တုံ ၇ဆင့်မှာပင်။ အေးလေ . . .ဒီလို over confidenceကိုပဲ ကိုယ်အကူအညီ တောင်းခဲ့တာ မဟုတ်လား။

"မင်းကရော သူတို့ Apirl Fool ကစားနေတယ်လို့ ထင်သလား။

"နိုး . . .နိုး Apirl Foolဆိုတာက ပေါက်တတ်ကရတွေကို ညာဖြီး တဲ့နေ့လေ။ ရှင့်ဟာက ပေါက်တတ်ကရထင်ရပေမယ့် ငွေတွေရတာကျ ပေါက်တတ်ကရမဟုတ်။ ဒါပေမယ့် ဂိမ်းအထာကိုက တစ်ယောက်ယောက်ကို နစ်နစ်နာနာ အရူးလုပ်ရမှာ သေချာနေပြန်တယ်။ ဒါကိုက ဒီဂိမ်းရဲ့ rule ပဲ။ ရှင့်လိုပုံစံမျိုးကို တစ်ယောက်ယောက်ကို နစ်နာအောင်လုပ်ရက်ပါ့မလား။ ကျွတ် . . .ကျွတ် . . တကယ်ပဲ . . .ဟိုငွေထုပ်ကို အစကထဲက ရှင်မဖောက်ခဲ့ရမှာ။ ဒါဆို ဒီလို အရည်အချင်းမျိုးနဲ့ ဒီကစားပွဲထဲဉာဏ်ဝင် သွေးစရာ မလိုတော့ဘူး။ခုတော့သူငယ်တန်းက ဆယ်တန်းစာမေးပွဲ ဖြေရသ လို၊ မျက်မမြင်ဘဲ ပိုစတာ ကြည့်သလို၊နားထိုင်းက FM နားထောင်သလို ...လို"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့။မင်း ငါ့ကိုကူမှာလား၊ဆော်မှာလား"

"အော် ... မဟုတ်ရပါဘူး ကိုရိုးစင်ရယ်။ နောင်လာနောက်သား တွေ သင်ခန်းစာရအောင် ရှင့်အတိတ်က အမှားတွေကို ကောက်နှုတ် နေတာ ... ဒါမှအနာဂတ်မှာပြင်ဆင်လို့ရမှာလေ။"

"မင်းကသူများကျ အရည်အချင်းမရှိဘူးလို့ ပြောချင်တယ်။ 50%လည်း တောင်းသေးတယ်။ အရည်အချင်းလေးတော့ပြပါဦး။"

"အဟာတ်"

ရယ်သံကိုက မိန်းကလေးတန်မဲ့။ ဒီလိုရယ်သံမျိုးနှင့်တော့ ကမ္ဘာပေါ်ရှိ ပုရိသများအားလုံး၏ သောက်မြင်ကပ်ပုဒ်မနှင့်ပင် သေ လောက်သည်။ဒါတောင် ဒင်းက

"ရှင်ကလေ ...လူကလည်း နိုင်တီဂွမ်တိ၊စတိုင်ကလည်း နိုင်တီဂွမ်တိ ရိုးကလည်း ရိုးတယ်။ စွာကလည်းစွာ။ ဒေါသကလည်း ကြီးသေးတယ်။

ဒီလိုပူလောင်စပ်ခါး ပုံစံကြီးနဲ့ သွေးအေးအေးနဲ့ကစားရမယ့် ဟိုဂိမ်းကို ဘယ်လိုကစားရပ့ါမလဲ။ ဒီဂိမ်းမှာရှင်မရှုံးချင်ရင် ရှင့်ဆရာမ ဆီက ရှင်ဝေစု ကိုလိုချင်ရင် အရင်ဆုံးရှင်လုပ်နိုင်တာတစ်ခုရှိမယ်။"

"ဘာများလဲ"

"ရှင့်ကိုယ်ရှင်ပြောင်းဖို့"

"ဘာ"

"ဟုတ်တယ် ရှင်ရဲ့ ပြာလောင်ခတ်တဲ့ပုံစံကို ပြောင်းရမယ်။"

www.burmeseclassic.com

www.burmeseclassic.com



သွေးအေး ရမယ်။ ရှင်အခုဒီဂိမ်းမှာရှုံးပြီဆိုပြီး Pressure တွေအရမ်းဖြစ်နေတယ်။ ကိုယ့်ကို ကိုယ် Loser အရှုံးသမား၊ အသုံးမကျဘူးလို့ လက်ခံနေတယ်။ ကစားပွဲတောင် မစရသေးဘူး။ ရှင်က ဟိုလူခြေသလုံးဖက်၊ ဒီလူခြေသလုံးဖက်နဲ့ ယောကျ်ားပျော့ဖြစ်နေတယ်။"

သည်တစ်ချက်တော့ သူအတော်ခံပြင်းသွားသည်။

"မင်းကငါ့အကြောင်း ဘယ်လောက်သိလို့ ဝေဖန်နေရတာလဲ။ ကလေးမ မင်းအဲ့ဒီလိုစကားပြောရိုင်းရင် ငါတို့ ၂ယောက် ပူးပေါင်းဖို့ ငါပြန် စဉ်းစားရမယ်။ "

"ကျွတ် . . .ယောကျ်ားတွေဟာလေ သူတို့ရဲ့ အမှန်တရားနည်းနည်း လေးထိရင်တောင် နဂါးအမောက် ထောင်တယ်။ ကျွန်မပြောတာက မှားလို့လား။ ရှင်ပျော့ခဲ့လို့ ငွေတွေ သူများလက်ထဲပါသွားတာ မဟုတ်လား။ သူများက ဝင်ခိုးတာတောင်မဟုတ်ဘူး၊ အိမ်တိုင်ရာရောက်သွားပေးမိတဲ့ အဖြစ် . . .ဟိဟိ"

"ဟော့ဟော့ . . .တော် တော် . . ."

"ရှင့်ကိုရှင်မယုံဘဲ သူများကိုယုံမိလို့ အရှုံးသမားဖြစ်ခဲ့တာတောင် ဒီစိတ်ကိုမပြင်နိုင်ဘူးကိုး . . .ရိုးစင်ရှင်ဒီအတိုင်းသာ ဆက်သွားလို့ကတော့ Game End ရင် လုံးဝ Loser ပဲ။ ရှင် ပြောင်းလဲသင့်ပြီ။"

သူတိတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေပါ ပြောသောအရာအားလုံး မှန်ကန်ပါသည်။ သူ၏ ကိုယ့်ကိုကိုယ် မယုံရဲသောစိတ်က အရှုံးသမားဖြစ်လာစေရန် မြေသြဇာ ဖြစ်လာစေသည်။

"အဲ့ဒီတော့ ကိုယ် ဘာကစပြောင်းရမယ်လို့ မင်းထင်လဲ"

"ရှင့်ကိုရှင် အရင်ပြောင်းပါဦး။ ဆိုလိုတာက အခုရှင်လုပ်နေကျ ပုံစံ တွေကနေ ခွဲထွက်ပြီးပြိုင်ဘက်ကို မျက်လှည့်ပြမယ်။ ဘယ်အကွက် နင်းမယ်ဆိုတာ တစ်ဖက်ကမှန်းဆမရတဲ့ ပုံစံမျိုးပေါ့။ အဲ့ဒီကနေ တစ်ဆင့်ချင်း ငွေတွေ ပြန်ရဖို့Plan ဆွဲသွားမယ်။ ဂိမ်းEnd ဖို့ ၃ပတ်တောင် ကျန်သေးတာပဲ။ ဒီအချိန်အတွင်း step by step လှုပ်ရှား သွားကြမယ်။ ရှင်လုပ်ရမှာက တစ်–ကျွန်မကို ယုံကြည် . . .နှစ်– ကျွန်မကိုယုံကြည် . . .သုံး–ကျွန်မကိုယုံကြည် ဒါပဲ"သူမြွေပါ စကားကို အကြွင်းမဲ့လက်ခံသွားပြီ။

"ok လေ ရဲဘော်"

"ဖြန်း"

သူတို့နှစ်ယောက် လက်ဖဝါးရိုက်လိုက်ရာ အထဲရှိလူအချို့ လှည့်ကြည့်သွားကြသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုယုံကြည်ဆိုသည့် သူမ ပြောသောအသုံးအနှုန်းလေးကို ရင်ထဲတွင် မှန်ဘောင်ခတ်ကာ ချိတ်ဆွဲထားချင်သည်။ ချစ်ဖွယ်ကောင်းလှချည်ရဲ့ နတ်သမီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



## (+) Thinking

"ပန်းဝင်ခါနီး
ရှုံးသွားတာထက်စာရင်
တာထွက်ကထဲက
ရှုံးနှင့်စေတာ . . .
ပိုကောင်းတယ်။
ကြိုးစားဖို့အချိန်ရှိသေးတယ် မဟုတ်လား။"

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ မြွေပါက တိုက်ကွက်စသင့်ပြီဟုဆိုကာ ရိုးစင်ထံသို့ ဖုန်းဆက်၍ နံနက်စောစောချိန်းခဲ့သည်။ ရုံးမသွားခင် သူမနှင့် တွေ့ရမည် မြို့ထဲက ကော်ဖီဆိုင်တစ်ခုမှာ။ ဟိုရောက်တော့ . . ရှေ့တွင် ကော်ဖီခွက် ချလျက် Lollipop စားနေသော သူမကို လူအုပ်ကြားထဲတွင် ထင်းကနည်း တွေ့ရသည်။

"အိမ်ငှားစာချုပ်ဖို့ ခေါ်လိုက်တာ"

"ဘာ . . . ဘယ်လို"

"မပူနဲ့ . . .ရှင်ပိုက်ဆံစိုက်စရာမလိုသေးဘူး။

ငွေတွေရမှ ကျွန်မပြန်ပေး . . ."

"မဟုတ်သေးဘူးလေ သေချာလေး . . ."

"ရှူး . . .ဟိုမှာပွဲစားလာနေပြီ . . ."

ဘုရား . . . ဘုရား . . . နဂိုကတည်းက သိန်းတစ်ထောင် အကြွေးတင်နေသူကို ထပ်စောင်းအကြွေးတွေတင်အောင် ပူးပေါင်းပါဝင်ပံ့ပိုးပေးရသလား မှတ်ရတယ်။ သူတို့၏အိမ်ငှားနှင့် ပွဲစားလေလုံးများ ကြားထဲတွင် ရိုးစင်က ငုတ်တုပ်မေ့လျက်သား။ မြွေပါဆိုသော ကောင်မလေးကို စတွေ့တွေ့ချင်းက တုံးဏှိဘာဝေဟု ထင်ခဲ့မိတာ။ သူမနှင့် စကားပြောမိတော့မှ ခုမှသူမ လေထိုင် ကန်သမျှကို သည်းခံနားထောင်မိမှ ဒင်းကကြက်ဖင်စားပြီး ကြီးလာတာ ဖြစ်မည်ဟု တွေးမိသည်။ ထူးဆန်းလေစွ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးက အိမ်ပွဲစားများလား။ သူဝင်တည့်အောင် ကိုယ့်ပါ ဆွဲစားလိုက်ပြီလား။ သေပေတော့ ရိုးစင်ရယ်။ သည်လိုနှင့် မြွေပါလက်ထဲ ကပိုက်ဆံအလုံးအရင်းနှင့် အိမ်တစ်လုံးငှားတဲ့ဆီ ရောက်သွားသည်။ အိမ်ရှင်နှင့်ပွဲစား 'ထ' ထွက်သွားပြီး နှစ်ယောက်တည်းကျန်မှ

"ကျွန်မက အိမ်ပွဲစားမလို့ရှင်ထင်နေတယ် မဟုတ်လား"

'အဲ့ . . .အဲလိုတော့လည်း မဟုတ်ပါဘူး'

အားနာသမှုဖြင့် ရောချလိုက်သည်။

"အေးလေ ဘယ်ပွဲစားမှကိုယ့်ဝင် ကိုယ့်ပိုက်ဆံ စိုက်လုပ်မှာ မဟုတ်ဘူး။ ကျွန်မတောင် ၅၀% မျက်နှာရှိ လို့တာ။

"ဟုတ်ပါတယ် . . .ပါးစပ်ကသာ ဟုတ်လိုက်ရသော်ငြား စိတ်က တော့ ဒင်းကလေးကိုအလိုမကျလှ။

"ကဲသွားရအောင် အိမ်ဆီ"

ငှားလိုက် သောတိုက်ခန်းရှေ့ရောက်တော့

"ဟာင်"

သူ ဟာင်ကနဲဖြစ် သွားသည်။

"ဟုတ်တယ် . . .ကိုရိုးစင် ကျွန်မဒါကို ဈေးမတန်တဆ ငှားလိုက်တာ ဒါကြောင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အံ့သြတကြီးဖြင့် မြွေပါဟူသော ကောင်မလေးကို ငေးကြည့် နေပါသည်။ သူတို့ ငှားလိုက်သော တိုက်ခန်း၏ မျက်နှာချင်းဆိုင်တွင်လည်း နှစ်ထပ်အိမ်လေးတစ်လုံးရှိပြီး ထိုတိုက်ခန်းထဲမှ မျက်လုံးတစ်စုံသည် ရိုးစင်တို့အားစိုက် ကြည့်နေမည်ဖြစ်ကြောင်းလည်း နောက်လှည့်ကြည့် စရာမလိုဘဲ သေချာသိနေလေသည်။

"ဆရာမနဲ့တည့်တည့် တိုက်ခန်းကိုမှ မင်းဘာကြောင့်ငှားတာလဲ မြွေပါ"

ဆရာမပြုံးပြုံး၏ အိမ်ကလုံးချင်းပုံစံ နှစ်ထပ်တိုက်လေးဖြစ်ပြီး ဥယျာဉ်လမ်းထဲတွင် တစ်သီးတသန့်လေး ဖြစ်နေသည်။ ရိုးစင်တို့ငှားလိုက်သော ကန်ထရိုက်တိုက်သစ်ကြီးသည် ဆရာမအိမ်၏ မျက်နှာချင်းဆိုင် တိုက်ဖြစ်သည့်အပြင် ရိုးစင်တို့အခန်းမှနေ၍ ဆရာမ အိမ်၏ မြင်ကွင်းကို အသေးစိတ်မြင်နိုင်လေသည်။ အိမ်အတွင်းခန်းရှိ ထမင်းစားခန်း၊ မီးဖိုခန်းများကိုပါ ရိုးစင်တို့အခန်းမှ မြင်နေရလေသည်။

"ရှင် စဉ်းစားကြည့်စမ်း ကိုရိုးစင်"

"ရိုးစင်လို့ပဲ ခေါ်ပါ ရပါတယ်"

"ဟုတ်ပြီ ဒီလို ရိုးစင်ရယ် . . .ကျွန်မတို့တွေ ဆရာမဆီက ငွေပြန်ရဖို့ဆိုတာ ဆရာမကိုအချိန်ပြည့် စောင့်ကြည့်ဖို့လိုတယ်လေ။ နောက်တစ်ချက်က ရှင်နဲ့သူဟာ ပြိုင်ဘက်ရှိတယ်ဆိုတဲ့ Pressure ကို နှစ်ယောက်စလုံးအချိန် ပြည့်ရနေစေချင်လို့။ လက်ရှိမှာက သူက အသာစီးရနေတဲ့သူ အဲ့ဒီတော့ သူ့အားနည်းချက်ကိုသိဖို့ သူ့ကို ၂၄နာရီ

www.burmeseclassic.com

www.burmeseclassic.com



ရှင်က စောင့်ကြည့်ရမယ်။ ဒါက ဒီအခန်းငှားရတဲ့ အဓိက ရည်ရွယ်ချက်တွေ။ ကျွန်မကတော့ဒီကို တစ်ခါ တလေမှလာမယ်။

ရှင်ကတော့ ဒီနေ့ကစပြီး ဒီမှာပဲနေရမယ်။"

"ဟ ဟ မင်းကွာနည်းနည်းတော့ ငါ့ကိုပြောသင့်တယ်။"

"အခုပြောတယ်လေ။"

"ဟာကွာ"

"စိတ်မဆိုးပါနဲ့ရှင်။ ကျွန်မက အလျင်စလို စီစဉ်ရလို့ပါ။

ရော့ . . . ဒီမှာမှန်ဘီလူး အခုချိန်ကစပြီး ဒေါ်ပြုံးပြုံး ဘာတွေလုပ်နေလဲ ရှင်စောင့်ကြည့်ထားပေတော့။"

"ကိုယ် ရှုံးသွားရဦးမယ်လေ"

"ရှင့်အတွက် ခွင့်တစ်လတင်ခဲ့တယ် . . ."

"ဘာ"

"ဟုတ်တယ်။ ရှင်ခါးကြောမြတ်သွားတာ တစ်လနားရမယ် ဆိုတဲ့ဆရာဝန်ထောက်ခံစာနဲ့လေ။ ရှင့်MDနဲ့တောင် ဝင်တွေ့ခဲ့သေး။

သူမ၏ပါးရည်နပ်ရည်ရှိမှု၊ ကြိုတင်စီမံတတ်မှုကတော့ လက်ဖျားခါ လောက်ပါပေရဲ့။ ဒင်းကအကြံရှိသူဆိုတော့ Leader ကိုယ်က follower နောက်က လိုက်ရုံသာ။ သို့သော် ရင်ဘတ်ကြီးက လေးဆဲပင်။ အရှင်ဘုရား . . .တပည့်တော်အား ကြွေးပေါင်း သိန်းတစ် ထောင် မဆပ်ရအောင် ကယ်မတော်မူပါဘုရား။ ။

www.burmeseclassic.com

www.burmeseclassic.com



# Day 6

နံနက် ၁၀နာရီ ။ရိုးစင်တယောက်နံနက်စားတောင်မစားအား။ မှန်ဘီလူးတစ်လက်ဖြင့် လိုက်ကာအကွယ်မှ ဟိုဘက်အိမ်ကို ချောင်းကြည့်နေသည်။

"ဘာထူးလဲရိုးစင်"

တံခါးဖွင့်သံကြားကတည်းက သူမရောက်နေမှန်း သိသော်လည်း ရှေ့ကမြင်ကွင်းကိုသာ အာရုံထားသဖြင့် နောက်လှည့်မကြည့်၊ မှန်ဘီလူး ကြည့်လျက်သာစကားဆက်ပြော၏။

"ဘာမှမထူးဘူးပုံမှန်ပဲ။သူဟာသူထမင်းစား၊ပန်းကန်ဆေး၊ အိမ်သာဆေး၊ ခြံတံခါးပိတ်စသဖြင့်ပေါ့"

"သူကျွန်မတို့ပြောင်းလာတာ သိလား"

"ကိုယ်လည်းမသိဘူး။ ဒါပေမယ့် ကိုယ်တို့နှစ်ယောက် ဒီတိုက်ရှေ့ ရောက်တဲ့နေ့ကတော့ သူတွေ့မယ်လို့ကိုယ်သိတယ်။"

"ရှင်ဘယ်လို သိတာလဲ"

"မသိစိတ်နဲ့"

"သူ့ကြည့်ရတာ ရှင့်ကိုအတော်ရှော့တွက်ပုံပဲရိုးစင်"

"ဖြစ်နိုင်ပါတယ် ကိုယ်ကလည်းသူ့ကိုလျှော့တွက်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဟင်းဟင်း ... ဒါပေမယ့် မနက်ဖြန်ကစပြီး သူ့ရှင့်ကို ပိုတွက်စေရမယ်။ ဟက် ဟက် ဟက် ... ”

မှန်ဘီလူးကို မျက်လုံးမှ ဖယ်ခွာချလိုက်ပြီး မြေပါဆီ လှည့်ကြည့်လိုက်လျှင် Lollipop တစ်လုံးတမြုံ့မြုံ့စားရင်း ဒေါ်ပြုံးပြုံး အိမ်ဆီသို့ ခပ်ရူးရူးကြည့်နေသောဥာဏ်ကြီးရှင်မလေးကို တွေ့ရလေသည်။ သူမ ... ဘာတွေထပ်ကြံနေပြီလဲ ?

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# Chapte(4)

## သင်ခန်းစာများသင်ယူခြင်း

## Day 7

"ဒီနေ့တော့ရှင် . . .ဒေါ်ပြုံးပြုံးဆီသွားသင့်ပြီ"

"မဖြစ်နိုင်ဘူးထင်တယ်နော်"

"ရှင့်ငွေတွေကိုပြန်ပေးလို့သွားပြော"

သူ စိတ်ပျက်သွားသည်။

"အဲဒါ ကိုယ်လုပ်ပြီးပြီလေ၊သူကမပေးလို့ ကိုယ်က မင်းကို အကူအညီ တောင်းခဲ့တာလေ။"

"ကျွန်မသင်ပေးထားတဲ့ အတိုင်းသာ လုပ်စမ်းပါကဲပြော.. ပြော" ဆယ့်ငါးမိနစ်လောက် သင်ခန်းစာများပို့ချပြီးနောက် ...

"ဒေါက်..ဒေါက်.. ဒေါက်"

ထုံးစံအတိုင်းတဝက်တပျက် ပွင့်သောတံခါးနောက်မှ . . .

"ရီးစင် .. မင်းဘာလာလုပ်ပြန်ပြီလဲ"

"တီချာ ..ကျွန်တော့်ပိုက်ဆံ ပြန်ပေးလို့ လာပြောနေတာ"

"ဟားဟားဟားမင်းအရူးပဲ ရီးစင်ရယ် ၃၊၄ ရက်လောက် မင်းပျောက်နေလို့ ဘာများလုပ်နေလဲလို့။ နောက်ဆုံးတော့ ကလေး အထာပဲ။"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေးပါဗျာ. . .တောင်းပန်ပါတယ်။ တီချာသာ မကယ်ရင် ကျွန်တော့ ဘဝပျက်ပြီ ဒီလောက်များတဲ့အကြွေးတွေကို သားဘယ်လို ဆပ်ရမှာလဲတီချာရယ်။ တီချာကကျေးဇူးရှင်ပါ။ ကျွန်တော်တစ်သက် လုံး တီချာကိုလုပ်ကျွေးမှာပါ။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက် ဝေစု တစ်ယောက် မထိဘဲ သူတို့ပြန်လာသိမ်းရင် ဒီတိုင်းဆပ်လိုက် ပြီးတာပဲ။ အဲ့ဒီ အခါကျ တီချာရော၊ ကျွန်တော်ရော အကြွေးမတင် တော့ဘူး။"

ပြောချင်လို့တော့ မဟုတ်ပါ။ မြွေပါ သင်ပေးလိုက်သော Lesson No(1) Sympathy ကိုထုတ်နှုတ်နေခြင်းပါ။

"ဟား . . .ဟား . . .ငါကဘာလို့အကြွေးတင်ရမှာလဲ ရိုးစင်ရယ်။ ငါကသူဌေး ဖြစ်တော့မှာ။ နောက် ၂ရက်ပဲလိုတော့တယ်။ ဟီဟီ . . .မင်းကြောင့်သူဌေး ဖြစ်လို့ကျေးဇူးတင်ပါတယ် ချစ်တပည့် ရယ်။ မင်းဆပ်လိုက်တဲ့ ကျေးဇူးက မွန်မြတ်လှပါတယ်။"

"မဖြစ်။ Lesson No(2) စမှဖြစ်တော့မည်။ Lesson No(2) Angry။ နည်းနည်း လုပ်ရခက်သော အိုက်တင်ဖြစ်သည်။"

" ဟား . . .ဟား . . .ဟား . . အခုတော့ ကိုယ်ပျိုးခဲ့တဲ့ ပန်းတွေကို ကိုယ်ပြန် နှုတ်နေပြီပေါ့နော် တီချာ ဟား ဟား . . .ဟား"

"တော်စမ်းပါ ငါပြောခဲ့တဲ့စကားနဲ့ ငါ့ လှောင်မနေစမ်းပါနဲ့။ ဘဝမှာ နာတာက ဝမ်းဟာတာပဲ။ စကားလုံး 'နာ'တာထက် ဝမ်းဟာတာက

www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးလို့ မင်းပြောခဲ့တဲ့စကားလုံးတွေကို ငါ လုံးဝ လုံးဝ မနာဘူး ရိုးစင်ရေ။ ငါ့ဘဝကမင်းတို့တွေကို အနစ်နာခံပျိုးထောင်ခဲ့ပြီး နောက်ဆုံးကျ မြေဖြူ'ဝ'နေတဲ့ အဆုတ်တစ်ခု လက်ဆောင်ရတယ်။ အခုမှ သူဌေးဖြစ် ကံပါလာတာ။ မင်းဘဝဘယ်လိုပဲ ဖြစ်ဖြစ် မင်းဘဝ နဲ့မင်းကံ။ တီချာလှည့်မကြည့်နိုင်ဘူး ဆောရီးပဲ"

"ဩော် . . .ဒါက ကျွန်တော့်ကို စာသင်ကြားပေးခဲ့တဲ့ ဆရာမဒေါ်ပြုံးပြုံးရဲ့ ဩဝါဒတွေပေါ့။"

'ဝုန်း' 'ဒုန်း'

စကားဆုံးအောင်မပြောလိုက်ရ။ တံခါးအား ဝုန်းကနဲ ဆောင့်ပိတ် သွားသည်။

ရိုးစင် အသံကို အနည်းငယ် မြှင့်လိုက်ပြီး . . .

"ကောင်းပြီလေ တီချာ ဒီဂိမ်းကို ကျွန်တော်တို့ဆက် ကစားကြတာပေါ့။ တီချာ့ အလှည့်ဆိုတာပြီးရင် ကျွန်တော်အလှည့်ရောက် လာမှာပါ။ ကျွန်တော် တီချာ့ ကိုအနိုင်ယူပြမယ်။ နိုင်ကိုနိုင်စေရမယ်ဗျာ" သူ၏ လက်ခမောင်းခတ် ကြိမ်းဝါးသံကြောင့် ဘေးအိမ် တချို့က ကွက်ကြည့် ကွက်ကြည့် ကြည့်ကြသည်။ ဒေါ်ပြုံးပြုံး၏အရိပ်ကိုတော့ တံခါး အောက်ခြေရှိ လစ်ဟာနေသော နေရာလေးမှ မြင်နေရသည်။ တံခါးကို မှီရပ်ကာ ရင်ခုန်နေပြီလား Player 2 ရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့ ဒီဂိမ်းကို နိုင်ကို နိုင်စေရမယ်ဆိုတဲ့ လေသံကတော့ ရှင်ဆရာမကို အိပ်ပျော်စေမှာမဟုတ်ဘူးလို့ ကျွန်မ တပ်အပ်ပြောရဲတယ်။ ပွဲကိုစတိုက်ပြီလို့ စစ်ကြေငြာလိုက်တာကိုက ပြိုင်ဘက်အတွက် စိတ်ပူစရာပဲ မဟုတ်လား။"

Lollipop စုပ်ရင်းတွေးဆနေသော မြွေပါးထံမှ ထင်မြင်ချက်တစ်ခု ထွက်ကျလာခြင်းဖြစ်သည်။

"ဒါနဲ့မင်းရော သူ့အကြောင်း အပြင်မှာစုံစမ်းတာ ဘာထူးသေးလဲ"

"ဘာမှမထူးဘူး"

"ဟင် . . .ဒါဆို မင်းကအားနေတာပေါ့"

"ကျွတ် . . .အဲ့ဒါတွေ ရှင့်ကို စိတ်ပျက်တာ ရှင်မှန်ဘီလူးလွတ်တဲ့ အချိန်မှာ ကျွန်မ ဒုက္ခခံရတာလေ။ သူ အပြင်ထွက်တာနဲ့ Shadow ပဲဟာ။"

"သြော် . . .ဆော်ရီး . . .သေချာတာကတော့ သူအပြင်တစ်ခါပဲထွက်တယ်လေ။ ငါက မင်းအချောင်ခိုမှာစိုးလို့"

မြွေပါးမျက်နှာကား တီကောင်ဆားနှင့်ပက်သကဲ့သို့ တွန့်လိမ်ခေါက်ချိုးသွားသည်။ သို့သော် နှုတ်လှန်မထိုးဘဲ Lollipop သာ တမြုံ့မြုံ့စားရင်း ဘာကိုအာရုံရမှန်းမသိ အာရုံခံနေပြန်သည်။ သူစိတ်မရှည်တော့

"အဲ့ဒီအလုံးကြီးခဏဖယ်ပြီး လူကိုလူရာသွင်းပါဦး . . ."

ဒင်းကလေး၏ မျက်ခုံးနှစ်ဖက်တွန့်ချိုးသွားပြီး . . . .

www.burmeseclassic.com

www.burmeseclassic.com



"လူကို လူလိုထင်လို့ လူလိုအကြံတွေ ထုတ်နေတာပေါ့ရှင့်" အသံစွာစွာလေးနှင့် ပြန်ပက်၏။ ဒီတော့မှ ရိုးစင် ပြုံး၏။

"ဩော် ကိုယ်ပြောတာက သူဘဏ်တွေဘာတွေ မသွားဘူးလားလို့" လေသံကို ပြန်လျှော့ရသည်။

"အစထဲက အဲ့ဒီလိုမေးပါလား။ လိုရင်းကို မရောက်တော့ဘူး"

ဘဏ်တော့မသွားဘူး လမ်းထိပ်က လျှပ်စစ်ဆိုင် . . .ဟိုတစ်နေ့က လုပ်ပေးတာ အကြွေးကျန် တယ်ဆိုလား . . .သွားပေးတာ။ ငွေသိန်း ၂၀၀၀ ပိုင်ရအောင်လုပ်ပေးတဲ့ လျှပ်စစ်ပြင်ဆရာကို ၅၀၀ အကြွေးထားသတဲ့။"

"ဟိဟိ . . .ဟား ဟား ဟား"

ရိုးစင်တို့ ၂ယောက်လုံး ဝါးလုံးကွဲအောင် ရယ်မိကြသည်။ ခေတ္တကြာမှ

"ရှင်ကဘာလို့ . . .သူဘဏ်သွားမယ်လို့ ထင်တာလဲ။"

"အစတုန်းက ဘဏ်မှာအပ်ဖို့ အကြံပေးခဲ့တာ သူလေ။ ဘဏ်တိုးလည်း ရတာကို။ လက်ထဲမှာ သိန်း၂၀၀၀ရှိတာတောင် ၅၀၀ အကြွေးထားတဲ့ သူဆို တော့ ဘဏ်မှာအပ်နိုင် တယ်လို့စဉ်းစားမိတာ"

"ကျွန်မတော့ မထင်ဘူး။ ရှင့်အတွေးနဲ့ပြောင်းပြန်ပဲ။

ဟား . . .ဟား ကျွန်မ အတွေးမှန်ရင်တော့ ကျွန်မတို့ ရအောင်ယူနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .ဟော့ ဘဏ်ဓားပြတိုက်တာ ရာဇဝတ်မှုနော်"

"ရှင်ဟာလေ 'အ'ရန်ကော ရီးစင်ရယ်။ ကျွန်မ အထင်ပြောရရင် (၁) ငွေပမာဏ သိပ်များနေတယ်။ ဒီငွေပမာဏများများကို ဒေါ်ပြုံးပြုံးလို ဆရာမတစ်ဦးက သွားအပ်မယ်ဆိုရင် လူတိုင်းသံသယဖြစ်နိုင်တယ်။ အဲ့ဒီအချက်ကို သူကိုယ်တိုင်လည်း သိနိုင်တယ်။
(၂) ဒေါ်ပြုံးပြုံးက မိန်းမလေ။ မိန်းမဆိုတာ သံသယများတယ်။ ရှင့်လိုယောကျ်ားရင့်မာကြီးတောင် ငွေတွေရစဉ်က မျောက်မီးခဲကိုင်မိသလို ဘယ်နားထားရမှန်းမသိ ဘယ်သူ့ယုံရမှန်းမသိဖြစ်သေးတာပဲ။ ဒေါ်ပြုံးပြုံးလို ဝေစုနှစ်ခုကိုင်ထားရတဲ့လူအဖို့ ဘယ်နေရာကိုမှ ဘယ်သူ့ကိုမှ ယုံမှာမဟုတ်ဘူး။ သူကလွဲလို့ပေါ့။

မြွေပါထောက်ပြသောအချက်ကို သူနက်နက်နဲနဲ တွေးဆရပြီး။ 'ဟုတ်တယ် မင်းပြောတာသိပ်ဖြစ်နိုင်တာပေါ့ မြွေပါ။ ကိုယ့်လက်ထဲမှာရှိတုန်းကလည်း ကိုယ်ဒီလိုပဲခံစားခဲ့ရတာပဲ။ ကိုယ်ယုံကြည်ရတဲ့လူမတွေ့ ခင်အထိ ကိုယ် အဲ့လိုဖြစ်ခဲ့တာပဲ။ ဒါဆို . . ."

"ဟုတ်ပ . . .ရီးစင်ရယ် ရှင်တော်လာပြီ။ အရိပ်ပြရင် အကောင်မြင်လာပြီရှင့်ဆရာမ ဘယ်မှမသွားဘဲ အိမ်မှာချည်း ကပ်နေတာ ထူးဆန်းတယ်လို့ မထင်ဘူးလား"

"ဟုတ်တယ် . . .ဟုတ်တယ် မင်းပြောတာ right "

" ရှင် အဲ့ဒီငွေတွေ ရခဲ့တုန်းက ဘယ်မှာဝှက်ခဲ့လဲ ရီးစင်။"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မျက်စိနဲ့ တစ်ချိန်လုံး မြင်နိုင်တဲ့ နေရာမျိုးမှာ။" သူဟိုက်ကနည်း ဖြစ်သွား၏။ အဖြေတစ်ခုကို သူတို့ဆုပ်ကိုင်ပါတော့မည်။ ဆရာမကိုစောင့်ကြည့်နေစဉ်က ပုံရိပ်တွေက အနေးရုပ်ရှင်ကွက်တွေလို တစ်ကွက်ချင်း တစ်ကွက်ချင်း ပေါ်လာသည်။ နံနက်စာပင် အပြင်ထွက်မစားဘဲ ဖြတ်သွား ဖြတ်လာ ခေါင်းရွက်သည် များထံမှ သာဈေးဝယ်သော၊ဆန်၊ဆီ၊ဆားပင် ဖုန်းဆက်၍အိမ်လာပို့ ခိုင်းသော၊ ခြံထဲတောင်မဆင်းဘဲ အိမ်တွင်း၌သာ အောင်းနေသော ဆရာမ၏ နေထိုင်မှုပုံစံ။ သေချာပါပြီ ရိုးစင်၏ငွေတွေကတော့ လက်တစ်ကမ်းမှာရှိနေပြီ။

"ထပ်လုပ်ရမယ့် နောက်တစ်ခုရှိသေးတယ်။ မနက်ဖြန်သူနဲ့တွေ့ရင် လုပ်ရမယ့်ဗျူဟာသစ်" ။ မြွေပါက ဩဝါဒခြွေပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## + Thinking

ယုံကြည်မှုသာ ရှိရင်တော့

ကိုယ်ဟာ မင်းဖြစ်ပြီး

မင်းဟာ ကိုယ်ဖြစ်သွားမယ်။

သံသယသာ ရှိရင်တော့

မင်းဟာ ရန်သူဖြစ်ပြီး

ကိုယ်ဟာ လူသတ်သမား ဖြစ်သွားတယ်။"

www.burmeseclassic.com

www.burmeseclassic.com



# Day 9

ရောက်ဖူးနေကျဖြစ်သော ဒေါ်ပြုံးပြုံး၏ အိမ်ရှေ့ရိုးစင် ရပ်နေပြန်ပါပြီ။ သို့သော် ဒီတစ်ခါ ရပ်တည်မှုက အားအင်ရှိသည်။ လုံခြုံသည်။ သည်တစ်ခါ ဒီလိုရပ်ပြီးလျှင်တော့ ဒီမတိုင်ခင်က ရိုးစင်တွင် ရှိခဲ့သော မလုံခြုံမှု၊ စိုးရိမ်ပူပန်ခြင်း၊ သောကမီးပွားများသည် ဒေါ်ပြုံးပြုံးဆီသို့ လွှဲပြောင်းသွားမည်ဖြစ်သည်။

"ဒေါက် ဒေါက် ဒေါက်"

ထုံးစံအတိုင်း မျက်လုံးတစ်လုံးစာသာ တံခါးကြားဖွင့်ဟ၍ စိမ်းတောက်နေသော မျက်လုံးတစ်စုံ ထွက်လာသည်။ ရိုးစင်တစ်လုံး တစ်ပါဒမျှစကားမဆို အရပ်ကြီးဖြင့်သာ မိုးကာ ဒေါ်ပြုံးပြုံးအား ပြုံးထေ့ထေ့ ကြည့်သည်။ ကြည့်စမ်းတီချာ့ မျက်ကွင်းတွေညိုလို့။ ဘယ်လောက်တောင် မအိပ်နိုင်ဘဲ ဟိုအထုပ်ကြီးကိုစောင့်နေ သလဲ မသိ။ ထိုမျက်တွင်းဟောက်ပက်နှင့် မျက်လုံးများကိုပဲ စူးစူးရဲရဲ စိုက်ကြည့်ရင်း စိတ်တွင်းမှစကားဆိုလိုက်သည်။ မျက်ဝန်းချင်းဆုံသော အခိုက်အတန့် . . .ရိုးစင်၏မျက်ဝန်းစကား၊ ထို့နောက် လှောင်ပြောင်လွန်းသောအကြည့်၊ အားလုံးသည် အချိန်ကိုက်။ ဒေါ်ပြုံးပြုံး၏ မျက်နှာကား လေကားပေါ်မှလိမ့်ကျသွားသော ကြွေပန်းအိုးတစ်လုံး တလိမ့်လိမ့်ဖြင့် တစ်စစီ တစ်ဆင့်စီ ကွဲကြေ ပျက်စီးသွားသည်မှာ မြင်မကောင်း။ ထိုသို့မျက်လုံးချင်းသာ ဆိုင်ကြည့်ပြီး ရိုးစင်လှည့်ထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှိတဆင့် ဒေါ်ပြုံးပြုံးအား ပြောခဲ့သောစကားမှာ . .

"ငွေတွေဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်သိပါတယ် တီချာရယ် . . . ဟား . . .ဟား . . .ဟား"

Lesson (3) သံသယ ဗျူဟာမှာ ပြိုင်ဘက်ကတော့ ကျရှုံးခဲ့ပြီ။

Day 10, 13, 14, 15 ဒီလိုဖြင့်ရိုးစင်ကဆရာမအိမ်ကို မှန်ဘီလူးတစ်လက်ဖြင့် စောင့်ကြည့်။ မြွေပါကလည်း . . . ဆရာမအရိပ်အခြေကို မနီးမဝေးမှစောင့်ကြည့်၊ နှစ်ယောက်သား မအားမလပ်ဖြစ်နေသည်။ ဒေါ်ပြုံးပြုံးကလည်း သူတို့နှစ်ယောက်လှုပ်ရှားမှုကိုသိဟန်ဖြင့် ဝရန်တာပင်မထွက်တော့။ နေ့ရောညပါ လျှပ်စစ်မီးထိန်ထိန်ညီး ဖွင့်ကာ တစ်မှေးမှ အိပ်စက် နားနေခြင်းမရှိတော့ပေ။

ဂိမ်းအဆုံးသတ်မည့် ဧပြီ ၃၁ရက်နေ့ကလည်း တဖြေးဖြေးနီးကပ်လာရာ . . .၁၅ရက်သာလိုတော့သည့် အနေအထားသို့ရောက်လာသည်။

ရိုးစင်လည်းစိတ်ခတ်ကျစ ပြုလာသည်။

"မပူပါနဲ့ ရိုးစင်ရယ်။ လူတစ်ယောက်ဟာ ၂၄နာရီ စောင့်ကြည့်ခံနေရ တယ်ဆိုတာသိရင် ဘယ်လောက်တောင် စိတ်ကျဉ်းကြပ်ခံနေရမလဲ။ ကျွန်မတို့သူ့ကို ဒီရက်မှာ အပြည့်အဝပေးနိုင်တာ ဒီတစ်ခုပဲရှိတယ်။ Pressure လေ။ ကျွန်မရဲ့ Lesson (4) က Pressure လေ။"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မီးများ ထိန်ထိန်ညီး ဖွင့်ထားသည့် အိမ်ခန်း၏ ထောင့်တစ်နေရာ၌ ဒေါ်ပြုံးပြုံးမှာ . . . ရိုးစင်နှင့် ဟိုကောင်မလေးတော့ ငါ့ပိုက်ဆံတွေ ထားတဲ့နေရာကို သိနေပြီ။ လာခိုးကြမယ့်သဘောမှာ ရှိတယ်။ သူတို့ ကြည့်ရတာ တချောင်းချောင်းနဲ့ လာခိုးရင်ဘယ်လိုလုပ် မလဲ ဒုက္ခ။ အို . . . ငါ ဒီလောက် လုံလုံခြုံခြုံ သိမ်းထားတာ မဖြစ်နိုင် ပါဘူး။ ဒီလောက်ကြီး ဒီလောက်ထူတဲ့ဟာကြီးကို ဘယ်လိုဖောက်နိုင် မှာတုန်း။

ဒါပေမယ့် . . .ခုခေတ်နည်းပညာတွေက ယုံရတာမဟုတ်ဘူး။ ဒီမီးခံသေတ္တာကြီးကိုပါ သူတို့ဖွင့်တတ်ရင် . . . .

မဖြစ်ဘူး . .ငါအိပ်လို့မဖြစ်ဘူး . . .အိပ်လို့မဖြစ်ဘူး။ ဒေါ်ပြုံးပြုံးကား ပူပန်မှု အတွေးဝက်ဘာထဲတွင် မြုပ်ချဉ်ပေါ်ချဉ် ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# Day 16

ရိုးစင်နှင့် မြွေပါလည်း သူငယ်ချင်းများ ကဲ့သို့ ရင်းနှီးသွားကြပြီ ဖြစ်သည်။

"လူတွေဘာကြောင့်အရှူးလုပ်ခံ၊ အလိမ်ခံကြရတယ်ထင်လဲ ရိုးစင်"

"တစ်–လောဘရှိလို့၊ နှစ်–ယုံချင်လို့ ယုံလို့ပေါ့ကွာ၊ ဒီ ၂ချက် လောက်ပါပဲ။"

"ဘာကိုယုံချင်ယုံမိတာလဲ"

"ရှင်းနေတာပဲ ယုံချင်စရာ ရှိလို့ပေါ့ကွာ။"

"ဒါဆိုကျွန်မတို့ ယုံချင်စရာကောင်းတဲ့ လူတိုင်းကို သတိထား စောင့်ကြည့်သင့်တယ်။ ရှင်က ဒီလိုကျ စဉ်းစားတတ် သားပဲ။"

"မင်းက ငါ့ကို လဘာချာ ထင်လို့လား"

သူခပ်ရွဲ့ရွဲ့ပြောမှ မြွေပါမလေး၏ မျက်နှာ စပရိန်ပြန် ဖြစ်သွားသည်။

"ဟိ . . .စိတ်မဆိုးပါနဲ့ရှင် . . .ဒေါ်ပြုံးပြုံးကိုနိုင်ဖို့အရေးတွေး တာပါပဲ"

'မင်းကသူ့ကို လှည့်ဖို့လား'

"အင်းလေ မနက်ဖြန် ဗျူဟာသစ်ထပ်ခင်းကြရအောင်။"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါလည်း ငါပဲလား"

"No ဒီတစ်ခါ နည်းနည်းဗီလိန်ဆန်တယ်။ ကျွန်မပါ ပူးပေါင်းပါဝင်ရမှာ။"

"ဘုရား . . .ဘုရား မြွေပါ . . . မင်း . . .နဲ့ဖြစ်ပါ့မလားကွာ ငါတစ်ယောက်တည်းပဲ လွှတ်ပါတော့။"

"ဟား . . .ဟား ရိုးစင် . . .လောဘများလေလေ၊ အလှည့်ခံရဖို့အလိမ် ခံရဖို့များလေလေပဲလေ။ ရှင်နဲ့ကျွန်မနဲ့ စတွေ့ခဲ့တဲ့ ပန်းဆိုးတန်း တလျှောက်မှာတော့ အဲ့လိုလူတွေ အများကြီးပဲ။ ဒီလိုလူတွေက သူတို့ လိမ်ညာဖြီးဖြန်းမယ့်လူရဲ့ အားနည်းချက်ကိုတွေ့အောင်ရှာပြီးရင် အဲ့ဒီ အားနည်းချက်နဲ့ ကိုင်တော့တာပဲ။ လူဆိုတာကလည်း ကိုယ့်အားနည်း ချက်အထိခံရရင်တော့ အားနည်းလာတတ်တာ သဘာဝမဟုတ်လား"

"ဟုတ်ပါတယ် . . .ဆရာမကြီးရယ်။ သူများကိုလှည့်မယ့်လူက အရင်လည်နေသလိုပဲ လိုရင်းကိုမရောက်တာ"

ရိုးစင်သည် မြွေပါ၏ အရှုးလုပ်ခြင်းဒဿနကို ခံရသူများဘက်မှ စာနာခံစားမိပါသည်။ အကယ်၍များကိုယ် ချစ်ခင်ရတဲ့လူတွေက ကိုယ့်အားလှည့်ဖျား အရူးလုပ်ကြမည်ဆိုလျှင် နာကျင်ခံစားရမှုသည် အတော်နက်ရှိုင်းပေသည်။ ငွေနှင့်ပစ္စည်းပါ သွားသည့်ထက် စိတ်နှလုံးတစ်ခုလုံးပဲ့ကြွေဆုံးပါးအောင် အစွမ်းထက်သည့်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖျားခြင်း၊ အရူးလုပ်ခြင်းဟူသော အပြုအမူကား ချစ်သူအပေါ်တော့ ဘယ်သောအခါမျှပြုလုပ်မည်မဟုတ်ပါ။

ချစ်သူတိုင်းရော တစ်ယောက်နှင့်တစ်ယောက် အရူးလုပ်ခြင်း၊ လှည့်ဖျားခြင်း ကင်းကြပါရဲ့လား။ သူသက်ပြင်းကိုများများ စားစားချမိသည်။ သူ့အသည်းသည် ဘယ်မဒီကိုမှမချစ်ခင်ရသေးသော လူပျိုနှလုံးသား စစ်စစ် ဖြစ်လေသည်။ အခုတော့ သူ့အသည်းက ခမည်းတောင်းနေပြီ။ တစ်ယောက်ယောက်ကို ခုံမင်ချင်သလို ဖြစ်နေပြီ။ အသည်းနှလုံးရယ် . . . ကျွန်တော့်ကို အရူးမလုပ်ပါနဲ့ဗျာ။

Lies can often give your power
Like a coffin filled with flowers
Give life to the livy,
Not the dead

www.burmeseclassic.com

www.burmeseclassic.com



# Day 17

"ရီးစင် . . .ရှင့်ဆရာမ မအိပ်သလောက်နီးနီးပဲ။ သူကြည့်ရတာ အတော်ဒေါင်းနေပြီ။ ကျွန်မတို့သူ့ကို သွေးပူလေ့ကျင့် ခန်းလေးပေး လိုက်ကြရအောင်။"

မှန်ဘီလူးဖြင့် ဆရာမအိမ်ကိုကြည့်ရင်း မြွေပါကပြောလိုက်ခြင်း ဖြစ်သည်။

"မီးဗျို့ . . မီး . . .မီး . . ."

"ဒေါင် ""ဒေါင်""ဒေါင်"

ဒေါင်ဒေါင်ဒင်ဒင် သံချောင်းခေါက်သံများနှင့်အတူ မီးခိုး တလူလူက အိမ်ထဲသို့လှိမ့်ဝင်လာသဖြင့် ဒေါ်ပြုံးပြုံးတစ်ယောက် ထိုင်နေကျကုလားထိုင်တွင် ဆက်ထိုင်၍ 'ဥစ္စာစောင့်' ရနိုးနိုး၊ အသက်ဘေးမှလွတ်ရန် 'ထ' ပြေးရနိုးနိုးဖြင့် ရင်ထဲဗလောင်ဆူ သွားတော့သည်။ မီးခိုးများကသူမရှိရာ အခန်းထောင့်ထဲသို့ လှိမ့်ဝင်လာရာ အသက်ရှူရပင်ခက်ခဲ လာသဖြင့် ဖောချွေးပြန်လာ တော့သည်။ ဤအိမ်တွင်သူမ တစ်ယောက်တည်း . . .သူမတစ်ယောက်တည်း အားကိုးရာမဲ့စွာ။ ပြီးတော့ ငွေတွေ ဒါတွေကို ကာကွယ်ရဦးမည်။

ဆုံးဖြတ်ချက်ချပြီးသည်နှင့် အိမ်ရှေ့သို့ပြေးကာ မီးသတ်ဌာန သို့ ဖုန်းဆက်ခေါ်လိုက်တော့သည်။ သို့သော်တစ်ဖက် ဖုန်းကား

www.burmeseclassic.com

www.burmeseclassic.com



မအား။ မီးခိုးလုံးများက အိမ်ထဲသို့ ပိုမိုဝင်ရောက်လာလျှင် . . .'တီ တီ တီ'

ဒေါ်ပြုံးပြုံး လျှပ်ကနည်း ဝမ်းသာသွားသည်။ တစ်စုံ တစ်ယောက် သူ့ထံဖုန်းဆက်လာသည်။ ဒီကအခြေအနေကို ပြောပြ ကာအကူအညီ တောင်းရမည်။ သို့သော် ဖုန်းခွက်အား ကောက်ကိုင်ကာ နားထောင်လိုက်သည်နှင့် . . .

"ဟဲလို"

ကြားဖူးသောအသံ။

"ဟဲလို တီ . . .ချာ . . . လား"

"ရှိးစင် . . .မင်း . . .မင်း"

"ဟဲဟဲ . . .တီချာကလည်း ကျွန်တော်တို့ကချစ်လို့စတာကို။ တီချာကြားသမျှ တီချာအိမ်ပတ်လည်ကအသံတွေက စပီကာတွေ ထဲကပါ။ အဲ . . မီးခိုးလုံးတွေကတော့ တီချာခြံထဲမှာ သစ်ရွက်လေး နည်းနည်း မီးရှို့ခဲ့တာ။အဲ့ဒါလည်း ခဏလေးပါ ဟဲဟဲ . . ."

"ရှိးစင်မင်းတယ်မိုက်ရိုင်းပါလားကွ . . ."

"ဒီလောက်အသက် ဘေးကြုံတာတောင် ဒီအိမ်ကိုစွန့်မပြေးပုံ ထောက်လျှင် . . .သေချာနေပါပြီ (ဟက်)"

"ဒီမှာဟေ့ . . .ရှိးစင် သူခိုးကျင့် သူခိုး ကြံတော့ မကြံနဲ့။ ရပ်ကွက်ရုံးကိုခေါ် လိုက်မယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အဲ . . .ကောင်းတာပေါ့တီချာရယ်။ အဲ့ဒီအခါကျ ပိုက်ဆံတွေ ဘယ်နားမှာရှိတယ်ဆိုတာပြောပြ၊ တီချာဘယ်ကိုမှ မတိုင်ရဲဘူးဆိုတာ ကျွန်တော်သိနေပါတယ်။"

"မင်း . . .လူမိုက် . . .တော်တော့"

"လူမိုက်ကတီချာ့နားရောက်နေပြီ။ တီချာ့ကို ကယ်ဖို့လေ။ နောက် ကိုလည်းကြည့်ပါဦးဗျာ။"

ဒေါ်ပြုံးပြုံးနောက်ကိုလှည့်ကြည့် လိုက်လျှင် အိမ်တွင်းပြတင်း ပေါက်မှ ကျော်ခွဝင်လာသော ဟန်းဖုန်းတစ်ဖက်နှင့် ရိုးစင် ကိုတွေ့ လိုက်ရလေသည်။

"သိန်း ၂၀၀၀က ဒီအိမ်ထဲမှာပေါ့နော် တီချာ"

ရိုးစင်အားတွေ့သည်နှင့် ဒေါ်ပြုံးပြုံးတစ်ယောက် သူမအခန်း ရှိရာ အပေါ်တက်သို့တက်ပြေးလေသည်။ သို့သော် အပေါ်ထက်တွင် လည်း ဒေါ်ပြုံးပြုံးမကြိုက်သည့် နောက်တစ်ယောက် ရှိပြီးသားဖြစ်၍ ရိုးစင်မပူ ပါချေ။ အပေါ်ထပ်လှေကားဆုံးသည်နှင့် . . .

"ဟိုင်း . . .ဒေါ်ပြုံးပြုံး ရှင်အပြင်မထွက်တာ ၁၀ရက်ကျော်ပြီ"

မြွေပါကလက်ဖဝါးထောင်ကာ ခြောက်ကပ်ကပ်နှုတ် ဆက်သည်။ အခုတော့သူမအိမ်ထဲတွင် သူမ၏ရန်သူနှစ်ယောက် ရောက်နေခဲ့ပြီဆိုတာ ဒေါ်ပြုံးပြုံးသိသွားခဲ့ပြီ။

"ဟား . .ဟား . .ဟား မင်းတို့ငါ့ကိုလာခြောက် နေတာလား ကလေးတို့ရဲ့။ မင်းတို့ပြောသလို ပိုက်ဆံတွေကတော့ ဒီမှာပဲဟေ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုယူမလဲ . . .ဘယ်လိုယူကြမလဲ။ သိချင်လိုက်တာ. . . ဟီးဟီးဟီး"

ဒေါ်ပြုံးပြုံးက အဝတ်နက်ဖြင့်ဖုံးထားသော ပစ္စည်းတစ်ခုကို ဖယ်လိုက်လျှင် ငွေမင်ရောင်မီးခံသေတ္တာကြီး ပေါ်လာလေသည်။

"ဒီမီးခံသေတ္တာ ကို ဖွင့်ပြကြလေကွာ ဟားဟားဟား အလကား . . .ကလေးစုတ်တွေ။ ကဲကဲ . . .ပြန်ကြပါတော့ကွာ။ ဒါကြီးကိုကြည့်ရုံ အပြင် မင်းတို့ဘာမှတတ်နိုင်ကြတာမှမဟုတ်တာ"

ရိုးစင်ရောမြွေပါပါ ဆိတ်ငြိမ်နေကြသည်။ ပြီးမှ မြွေပါက

"ဟုတ်ကဲ့ အခုတော့ ကြည့်ရုံအပြင် ဘာမှမလုပ်ရသေးပါဘူး။ ဘာလို့လဲဆိုတော့ အခုလိုလာတာ ဒါကိုကြည့်ဖို့သက်သက် အတွက်ပဲ လေအန်တီ။ အခုကြည့် ပြီးသွားပြီ ဆိုတော့ ပြန်ပါဦးမယ်ရှင်"

ဒေါ်ပြုံးပြုံးမျက်နှာ မည်းကနည်းဖြစ်သွားသည်။

"နေပါဦး ကလေးမရဲ့ . . .မင်းကဘာကိုတတ်နိုင်တာတုန်း . . . ဟင်းဟင်းဟင်း . . . မင်းကိုအထင်ကြီးချင်လို့ ပြောခဲ့ပါဦး"

"ဟုတ်ကဲ့ပါ အန်တီ . . .ဒီမီးခံသေတ္တာကို ဖောက်နိုင်မဖောက်နိုင် ကျွန်မတို့လာကြည့်တာပါ။ အခုဒီလိုကြည့်လိုက်ရတော့လည်း ဖောက်နိုင်တယ်ဆိုတာ သိသွားပါပြီ။ ခုတောင်ဖောက်သွားလို့ရပါတယ်။ ရိုးစင်က သူ့ဆရာမရှေ့မှာတော့ မလုပ်ချင်ဘူးဆိုတာနဲ့။ အဲ့ဒီတော့ အန်တီကွယ်ရာမှာ ကျွန်မတို့ လာဖောက်ပါ့မယ်ရှင်။"

www.burmeseclassic.com

www.burmeseclassic.com



သစ္စာတရားရှိရင်

အမှန်တရားရှိတယ်လို့ ပြောကြတယ်။

ဒါပေမယ့်

သစ္စာဘယ်လောက်ရှိရှိ

ယုံကြည်မှု မရှိတော့ရင်လဲ

အမှန်တရားဆိုတာ မရရှာတော့ပြန်ဘူး။

နင် . . .ငါ့ကိုယုံကြည်ဖို့ . . .

တဲ . . .တဲလေးပဲ လိုခဲ့တာပါ . . .

www.burmeseclassic.com

www.burmeseclassic.com



# Day 18

"တစ်ကယ်တော့ ကိုယ်မနေ့က တီချာ့အပေါ် လုပ်ခဲ့တာတွေကို ရှက်တယ်။ တစ်ညလုံးတွေးပြီး စိတ်မကောင်း ဖြစ်မိတယ်။"

မြွေပါက ကျောပြင်ကို တစ်ချက်ပုတ်ကာ နှစ်သိမ့်၏။

"ကျောင်းတုန်းကသီအိုရီတစ်ခုကို ရှင်သတိထားမိလားရိုးစင်။ ဥပမာ ဆရာက ကျောင်းသား တွေကို ကစားမယ်။ ကျောင်းသားတစ်ယောက်က A လို့ပြောမယ်။ အဲ့ဒီအခါကျ နောက်ဆက်ဖြေမယ့်လူတွေက ဘာဆက်ဖြေမယ်ထင်လဲဟင်"

"အများစုကတော့ Aပဲပေါ့၊ ငါအပါအဝင်ပဲလေ"

"ကျွန်မလည်းပါတယ်"

နှစ်ယောက်သားပြိုင်တူပြုံးမိကြပြန်သည်။

"ဟုတ်တယ်နော် ရိုးစင်၊အများညီရင် ဤတောင်ကျွဲဖြစ်သေးတာပဲ။ လူအများစုဟာ ပြဿနာ ရင်ဆိုင်ရရင် ကိုယ့်ကိုကိုယ်ကြည့် ရမယ့်အစား ပြိုင်ဘက်ကို(သို့) တခြားလူကိုပဲ အာရုံစိုက်တာများတယ်။ ဒေါ်ပြုံးပြုံးရဲ့ Psycho လဲ ဒီလိုပဲ။ ရှင်နဲ့ကျွန်မကတော့ ပွဲပြီးပြီးချင်း ဤကိုကျွဲလိုက်ဖို့ပဲလိုတယ်။ သူကတို့ကို သူဘယ်လောက်လုံခြုံလဲဆိုတဲ့ စံနှုန်းကိုပြတာ။ ကိုယ်တွေကို အဲ့ဒါမြင်ပြီးစိတ်ပျက်သွားစေချင်တာ။ ကိုယ်ကသူလိုချင်တာ မပေးဖို့လိုတယ်။ သူမီးခံသေတ္တာပြလိုက် တဲ့အချိန်မှာ စိတ်ပျက် မသွားတဲ့အပြင် ဖောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကယ်လို့ စိန်ခေါ်ခဲ့တာ။ အသာစီးရထားတဲ့ သူ့စိတ်လေးကို 'ဖိ' ထားချင်လို့။ကိုယ့်ကိုကိုယ် မယုံ မကြည်ဖြစ်လာဖို့၊ သူ့ရဲ့ ပူပန်မှုကို လိုချင်လို့ပဲ။"

"ကိုယ်သဘောပေါက်တယ်၊ ကိုယ်တို့တွေက သူ့ပိုက်ဆံတွေ လာခိုးတော့မယ်လို့ သူတွေးလေ သူအားနည်းလေပဲ။"

ထိုအချိန် မီးခံသေတ္တာရှေ့တွင် ဥစ္စာစောင့်လုပ်နေရသော ဒေါ်ပြုံးပြုံးက . . ဒီကောင်မလေး တွေKey လျှို့ဝှက်များသိနေလား။ အောင်မယ်လေး ငါအိမ်သာတောင် သွားလို့မဖြစ်တော့ဘူး။ သွားနေတုန်းလာဖောက်သွားမှ အိုလေ . . .ဒါသူတို့ဆင်တဲ့ ထောင်ချောက်လည်းဖြစ်နိုင်တာပဲ။ မယုံဘူး မယုံဘူး။

စိတ်ထဲကထိုကဲ့သို့သာ ကြုံးဝါးနေသော်လည်း မလုံမခြုံ ဖြစ်လှသည်နှင့် နီးစပ်ရာခြင်ထောင်ကြိုးဖြင့် မီးခံသေတ္တာ ကိုဆွဲပတ်ထားပြီး ကတ်ကြေး တစ်ချောင်းအားဆုပ်ကိုင်ရင်း ငိုက်မြည်းနေသည်။

ငါအိပ်လို့မဖြစ်ဘူး။ငါအိပ်လို့မဖြစ်ဘူး ဟု တဖွဖွရွတ်ရင်း..။

## Day 29, 21, 22, 23,24, 25

ထိုရက်များတွင်တော့ မြွေပါတစ်ယောက်မှာ ဒေါ်ပြုံးပြုံးအိမ် ဘက် သို့ မှန်ဘီလူးဖြင့် အချောင်းကြီးချောင်း ၊ FGG မှပို့လိုက်သော emailကို စစ်ရန် အင်တာနက်ဆိုင်သွားလိုက်ဖြင့် ခနိုးခနဲ့ရယ် နေသော်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရိုးစင်မှာ မူကား တရွေ့ရွေ့နီးကပ်လာသော ဂိမ်းပြီးမည့် ဧပြီ ၃၀ အတွက်ရင်ပိုပူလာပြီး သက်ပြင်းသာတကြိတ်ကြိတ်ချနေမိတော့သည်။

အင်တာနက်ဆိုင်မှပြန်လာသော မြေပါလက်ထဲတွင် Print ထုတ်ထားသော စာရွက်တစ်ရွက်လည်းပါလာခဲ့သည်။

Player 1; Roe Zin Htike (May be Loser)
Prepare yourself for
Apirl 30 (-100,000,000,)

Player 2; Daw Phyone Phone (May be Winner)
Prepare yourself for Apirl 30
(+100,000,000)

ပြိုင်ပွဲပြီးဆုံးမည့်နေ့ ဧပြီ ၃၀ရက်နေ့ နံနက် ၉ နာရီတွင် FGG မှ တာဝန် ရှိသူများ ကိုယ်တိုင်လာရောက်၍ Player များထံမှ ငွေများကို ပြန်လည် သိမ်းဆည်းမည်ဖြစ်သည်။ နိုင်သူ(Winner)အား ဆုချီးမြှင့်သွားမည် ဖြစ်ပြီးရှုံးသူ (Loser)မှာ ကြွေးမှီ ပေးဆပ်ရမည်ဖြစ်သည်။

“ဒီemail ကို ဒေါ်ပြုံးပြုံးလည်းရမှာပေါ့နော် ရိုးစင်”

“ဒါပေမယ့် တစ်ခါမှသူ့အပြင်မထွက်ဘူး။ မေးလ်မစစ်ရလောက်သေးဘူးထင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



မြွေပါမျက်နှာကလက်ကနည်း တစ်ချက်ဖြစ်သွား၏။

"ဒါဆိုသေချာတယ်။ လျှပ်စစ်ဆရာကိုပဲ သူ မေးလ်စစ်ခိုင်းပိမ့်မယ်။"

ရှိုးစင်သည် FGG မှပို့လိုက်သော စာရွက်ကိုအခေါက်ခေါက်ဖတ် ကာ ထိုညကအိပ်မပျော်ခဲ့ပေ။ နောက်ထပ် ၇၂နာရီအတွင်း သူသည် ခွေးဖြစ်ဖို့ ၉၀ရာခိုင်နှုန်းသေချာနေခဲ့ပြီ။ ခွေးတောင် သိန်းတစ်ထောင်ကြေးမှီရှိသော စပါယ်ရှယ် ခွေးဝဲစားဖြစ်သည်။

ခုလောက်ဆို တီချာရော ဘယ်လိုဖြစ်မည်နည်း။ ခွေးမဖြစ်ချင်လွန်း၍ တီချာ့အပေါ် အိုက်တင်လုပ်ခဲ့သမျှကို သူအားနာပါသည်။ တီချာကနိုင်သူ ပီပီ နောက်ထပ် ၇၂ နာရီအတွင်း သူခွေးဖြစ်မည့်အရေးရင်ခုန်ပျော်ရွှင်နေမည်ပင်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# Day 29

"ဟော့ဟော့ . . .ထတော့ ထတော့"

"ဝါး. . .ရိုးစင်ရယ် အစောကြီးရှိသေးတယ်။ "

"ဒီမှာအမိ . . .ခင်ဗျားလေးရှိနေလို့ ကျုပ်မှာတစ်ညလုံး ဝရုံတာမှာ ခြင်သွေးစုပ်ခံရင်း ဒုက္ခခံပြီးပြီ။ ပြီးတော့ ကျုပ်ကမနက်ဖြန်ဆိုခွေးဖြစ်တော့မယ့်ကောင်ပါ။ ပါတနာဆိုပြီး ခုလောက်ကြီး ဖိမ်ခံမနေသင့်ပါဘူး။"

"ဟဟဟ ရှင်က . .ဟား ဟား ဟား "

အောင်မယ် အောင်မယ် ဒင်းကလေးက လက်ခုပ်လက်ဝါးတီးပြီးရယ်နေသေးသည်။

"အေးအေး . . .ရယ်ထား ငါတို့ရမှာသိန်းထုပ်မဟုတ်ဘူးနော်။ ကြွေးထုပ် ကြွေးထုပ်ကြီး . . .မင်းပါတစ်ဝက်သယ်ရမှာ မမေ့နဲ့ "

"အော် ဟိဟိ . . .ကျွန်မပြောတဲ့ ၅၀%ကလေ နိုင်တာပဲပါတာ မနိုင်တာမပါ"

"ဘာ"

ဆောင့်ကြီးအောင့်ကြီးထွက်သွားသောရိုးစင် အသံကြောင့် မြွေပါ တစ်ယောက် ဇာတ်ကလေးပုကာ တံခါးဝသို့ ပြေးထွက်သွားတော့၏။ လေသံကတော့လျှော့မသွား။

www.burmeseclassic.com

www.burmeseclassic.com



"နံ့တာတော့ အတိုင်းအတာရှိသင့်ပါတယ် ရီးစင်ရယ်၊ အချိန်နီးလေနိုင်ခါနီးလေပဲ"

နောက်ဆုံးအချိန်ထိ သူမကိုပဲယုံချင်နေမိသည်။ ကဲ . . . ခက်ရချေသည်တကား။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# Chapter (5)

## ဂိမ်းဆုံးချိန်

## Day 30

8:00AM (Fool Game ပြီးဆုံးရန် တစ်နာရီအလို)

မြွေပါ ရောက်မလာခဲ့ပါ။

ရိုးစင် အခုတော့ကိုယ့်အခြေအနေကိုယ်အမှန်အတိုင်း သိမြင်လာခဲ့ပြီဖြစ်သည်။ ယနေ့နံနက် ၆နာရီကတည်းက သူ့တစ်ကိုယ်လုံးထုံထိုင်းနေပြီး ဘာဆိုဘာမှလည်း စဉ်းစားလို့မရအောင် ခေါင်းကသေနေခဲ့ပြီ။ ဒီအတောအတွင်း သူတို့တွေလုပ်ခဲ့တာတွေ အဓိပ္ပာယ် ရှိရဲ့လားဆိုတာ မနေ့ညကတစ်ညလုံး အပြန်ပြန်အလှန်လှန် တွေးဖြစ်ခဲ့သည်။ ကာလအတန်ကြာ ဖိစီးခံရသောစိတ်သည် ယခုတော့ 'ပန်း'ခဲ့ပြီ။ ရှုံးလျှင် လည်းရှုံးစေတော့ဟု လက်ပန်းကျ နေခဲ့သည်။

နောက်တစ်နာရီကြာလျှင် သူ့ဘဝသည် သူတစ်သက် ဆပ်လို့မကုန်နိုင်သည့် အကြွေးပုံထဲနစ်ရတော့မည်။ ဘဝကို အရှုံးသမားအဖြစ်သာ ဖြတ်သန်းရတော့မည်။ ကိုယ့်ဘဝ ချွေးဝဲစား ဖြစ်သွားသည့်အတွက် ဘာမှအထွန့် မတက်လိုပါ။ ကိုယ်ညံ့လို့ ကိုယ်ပျော့လို့၊ ကိုယ်ဉာဏ်မရှိလို့ဖြစ်ခဲ့ရတာတွေပဲ။ တစ်ခုပဲ။ အမေ။ ဝေဒနာကို ကြိတ်မှိတ်ကာ ဇရာအိုကိုအံတုနေသည့် အမေ့မျက်နှာကို အာရုံထဲတွင် မြင်ယောင်လာလျှင် တစ်ချိန်တုန်းက . . ဒီရက်မတိုင်မီ ရက် ၃၀လောက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အမေ့ကြောင့် သူဒီဂိမ်းကို ကစားခဲ့သည်။ အခုတော့ အမေ့ကို ကယ်တင်ဖို့မဆိုနှင့်သူ့ဘဝပါ ရေတိမ်နစ် ရတော့မည်။ အမေသာ ဒါတွေသိရင် သူ . . .သူ ခံနိုင်ပါ့မလား။

ရိုးစင်သည် ရက်အတန်ကြာ မဖီးသင်ခဲ့သော ခေါင်းကို တဖြင်းဖြင်း မြည်အောင်ကုတ်လိုက်ရင်း နောက်ဆုံး တစ်ကြိမ်တော့ ကြိုးစားသင့်သေးသည်ဟု တွေးမိလာသည်။ သူယောကျ်ား မာနရှိသည်။ ဘယ်သူ့ကိုမှ ဒူးမထောက်လို။ မြွေပါကိုလည်း အကူအညီ မတောင်းလိုတော့။ အခြေအနေနှင့် အချိန်အခါကို အကောင်းဆုံး နားလည်သည့် ဉာဏ်စွမ်းတော့သူ့တွင် ရှိရမည်။ ဟုတ်သည်။ သူဒူး ထောက်ကောင်း ဒူးထောက်ရမည်။ အလိမ် အညာ များပေါကြွယ်လှသည့် လူတွေကြားထဲမှာ မလိမ်ညာချင်လိုခဲ့သော၊ မလှည့်ဖျားလိုခဲ့သော၊ အရှုးမလုပ်တတ်သောလူတစ်ယောက်က ဒူးထောက်ရမည် ဆိုခြင်းမှာ တရားမျှတမှုရှိပါရဲ့လား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



(+)Thinking

ဘဝဟာဘာယ်တော့မှ မျှတခြင်းမရှိဘူး

အဲ့ဒါကို အလေ့အထပြစ်ပါစေ။

ရိုးစင်

www.burmeseclassic.com

www.burmeseclassic.com



# Day 30
# 8:15 AM

ရိုးစင် . . .ဒေါ်ပြုံးပြုံးအိမ်ရှေ့တွင် ရပ်နေမိပြန်ပါပြီ။ ဒီအိမ်ရှေ့ကို သူဘယ်နှစ်ခေါက်ရောက်မိလည်း မမှတ်မိနိုင်တော့။ စိတ်ကို အဆုံးစွန်ထိ လျှော့ချပြီး . . .တံခါးကိုညင်သာစွာခေါက် လိုက်သည်။

"ဒေါက်" "ဒေါက်"

တံခါးလာမဖွင့်သော်ငြား တံခါးနှင့်အနီးဆုံးတွင် ဒေါ်ပြုံးပြုံး ရှိမည်မှန်း ရိုးစင်သိပါသည်။ တိုးသက်လုစွာဖြင့်

"တီချာ . . .တီချာရှိနေတာ ကျွန်တော်သိပါတယ်။ ဒီအတောအတွင်း တီချာ့အပေါ် ကျွန်တော်ပြောမှား ဆိုမှားရှိခဲ့တာတွေ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ပစ်မှားပြောဆိုခဲ့တာတွေ ရှိရင်ခွင့်လွှတ်ပေးပါဗျာ။ တပည့်ဟောင်း တစ်ယောက်အနေနဲ့ နောက်ဆုံး သံယောဇဉ် လေးထားပြီး ကယ်ပေးပါတီချာရယ်။ ကျေးဇူးပြုပြီး ကျွန်တော်ဝေစု ကျွန်တော့်ကို ပြန်ပေးပါဗျာ။ အဲ့ဒီလိုလုပ်လိုက်လို့ တီချာလည်း မရှုံး နိုင်ပါဘူးဗျာ။

ခေတ္တတိတ်ဆိတ်ပြီးမှ . . . . အသံတစ်သံက

"မင်းအပြစ်နဲ့မင်း ပဲလေချစ်တပည့်။ နောက်တစ်နာရီဆိုငါက မီလျံနာ ဖြစ်တော့မယ်။ လုံးဝဒီအခွင့်အရေးကိုလက်လွှတ်မှာ မဟုတ်ဘူး။ ဟီး ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com



ရိုးစင်ဘာဝစကားမှ ပြောချင်စိတ်မရှိတော့ပါ။ တံခါးကို ကျောမှီရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တော့သည်။ ချွေးများစိမ့်ထွက်နေသော မျက်နှာကိုလက်ဖဝါးနှင့်အုပ်လိုက်သည်။ လက်ဖဝါးတွေနှင့်အတူ တစ်လောကလုံး သူ့အပေါ်အုပ်မိုးကျဆင်းလာသည်ဟုထင်မိသည်။ သူလို တော့်၊ အငတစ်ယောက်က ဒီလိုဂိမ်းမျိုးနှင့် မလိုက်ဖက်လှ။ ဒါကိုသဘော မပေါက်ဘဲ သူကဒီဂိမ်းကိုလောဘတက်ခဲ့မိသည်။

ယခုသူဘာရမည်နည်း။ သိန်းတစ်ထောင်။ သူရမည်က ကြွေးသိန်း တစ်ထောင် ။

၉ နာရီ ထိုးဖို့ ၁၀မိနစ်။

"ဟီး ဟီး ဟီး မီလျံနာဖြစ်ပြီ ဟော့ ဟော့ ဟော့"

အိမ်တွင်းမှလျှံတက်လာသော ဒေါ်ပြုံးပြုံး၏ ကြုံးဝါးသံက သူ့ကို စိတ်ပိုထိခိုက်စေသည်။ ဒေါ်ပြုံးပြုံး၏ ဂုဏ်ယူစရာအောင်ပွဲခံမှုသည် သူ၏အရှုံးပွဲဖြစ်သည်။ ဒေါ်ပြုံးပြုံးပိုင်ဆိုင်ရသော ပိုက်ဆံများသည် သူ့ဘဝ တစ်လျှောက်ခါးကျိုးမတက်ရှာဖွေကာ ပေးဆပ်ရမည့် ကြွေးမှီများ ဖြစ်သည်။ ယောကျ်ားတန်မဲ့ မျက်ရည်များပင် ဝိုင်းချင်မိသည်။ လောကကြီးသည် ရှုံးသားသူများအတွက် နေရာမရှိလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ဇွနာရီတိတိ။

"ဒေါက် ဒေါက် ဒေါက်။"

ရိုးစင်မော့ကြည့်လိုက်တော့ ရိုးစင်ထိုင်နေသော ဒေါ်ပြုံးပြုံး အိမ်တံခါးဝသို့ Suit Coat ဆင်တူဖြင့် လူ ၂ယောက်က တံခါးခေါက်နေခြင်းဖြစ်သည်။ တစ်ယောက်က လူထွားကြီးဖြစ်သလောက် တစ်ယောက်ကတော့ ပုံမှန်ပင်။ ၎င်းတို့၏ရင်ဘတ်တွင် ရွှေရောင်စတုဂံရင်ထိုးလေး။

Fool Game Group။

"ဟင်" သူတို့ရောက်လာကြပြီ။

"ကြွကြွပါရှင် . . .ဒီဘက်ကိုကြွကြွပါ။" တံခါးလာဖွင့်သည့် ဒေါ်ပြုံးပြုံး၏ကြိုဆိုမှုက အတော်ချိုသာလှသည်။

ဩော် . . . တီချာ ဒီလိုပြောတတ်သေးတယ်လား။ ရိုးစင် မခိုးမခန့်တွေးမိရင်း တံခါးဘေးတွင် ထိုင်လျက်ဆက်နေလိုက်သည်။ သို့သော် ထိုလူနှစ်ယောက်က အိမ်ထဲရောက်သည်နှင့်ထိုင်ပင် မထိုင်တော့ဘဲ . . .

"ငွေတွေဘယ်မှာလဲ . . ." ခပ်စူးစူးယောကျ်ားသံဖြင့်မေး၏။

"ငွေတွေကအပေါ်မှာပါရှင် ကြွပါကြွပါ။"

ဒေါ်ပြုံးပြုံးတစ်ယောက် ကပျာကယာအပေါ်သို့ဦးအောင် တက်လာလျှင် ထိုလူနှစ်ယောက်ကနောက်မှ လိုက်ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိုးစင်ကတော့ တက်ခဲ့ဖူးရောက်ခဲ့ဖူးသော နေရာတစ်ခုကို နောက်တစ်ခေါက်ထပ်ရောက် ရုံအပြင်ဘာမျှမပို။ ကိုယ့်ကိုသူတို့က အရာတောင်မသွင်း။ ထို့နောက်လူနှစ်ယောက်က ဒေါ်ပြုံးပြုံးဖွင့် ပေးသော မီးခံသေတ္တာထဲမှ ငွေများကိုတစ်ရွက်ချင်းစစ်ဆေးနေဆဲ . .

၁၀ . . .၂၁၀ . . .၃၀၀ . . . .၉၀၀ . . .၉၇၀ . . .၉၈၀ . . .

ငွေရေသံနှင့်အတူ အချိန်ကတစ်ဖြည်းဖြည်းကုန်ဆုံးလျက်။ ဒေါ်ပြုံးပြုံး၏ဝင်းပနေသော မျက်နှာသည် ၉၉၉ ဟူသောအသံဆုံးခါနီးတွင် လေထဲဝဲသွားသည့် ပူဖောင်းတစ်လုံးကဲ့သို့ ဝင်းထိန်ပေါက်ကွဲသွားတော့မတတ် ဖြစ်သွား၏။ ရှိုးစင်မှာမူကား . . .ခန္ဓာကိုယ်တစ်ခုလုံးကို အဝတ်ညှစ်စက်ဖြင့် လှည့်ပတ် ညှစ်ခံရသလို ကျုံ့သထက်ကျုံ့သွားပြီး ပြစ်ဒဏ်ကျခံရမည်ကို တစ်မြေ့မြေ့ စောင့်နေရသော အကျဉ်းသား တစ်ယောက်ကဲ့သို့ နေစရာမရှိဖြစ်သွားလေသည်။ ထိုစဉ် "ဒေါက် ဒေါက် ဒေါက်" အောက်ကတံခါးခေါက်သံ ဖြစ်သည်။

"ကျွတ် . . .ချိန်းသည်ကလာပြန်ပြီ"

ဒေါ်ပြုံးပြုံးက ငြူငြူစူစူပြောလိုက်တော့လည်း အမျိုးသားနှစ်ယောက်ထဲမှ ဝဝအမျိုးသားက "သွားကြည့်ဦး" ဟူသောပုံစံဖြင့် ခေါင်းဆတ်ပြလျှင် ဒေါ်ပြုံးပြုံးအောက်ဆင်းကာ တံခါးဖွင့်လိုက်သည်။ Suit Coat အနက်ဖြင့်ပင်။

" FGGကပါခင်ဗျာ။ ဂိမ်းပြီးချိန်ရောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . .အထဲကလူတွေလည်း သိမ်းနေကြပါတယ်။ ပြီးတော့ မှာပါရှင့်။"

"FGGက ကျွန်တော်တို့နှစ်ဦးကိုပဲ လွှတ်လိုက်ပါတယ်ခင်ဗျာ။ ဒီနေ့ ဒီအချိန် ဒီနေရာကို ဒီပုံစံနဲ့လာခဲ့မယ်ဆိုတာ ဒေါ်ပြုံးပြုံးကို ကြိုတင် အကြောင်းခဲ့ပါတယ်။ "

"ဟင်"

ဒေါ်ပြုံးပြုံး 'ဟင်'သွားရပြီ။ သို့ဆိုလျှင် အပေါ်ထက်က အမျိုးသားနှစ်ဦးက မည်သူတွေနည်း။ ပြီးတော့ သိခဲ့တာက ၃၀ရက်နေ့ ၉နာရီလာ ကြမှာလေ။ အခုတော့ဘယ့်နှယ့်ကြောင့် ၁၀ နာရီရောက်လာရသနည်း။

"ကျွန်မကိုအရူးမလုပ်ပါနဲ့ရှင်

ရှင်တို့ပဲ ၃၀ ရက်နေ့ ၉နာရီလာမယ်လို့ email ပို့ခဲ့တာ ဒီမှာလေ။"

ကိုယ်နှင့်မကွာသိမ်းထားသော Print စာကိုထုတ်ပြ လိုက်လျှင် FGGမှ အမျိုးသားနှစ်ဦး၏ မျက်နှာများမှာ တစ်ခုခုကို နားလည်သွားပြီး

"ဝမ်းနည်းပါတယ် ဒေါ်ပြုံးပြုံး

ခင်ဗျား . . .ရှုံးသွားပြီ . . ."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပြုံးပြုံးတစ်ယောက်အပေါ်ထပ်သို့ ဇောကပ်ကာ ပြေးတက်လာလျှင် ငွေထုပ် ၂ ပုံအား သေချာစွာထုပ်ပိုးသိမ်းဆည်းနေသောအမျိုးသား နှစ်ဦးကိုနဂိုပုံစံဖြင့် တွေ့ရလေသည်။

"မင်းတို့ ဘယ်သူတွေလဲ"

အမျိုးသားနှစ်ဦးအနက်မှ ခပ်ဝဝအမျိုးသားတစ်ယောက်က ၎င်း၏ ခေါင်းပေါ်မှဆံပင်ကို ဆွဲချွတ်လိုက်ပြီး ခန္ဓာကိုယ်မှ Black Suit ကိုဖယ်ခွာ လိုက်လျှင် . . .များပြားလှစွာသော အဝတ်စများကို ဖြေချပြီးနောက် . . .။ "ဒီလူ မိန်းမ မိန်းကလေးတစ်ယောက်" "ဟင် မြေ့ပါ"

စောစောကလူဝကြီးက အခုတော့ မြေ့ပါဖြစ်ခဲ့ပြီ။ ရိုးစင်သည် စောစောက အပယ်ခံပွဲကြည့်ပရိတ်သတ်နေရာမှ အခုမှလူရာဝင်သွားသလို ခံစားလိုက်ရ၏။ ကြည့်စမ်း . . . ဒီကောင်မလေး . . .တကယ်ဉာဏ်နီဉာဏ် နက်များပြားလှပါတယ်။ တကယ်တော်ပါပေတယ်။ FGG မှလူနှစ်ဦး ကတော့ပွဲကို ခြုံငုံမိနေပြီ . . .

ဒေါ်ပြုံးပြုံးမှာနှုတ်ခမ်းအစုံ ဟင်းလင်းပွင့်လျက် အသက်မဲ့နေသလို။ "မင်းမင်း . . .ဟိုကောင်မလေး . . ." မြေ့ပါကလက်ညှိုးထိုးလျက်သား။ ကြောင်အလွန်းသဖြင့် ရုတ်တရက်စကားလုံးရှာမရပုံ။

"စိတ်မကောင်းပါဘူး ဒေါ်ပြုံးပြုံးရယ် ပွဲပြီးခါနီးတစ်နာရီမှာ ရှင့်ငွေတွေ ကို ကျွန်မတို့ပိုင် သွားလို့ ဟဲဟဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လိမ်တာ . . .ယုတ်မာတာ။ ငါ့ငွေတွေနော်။ အဲ့ဒါ ငါ့ငွေ တွေ ပြန်ပေးစမ်း . . ."

FGGကတာဝန်ခံ နှစ်ဦးကတော့ ပွဲကိုခြုံငုံသုံးသပ် မိသွားပြီး

"အားလုံးနားထောင်ပါ။ ၁၀နာရီ ရောက်ပြီ။ ဒါကြောင့် Winner ရိုးစင်။loser ပြုံးပြုံး"

ရိုးစင်နှလုံးသားတွင် ကုလားဘုရားပွဲလှည့်သလို ၊ ဗိန်းဘောင်းတီးရသလို၊

ပွဲပြီးသွားပြီ။

အရှုံးလုပ်ပွဲကြီး ပြီးသွားခဲ့ပြီ။ ။

" ငါငွေတွေပြန်ပေး . . . .ငါငွေတွေပြန်ပေး . . . နင်တို့တွေညစ်တာ"

Loser ဒေါ်ပြုံးပြုံးတစ်ယောက် စိတ်လွတ်သွားသကဲ့သို့ ငွေထုတ်များအားပြေးပိုက်လျှင် FGG မှလူနှစ်ဦးက သူမအား ဖယ်ခွါစေပြီး အပုံ၂ပုံထဲမှ ၁ပုံအားရိုးစင်နှင့် မြွေပါဘက်သို့ထိုးပေးလေသည်။

"ကိုရိုးစင် Good Game Ending ပါ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



**(+)Thinking**

လောကကြီးမှာရှိးတဲ့လူတွေအတွက်
နေရာရှိပါတယ် ချစ်သူရယ်၊ ဒါပေမယ့်
ဦးဏှောက်ပါမှ နေရာရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးသည် လှပသေသပ်စွာ ပြီးဆုံးခဲ့သည်ဟု ဆိုရမည်လား။အတ္တဆန်ဆန်ပြောဆိုရလျှင်တော့ အဲဒီလိုပြောနိုင်သည်။ အခုတော့ ရိုးစင် အကြောက်ကြီးကြောက်ခဲ့ရသည့် အဆုံးသတ်ကို ကျော်လွန်ခဲ့ပြီ။

ထို့ပြင် သူတို့နှစ်ဦးလက်ထဲတွင်လည်းငွေထုပ် ကိုယ်စီဖြင့် Winner တွေအဖြစ် ဂုဏ်သိက္ခာရှိစွာဖြင့်။ အိမ်ထဲမှ ထွက်စဉ်ကမြင်တွေ့ခဲ့ရသော ဒေါ်ပြုံးပြုံး၏ပုံစံကိုတော့ ရိုးစင်မျက်စိထဲမထွက်၊ ပွရှုတ်နေသောဆံပင်များကြားမှာ ကြောင်တောင်တောင် မျက်ဝန်းများက အရပ်ရှစ်မျက်နှာသို့တစ် လှည့်စီငေးမောကြည့်နေကြသည်။

"တီချာရူးသွားပြီထင်တယ်မြွေပါရယ်၊မင်းဘယ်လိုမျက်လှည့်ပြလိုက်တာလ"

ရိုးစင်၏ခပ်တိုးတိုးလေသံမျှစကားကို မြွေပါကကြားပုံရသည်၊

"သူ ခဏစိတ်လွတ်သွားတာပါ ရိုးစင်ရယ်၊ သူမေးလ်စစ်ခိုင်းတဲ့လျှပ်စစ်ဆရာကို ပူးပေါင်းခဲ့ရုံလေးပါ။ အဲ့ဒီတော့သူရတဲ့ FGG နောက်ဆုံးမေးလ်က အတုဖြစ်နေတာပေါ့ "

" ဩော် . . . . ဒါဆို ၁၀နာရီလာမယ်ဆိုတဲ့စာကို၉နာရီဆိုတဲ့အတုနဲ့မင်း လဲခဲ့တာပေါ့။ သူမေးလ်စစ်တဲ့အပိုင်း ပေါ့လျော့အောင် မီးခံသေတ္တာကြီးကို မင်းကတမင် အာရုံပေးခဲ့တာပေါ့မင်းနဲ့အတူပါလာတဲ့FGG တစ်ယောက်က ငှားလာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . . ရှင်ပါကျွန်မနဲ့ပေါင်းလို့တော်လာပြီ "

"ဒါနဲ့များတောင် ကိုယ်ကိုတစ်ယောက်တည်းပစ်ထားရက်တယ်နော်။ ကိုယ်မှာ သူ့ကိုသွားတောင်းပန်ရသေးတာ "

"အဲ့ဒါမှလိမ်တာသဘာဝကျ သွားမှာလေ. . .

အောင်မယ်လေး . . ယောကျ်ားကြီးဖြစ်ပြီးလာညုနေတယ်ဟော့ "

"ဟား ဟား ဟား "

ငွေထုပ်တွေကိုင်ထားရသည်မှာ ပျော်စရာကောင်းလှသည်ဟုအခုမှပင်ခံစားမိတော့သည်ပင်။ ငွေတွေ ၊ ရှိးစင်လိုချင်ခဲ့သည့်ငွေတွေအမေ့ရောဂါ စိတ်တိုင်းကျကုနိုင်သည့်ငွေတွေ။

နှစ်ယောက်သား တိုက်ခန်းဆီ ပြန်ရောက်လျှင်

"ကျေးဇူးတင် ပါတယ် မြွေပါ။ မင်းကြောင့်ကိုယ်နိုင်ခဲ့တာ။တစ်ဝက်မဟုတ်ပါဘူး မင်းကြိုက်သလောက်ယူသွားပါ "

" ဟင် . . . .ရှင်ကလည်းကတိက ကတိပေါ့ ၅၀ က၅၀ပေါ့။မျက်နှာသာမပေးနဲ့။ အဲ့ဒါမရှိးဘူး၊ ရှင်နဲ့မတူတော့ဘူး ဟက် ဟက်ဟက် "

မြွေပါ၏အပြောကြောင့် သူရှက်တက်တက်ဖြစ်သွားသော်ငြားအတတ်နိုင်ဆုံးတော့ မြွေပါမျက်လုံးနက်နက်လေးများဆီ စူးစူးရဲရဲကြည့်ပစ်လိုက်သည်။ မင်းကလေးသာမပါခဲ့လို့ကတော့ ကိုယ်ဟာလွန်ခဲ့တဲ့အချိန် အနည်းငယ်ကထဲက ဘဝပျက် ကောင်ဖြစ်ခဲ့မှာပါ။ မင်းကိုကျေးဇူးတင်ပါတယ် ကောင်မလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေပါသင်ပေးခဲ့ဖူးသောမျက်ဝန်းစကားပြောနည်းကို ဒုတိယ အကြိမ်ထုတ်သုံးလိုက်ပြီ၊

"သြော် . . . ကိုယ်အတတ်ကိုယ် စူးတယ်ဆို တာ ဒါပဲထင်ပါ့"

နှာဖျားလေးများနီရဲလျက် မြေပါဆို၏။

မြေပါဝေစုကိုသူပါ လိုက်သယ်ပေးရင်း ကောင်မလေး၏ အပြန်လမ်းကို သူလိုက်ပို့ဖြစ်သည်။ နောက်ဆိုဒီလမ်း ဒီတိုက်ခန်းတွင် သူတို့နှစ်ဦး ထပ်မံဆုံဆည်းဖို့ မဖြစ်နိုင်တော့ချေ။

"ဟော ဟိုမှာ Taxi ရပြီ
ရှင်ပြန်တော့လေ . . ."

လက်ထဲမှအထုပ်အား ကောင်မလေးဆီလွှဲပြောင်းပေးလိုက် ရင်း တစ်ခုခုကိုစိတ်မချသလို ခံစားရ၏။

"မင်းအိမ်ကို ကိုယ်လိုက်ပို့ပေးလို့ မရဘူးလားမြေပါ ငွေတွေနဲ့မို့ စိတ်မချလို့ပါ။"

သူမပြုံးသည်။

အဓိပ္ပာယ်နက်ရှိုင်းသည့်အပြုံး။ ခေါင်းကိုခပ်ဖြည်းဖြည်း ခါသည်။

" Project က Project ပဲလေ။ Project ပြီးသွားရင်တော့ ပါတနာတွေ မတွေ့နိုင်တော့ဘူး . . .ဒါသဘာဝပဲ"

ဖလော်ဆော်ဖီတစ်ခု ရေရွက်သလိုခပ်လေးလေး ရေရွတ်ရင်း Taxi ပေါ်တက်သွား၏။ ရိုးစင် ငေါင်စင်းလျက် ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောလေးကတင် အနိုင်ရသူတစ်ယောက်လို ထောင်းနမောင်းထအောင် ပျော်ရွှင်ခဲ့သောနှလုံးသားသည် ဘာအသံမှ မထွက်တော့ဘဲ ဆိတ်ဆိတ်ငြိမ်နေလေသည်။ အခုမှတကယ့်အရှုံးဆိုတာကို ရိုးစင်နားလည် လာခဲ့ခြင်းဖြစ်သည်။

နေဘယ်လောက်ပူပူ All Black ဝတ်တက်တဲ့ Lollipop ကိုခပ်မြှုးမြှုး စားတတ်တဲ့ ဂျစ်ပစီမလေးကို နောက်ထပ်တွေ့မြင်ခွင့်ရဖို့ သူ့တွင်ရှိသည့် ငွေကြေးအားလုံးနှင့် လဲလိုက်ချင်ပါရဲ့။ ရိုးစင်သည် မြွေပါကိုပို့ပြီးအပြန်တွင် ငွေတွေအကြောင်း နှင့်ပတ်သက်ပြီး အဖန်တလဲလဲစဉ်းစားဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း တိုက်ခန်းသို့ ပြန်ကာ ငွေထုပ်ကို စေ့စေ့ဝင်ကြည့်ခဲ့သည်။

အရှုံးဂိမ်းတဲ့။

တစ်ယောက်ကိုတစ်ယောက် အရှုံးလုပ်ပြီးတစ်ယောက် 'နာ' နေတဲ့ အချိန်မှာ တစ်ယောက်'သာ' နေတာက ဂိမ်းတစ်ခုတဲ့လား။ ဒီငွေတွေနှင့်အသာ စံနေကြ၊ ဇိမ်ခံကြတော့ရော ဘယ်လောက်ခံနိုင် သုံးနိုင်မှာမို့လို့လဲ။

"သားလေးကိုရိုးသားဖြူစင်စေလွှန်းလို့ ရိုးစင်လို့အမည်ပေးခဲ့တာပေါ့ သားရယ်"ဟူသော အမေ့စကားကို ပြန်ကြားယောင်မိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေထုပ်ကို ကိုင်ထားရသောလက်တွေက ဇောချွေးတွေပြန်လာသည်။ အမေသာသိရင် လူတစ်ယောက်ဘဝပျက်ထားသည့် ဒီငွေတွေနှင့် ဆေးကုမတဲ့လား။ ဒီလိုညစ်တီညစ်နွမ်းတဲ့ငွေတွေနဲ့ အမေ့ကို ဆေးကုပေးရမတဲ့လား။ အမေတို့ ရိုးစင်တို့ဟာ မရိုးသားမှုတစ်ခုကို လိပ်ပြာလုံစွာ ပြုံးနေနိုင်သည့် လူစားမျိုးတွေမဟုတ်ကြပါ။ သူများ မျက်ရည်ပူကို နင်းလျှောက်ပြီး ပျော်ရွှင်ရဲသည့် နှလုံးသားမျိုးတွေ မရှိကြပါ။ ဒီပွဲ၏ရလဒ် ကို အမေမပြောနှင့်။ သူကိုယ်တိုင် တောင်မယုံချင်။ မှန်ထဲက ကိုယ့်ပုံကိုယ် ကြည့်ရတာတောင် မသတီချင်။

အမေသားဘာလုပ်ရမလဲ။ ကျွန်တော်လက်ထဲမှာ ငွေတွေ ရောက်နေပြီ။ ဒါပေမယ့် ကျွန်တော်လိုချင်တာ တိုက်တွေ၊ ကားတွေ၊ ဖုန်းတွေ၊ တစ်ခုမှမဟုတ်ဘူးအမေရယ်။ နောက်ဆုံးကျွန်တော်လိုချင်တဲ့ အမေ့ရဲ့ကျန်း မာရေးကိုလည်း ဒီငွေတွေနဲ့ကုဖို့ ကျွန်တော်မလိုချင်တော့ ပြန်ဘူး။ ရိုးစင်ဆိုတဲ့ ငနုံတစ်ယောက်အတွက် ငွေဆိုတာမလိုအပ် ပါဘူး။ ခင်ဗျားတို့ရော ကျွန်တော့်နေရာဆိုရင် ဘာလုပ်ကြမလဲ။

ကိုယ့်ကိုကိုယ် သူတော်ကောင်းလို့တော့ မခံယူလိုပါ။ သို့သော် လူကောင်းဖြစ်ကြည့်ချင်သည်။

"ရော့ တီချာ . . .ဒီငွေ ၅၀၀ယူပြီး တီချာ့ကြွေးတစ်ဝက် ဆပ်လိုက်ပေါ့ဗျာ" အိမ်ထောင့်တစ်နေရာတွင် ဖိုသီဖတ်သီပုံစံဖြင့် ထိုင်ငိုနေသော ဒေါ်ပြုံးပြုံး၊ နီရဲမို့အစ်နေသော မယုံနိုင်ခြင်းများစွာနဲ့ ပျော်ဝင်နေသော မျက်လုံးတစ်စုံဖြင့် စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဟင့် အဟင့် . . .တီချာ့ကိုခွင့်လွှတ်ပါ ရိုးစင်ရယ်။ "

သူဒေါ်ပြုံးပြုံးအိမ်ထဲမှ ထွက်လာခဲ့သည်။ အိမ်ပေါက်ဝရှေ့ ရောက်စဉ်ဝယ် . . .

"ဟင် . . .မြွေပါ"

"ရော့ ရိုးစင် . . .ဒီတစ်ဝက်လည်းယူမှပေါ့" ပြောရင်းသူမလက်ထဲကအထုပ်အား ကမ်းပေး၏။ ကြောင်အမှင်သက်နေသော ရိုးစင်လက်ကို မြွေပါကဆွဲယူလိုက်ရင်း လွှဲပြောင်းပေးလိုက်၏။ လက်ဖဝါးနှစ်ခုလျှပ် ကနည်းအထိ နှစ်ယောက်စလုံး ဖွင့်မပြောဘဲ နားလည်လိုက်ကြသောအရာ များမြောက်များစွာ ရှိသွားကြပြီဖြစ်သည်။ နှစ်ယောက်သား ငွေထုပ်ကြီးဆွဲလျက်သားဖြင့် တစ်ယောက်နှင့်တယောက် ပြုံးကြည့်နေကြသည်။ အရာရာသည် အသက်ဝင်စွာ၊ ဖူးပွင့်စွာ။

ခေတ္တကြာမှ ...

"ရော့တီချာ ... ဒီငွေတွေအာလုံးနဲ့ ပြန်ဆပ်လိုက်ပါတော့ဗျာ

"အောင်မလေး ....သားတို့ရဲ့ ဟောဒီက အမိုက်မကြီးကို ပစ်ထားလိုက်ကြစမ်းပါ။ပစ်ထားလိုက်ကြစမ်းပါ။ ....ဟီးဟီးဟီး"

သူတို့နှစ်ယောက်စလုံး လက်တွဲလျက်ထွက်လာခဲ့ကြသည်။ ယခု ရိုးစင်နှင့်မြွေပါသည်လွန်ခဲ့သော နာရီဝက်ကပါတနာအဖြစ်လမ်းခွဲခဲ့သည့် ရိုးစင်နှင့်မြွေပါ မဟုတ်ကြတော့။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာဆက်လုပ်မှာလဲရိုးစင်"

"ကိုယ်ကအဲဒီမေးခွန်းကိုမင်းကိုမေးချင်နေတာ"

"Why"

"မင်းပိုက်ဆံလိုချင်လို့ကိုယ်နဲ့အတူလုပ်ခဲ့တာလေ။အခုမင်း လက်ဗလာ ပဲ။အိမ်ငှားခတောင်ရှုံးသေး။ကိုယ့်ကိုကိုယ် အတယ် လို့မထင်ဘူးလား။"

"လက်စားပြန်ချေတယ်ပေါ့ဟက်ဟက်"

အဲဒီနေ့ညနေ ... ချစ်သူအဖြစ် ... ပထမဦးဆုံးနှုတ်ဆက်ချိန် (လမ်းခွဲချိန်)တွင်မြွေပါကသူ့အားနောက်ဆုံးlessonပေးသွားခဲ့ပါသည်။

"လောကမှာရိုးတဲ့လူတွေအတွက် နေရာရှိပါတယ်။ ရိုးစင် ဒါပေမယ့်ဦးနှောက် ပါမှနေရာရမယ်။ မဟုတ်ရင်တော့ ဦးနှောက်က လွဲလို့ဘာမှမရှိတဲ့လူတွေရဲ့အမြီး ခံလိုက်ရမယ်"

နောက်တစ်နေ့ မြွေပါကတိုက်ခန်းအား ပြန်အပ်ရန်ရိုးစင်ဆီ သို့ရောက်လာခဲ့လေသည်။ ရိုးစင်က

"ခုတော့ကိုယ်လဲ ကိုယ်အိမ်ကိုယ် ပြန်နေ ရတော့မယ် ဒီတိုက်ခန်းလေးတော့ မခွဲချင်ဘူးအမှတ်တရများ လို့"ဟုဆိုလျှင် မြွေပါကထုံးစံအတိုင်း Lollipop စားရင်း ပြုံးသက်သက် ကြည့်နေ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . .

"ဒေါက် ဒေါက် ဒေါက်"

"စာ ဗျို့စာ"

လာပြီလာပြီ Post Card ထင်တယ်မြွေပါရ။

နှစ်ယောက်သား Postman ဆီမှစာကိုလက်ခံရယူ ပြီးနောက် အထဲတွင်ပါသော အရာကိုကြည့်လိုက်ကြရာ ....

" ဟင် "

မျက်လုံးမှာပြူးကျယ်ဝိုင်းစက်သွားလေတော့သည်။

Welcome from The Fool Game

( Second Round )

"တစ်စုံတစ်ယောက်အားအရှုံးလုပ်ခြင်းဖြင့် သန်း၁ထောင် ရယူပါ"

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဦးနှောက်ထဲကို

ဗိုင်းရပ်စ်တွေ လာမသွင်းပါနဲ့ ...

ဒီနေ့လဲ မရှူးရဲတဲ့ ငါ့အတွက် ...

ရှူးတာဟာ ရှီးတာထက်

ကောင်းသလား ...

ရှီးတာဟာ ရှူးတာထက်

ကောင်းသလား ....။

www.burmeseclassic.com

www.burmeseclassic.com



# Chapter (6)

## ပြိုင်ဘက်=ဓမဓမ

ဧပြီလကို အရှူးတယောက်လိုကပြောင်းကပြန် ဖြတ်သန်းခဲ့သောရိုးစင်သည် ဒုတိယအကြိမ် Fool Game ၏ဖိတ်ခေါ်စာကို တော့ဥပေက္ခာ ပြုခဲ့လေ သည်။ထပ်မရူးလိုတော့။ဒီအခါငှင်းတို့ပေးပို့လိုက်သော ပါဆယ်ကကွန်ပါဘူးပုံစံ အသေးစားလေးဖြစ်ပြီးအဲဒီအရာကို လက်ဖျား နှင့်ပင်မထိမိစေရန် ထိန်းသိမ်းခဲ့ လေသည်။ "ဒါကို ဒီအတိုင်းထားလိုက်ကြရအောင်"ဟုပြောခဲ့သော ချစ်သူစကားကို သူနားထောင်ရမည်။တနည်းအားဖြင့်ဒါက ...သူတို့ကြားထဲက ကတိစကားလည်းဖြစ်သည်။

ဧပြီလ ၃၀ Fool Game ပထမပိုင်းတွင်နိုင်ပြီးဒုတိယပိုင်း ဖိတ်ခေါ်စာရပြီးကထဲက အဲဒီဂိမ်းအကြောင်း မကြားရသည်မှာယခုဆိုလျှင် တစ်ပတ်ခန့်ရှိပြီ။

"ရိုးစင်ရေ ....Reception မှာမင်းဖုန်း"

အောင်အောင့်အသံပြာတာတာကသူအတွေးကိုဖြတ်လိုက်သည် ကပြာကယာသူသွားကိုင်လျှင်....

"ရိုးစင် ... သား ..."

"ဟား .... အမေ....ထူးထူးခြားခြားကျွန်တော့် ရုံးကိုဖုန်းခေါ်တာတွေဆက်လို့"

www.burmeseclassic.com

www.burmeseclassic.com



"သား ...အမေရှုံးပြီ"

"ဗျာ ...ဘယ်လို "

"အမေရှုံးပြီသား ....အရူးဂိမ်းမှာအမေရှုံးပြီ"

"ဗျာ"

မေ ၁ ရက်။

ဒီနေ့ကိုတော့ ရိုးစင်ဘဝတွင် ဘယ်သောအခါမျှမေ့နိုင်မည်မဟုတ်ပါ။ ထိုနေ့၏ပထမဆုံး Phone Call တွင်အမေကထူးဆန်းသောစကားများပြောကာ ဖုန်းချသွားခဲ့သည်။ သူအံ့သြဆို့နစ်ရင်း ကျန်ခဲ့စဉ်မှာပင် နောက်ထပ် Phone Call တစ်ခုဝင်လာခဲ့သည်။

"ဟဲလို . . .ကိုရိုးစင်ပါလားခင်ဗျာ။ . . .ကျွန်တော် ခင်ဗျားအမေရဲ့ရိုပ်သာကပါ။ ပြောရမှာတော့ စိတ်မကောင်းပါဘူး။ ကိုရိုးစင်အမေအိပ် ဆေးတွေသောက်လိုက်တာ အခုဆေးရုံတင်ထားရပါတယ်။

"ဗျာ"

သူ့နှုတ်ဖျားမှခုတစ်ကြိမ်ထွက်သော "ဗျာ"သည် သူ့အသည်းနှလုံး ပါချိတ်ဆွဲထားခြင်းဖြစ်သည်။ ရင်သည် "ဖြန်း" ကနည်းကွဲထွက်သွားသလိုလို၊ နားထဲတွင် လေများတအုန်းအုန်း တိုက်ခတ်နေသလိုလို၊ ပတ်ဝန်းကျင်တွင် အနုမြူဗုံးများ တဝုန်းဝုန်း ပေါက်ကွဲနေသလိုလို၊ တစ်ဖက်ကဆက်လက်ပြောဆိုသော စကားများအားကြားတစ်ချက်၊ မကြားတစ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



အမေ . . .သူ၏ရင်နင့်သည်းချာအမေက ရောဂါကုဖို့ သားကိုတောင် ဒုက္ခမပေးရက်လို့ ရိပ်သာထွက်သွားသောအမေ့လို အေးချမ်း သောလူမျိုးက ဘာကြောင့်၊ ဘာတွေ၊ မှားသွားခဲ့သနည်း။

ကစုန်ဆိုင်းသောနှလုံးသားဖြင့် အမေတက်ရောက်ကုသရာ ဆေးရုံသို့ရောက်လျှင် လူနာကုတင်ပေါ်တွင် အေးငြိမ်းစွာအိပ်ပျော် နေသော အမေ့ကိုသနားစဖွယ် တွေ့ရလေသည်။ အမေ့ခန္ဓာကိုယ် ပေါ်တွင် ဝတ်နေကျ ယောဂီဝတ်စုံလေးက ချပ်ရပ်စွာ။ ကြီးမားကျယ် ပြန့်လွန်းသော ဆေးရုံကုတင်သည် အမေ့ခန္ဓာကိုယ်နှင့်ယှဉ်လျှင် အတော်ကြီးကျယ်နေသည်။ ပါးလျားလွန်းသော အမေ့ခန္ဓာကိုယ်က ကုတင်ပေါ်တွင်မတော်တဆမြုပ် နေသလိုပင်။ အမေခုလိုမဝရေစာပဲ စားနိုင်သည်က သူလိုအားကိုးမရသော ငမိုက်သားကြောင့် မဟုတ် ပါလား။

ပြီးတော့အမေ့ကုတင်ဘေးက စားပွဲပေါ်တွင် တစ်ခြား စားပွဲတွေလို မိုင်လို၊ အိုဗာတင်းနှင့် ဟောလစ်များရှိမနေ။ ယုတ်စွအဆုံး ပန်းသီးလေးတစ်လုံးပင်မရှိ။ ရိပ်သာကပါလာဟန်တူသော အရောင် အဆင်းခပ်မွဲမွဲ ကော်ရေခွက် တစ်ခုတည်းသာတင်ထားသည်။ ရိုးစင် ရင်နင့်သွားသည်။ အမေနိုးလာလျှင် စားဖို့သောက်ဖို့ သူစီစဉ်ရမည်။ အမေ့အတွက်လိုအပ်မည်ထင်သည့် အသုံး အဆောင်၊ စားစရာသောက် စရာများ သူပြန်ယူရဦးမည်။ သည်လိုဖြင့် ရိပ်သာက အမေ့အခန်းလေး ဆီ သူခေါင်းငိုက်စိုက်လျက်သား ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့ထမီအနည်းငယ်ထည့်ရန်အတွက် အမေ့ခရီးဆောင် အိတ်လေးထဲသို့ နှိုက်လိုက်ရာ....

"ဟင်" ထိုစာရွက် ထို Post Card ကိုရိုးစင် မြင်ဖူးသည်။ တ ဆတ်ဆတ်တုန်ရီနေသောလက်ဖြင့် ထိုစာရွက်ကို ကောက်ယူ ဖတ်ရှုလိုက်ရာ...

"Welcome from the Fool Game !

Congratulation Player

တစ်စုံတစ်ယောက်အား အရူးလုပ်ခြင်းဖြင့် သန်းတစ်ထောင် ရယူပါ"

နောက်ထပ်ကဒ်တစ်ခု။

Loser - May be Daw Shwe Sin (-100, 000,000)Fool Game Group

ထို Post Card ကို လက်ခံရရှိသော Date ကိုကြည့်လိုက်လျှင် ဧပြီ ၁ ရက်။ အမေသည် သူနှင့်တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် Fool Game ကို ကစားနေခဲ့သည်လား။ အမေရှုံးခဲ့သလား။ နိုင်ခဲ့ သလား။

ပြီးတော့ Fool Game အရူးဂိမ်းတဲ့။

သူနှင့်အမေ့ကြားတွင် သည်ဂိမ်းကခလောက်ဆန်ခဲ့ပြီ။ သူတို့၏ ပြဿနာ Fool Game ကဆင်တူခဲ့သည်။ ဒီအချက်

www.burmeseclassic.com

www.burmeseclassic.com



အတော်လေး သက်ာမကင်း ဖြစ်စရာကောင်းလှသည်။ အမေ့နှင့် သူ့ကြားက Fool Game ဟူသော ဆက်နွယ်မှုရှိခြင်းသည် သူ့အတွက် ၂ ကြိမ်မြောက်စိန်ခေါ်သံမှန်းလည်း သူနားလည်လိုက်ပြီ။ သူ့အိမ်တွင် အိပ်စက်နေသော Fool Game ၏ ပါဆယ်ထုပ်ကို သူနှိုးရတော့မည်။ မြွေပါနှင့်သူနှင့်ကြားက ကတိကို သူဖျက်ရတော့မည်။

ဆေးရုံသွားပြီး ပစ္စည်းပစ္စယာများ ထားခဲ့ကာ အိမ်သို့ဒုန်းဆိုင်း ပြန်လာခဲ့သည်။ အိမ်သို့ ဘယ်သို့ ဘယ်ပုံပြန်ခဲ့မှန်းလည်းမမှတ်မိ။ ရောက်သည်နှင့်တံခါးကိုဝုန်းဒိုင်းဖွင့်ကာ တစ်စုံတစ်ရာကိုသူစတင် ရှာဖွေ တော့သည်။ ဟောတွေ့ပါပြီ။ ဟိုပါဆယ်ထုပ် ကွန်ပါဗူးလေး။

ပါဆယ်ထုပ်ကလေးကား သူစတင်ရောက်ရှိစဉ်ကအတိုင်းပင် ပုံသဏ္ဍာန်မပျက် အနက်ရောင်စက္ကူလေးဖြင့် ကျစ်ကျစ်လစ်လစ် ထုပ်ပိုး လျက်သား။ အပေါ်ယံတွင်လည်း ဘာမှရေးမထား။ ဖဲကြိုးတွေ ဘာတွေ လည်းနှောင်ဖွဲ့ထားခြင်းမရှိ။ ကွန်ပါဗူးရှည်သေးသေးလေးကို ကိုင်ရသလို ပေါ့ပါး၍ချစ်စရာကောင်းလှသည်။ သို့သော်သည် ချစ်စရာဗူးလေးက လူတစ်ယောက်၏ဘဝကို ပျက်စီးနိုင်သည့် ကြောက်စရာဖြစ်ကောင်းဖြစ် မည်မှန်းရိုးစင်သိသည်။

ပါဆယ်ထုပ်ကိုသူ 'စ'ဖောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါရင်ခုန်သံက ပထမဆုံးဆင်တွေကို တွေ့စဉ်ကလို ကပြောင်းကပြန်မဖြစ်။ တည်ငြိမ်သွားခဲ့သည်။ အဲ့သည်နောက် ပါဆယ် ထုပ်ကိုခပ်မြန်မြန်ဖောက်ချလိုက်ရာ . . .

"ဂလောက် ဂလောက် ဂလောက်"

ဗူးရှည်ရှည်လေးထဲမှ ရုတ်တရုတ်ထွက်ကျလာသော လက်တောက် လောက် အတုံးသေးသေးလေးများ ဆယ်ခုကျော်လောက်ရှိမည်ဟု သူထင် လိုက်သည်။

အဲ့ဒီထဲကတစ်တုံးက နေရောင်ကျသည့်ဘက်သို့ သွားသည်။ သွားကောက်ရန်ပြင်လိုက်ပါမှ . . .အဲ့ဩမှုကိုအဆုံးစွန်ဆောင့်က နည်း ခံစားလိုက်ရသည်။

နေရောင်ထဲတွင် ဖြိုးဖြိုးဖျက်ဖျက် လင်းလက်နေသော ထိုအရောင် "ဘာ" ဆိုသည်ကို သူသိခဲ့ပြီ။

စိန်တွေ။

သူမြေပါကို ဖုန်းဆက်၍တိုင်ပင်ခဲ့သည်။ ကတိပျက်သူ သူကဦးစွာ တောင်းပန်ထားမှ သက်သာမည်ဖြစ်သည်။ မြေပါက ချက်ခြင်းဆိုသလို ရောက်လာပြီး ပါဆယ်ဗူးကို မသက်မသာ ကြည့် ကာအထဲမှ ပစ္စည်းများကို အသေးစိတ် ကြည့်ရှုနေလေသည်။ အတန်ကြာမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"အရည်တွေကတော့ ထိပ်တန်းပဲ။ အားလုံးပေါင်းရင် ၂၀၀၀ကျော်တယ်" ဟု ခပ်ဆဆ ချိန်တွယ်ရင်း ဆိုသည်။

ထိုအချိန်ဝယ် . . .

"စာဖို့စာ"

ရိုးစင်နှင့်မြွေပါ . . .မျက်လုံးချင်းဆုံသွားသည်။ FGG၏ Post Card ထပ်မံရောက်ပြန်ချေပြီပေါ့။ ရရှိသော Post Card မှာကား . .

"သင့်အားစောင့်ဆိုင်းစေရခြင်းအတွက် အထူးဝမ်းနည်းမိပါသည်။Fool Game 2nd Round အတွက်သင်၏ပြိုင်ဘက် Player 2 မှာ အောက်ပါပုဂ္ဂိုလ်ဖြစ်သည်။

| | |
|---|---|
| Player 2- | Daw Shwe Sin -No 04458 |
| Name - | Daw Shwe Sin |
| Age - | 49 |
| NRC - | 12/ . . . . . . |
| Adress - | . . . . . . . . |

အခုတော့ ထို Post Card ကိုကြည့်ရင်း ကမ္ဘာလောကကြီးနှင့် ရိုးစင်ခေတ္တအဆက်ပြတ်သွားခဲ့သည်။ ပထမတစ်ခါဆရာမနှင့်သူ့ကြားက ဆရာတပည့်သံယောဇဉ်ကို ထိုထူးဆန်းသောဂိမ်းက ဖြတ်ဖို့ကြိုးစားခဲ့သည်။ ယခုအခါ အမေနှင့်သားကြားက ၅၂၈ မေတ္တာပြတ်သွားစေရန် ထိုဂိမ်းကကြိုးစားနေသည်။ ဆင်တွေကို မြင်စဉ်က မတုန်လှုပ်ခဲ့သော နှလုံးသားသည် အခုမှအမောထဖောက်

www.burmeseclassic.com

www.burmeseclassic.com



ချင်သလို ဖြစ်လာ၏။ ဘယ်လိုအရှုံး မျိုးက ဘယ်လိုသဘောမျိုးနှင့် အမေနှင့်သားကိုပြိုင်ဘက် ဖြစ်စေခဲ့တာပါလဲ။

"ရိုးစင် . . .ဘာလုပ်ချင်လဲ"

မြွေပါကသူ့ပခုံးကိုကိုင်ရင်း နှစ်သိမ့်သလိုဆိုသော်ငြား သူ့တွင်တုံ့ ပြန်စရာ မရှိ။

"ကျွန်မတို့မှာ ရွေးချယ်စရာနှစ်လမ်းရှိတယ် ရိုးစင်။ ရှင်ကအရှုံး ပေးပြီးအမေကိုနိုင်စေမလား။ ဒါမှမဟုတ် ရှင်ကအနိုင်ယူမလား"

သူမြွေပါကိုခပ်စိမ်းစိမ်း တစ်ချက်ကြည့်သည်။ ပြောရက်လိုက်တာ။သည်လောက်ခံစားနေရသည်မှာ သည်လိုနည်းလမ်းမသုံးချင်၍ မဟုတ်လား။

သန့်စင်ဖြူစင်သော ၅၂၈ မေတ္တာကို မဟာလှည့် ဖျားခြင်း လောဘတို့ဖြင့် မစွန်းထင်းစေလို။ ဒါကသူတစ်ဦးတည်း၏ ဆန္ဒ မဟုတ်။ အမေလည်းဒီလိုဆန္ဒရှိမှာပင်။ ဒါဆိုအမေ့ဆီရော 2nd Round ဖိတ်ခေါ်စာနှင့်အတူ ပါဆယ်ရောက်နေခဲ့ပြီလား။ ရိုးစင်က အမေ၏ ပြိုင်ဘက် ဆိုသည်ကို အမေသိသွားခဲ့ပြီလား။ ဒါကြောင့်များ အိပ်ဆေးတွေသောက်ပစ်လိုက်တာ များလား။ မဖြစ်နိုင်။ အမေက ဆေးရုံပေါ်တွင် မေ့မြောနေသောလူ။ ပထမပွဲတွင် အမေ အရှုံးသမား ဖြစ်နိုင်သော်လည်း 2nd Round ဖိတ်စာကိုမူ အမေ့ အခန်းထဲတွင် သူလုံးဝမတွေ့ရှိခဲ့ရ။ ဦးနှောက်က အတွေးများဖြင့်ချာလည် ရိုက်နေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



FGGဆိုသောလူတစ်စုကိုလည်း အံ့ဩမိပါသည်။ သူတို့ဟာ ရိုးစင် ဟိုကွန်ပါဗူးလေးကို ထိဖြစ်အောင် အမေ့ကိုပါဒီဂိမ်းထဲဆွဲသွင်းစေခဲ့သလိုမျိုး။ ရိုးစင်အကြောင်းကို ရိုးစင်ထက်တောင် သိနေသည့်လူတွေ၊ ကိုယ့်ဘဝနှင့်ကိုယ်နေထိုင်ရသည်မှာ ကျောမလုံ စရာကောင်းလာပြီ။

သူ့လက်ထဲကPost Card ကိုနီးရာအံဆွဲထဲသို့ သိမ်းလိုက်သည်။

"ရှင် ကျွန်မကို စိတ်ဆိုးနေသလား ရိုးစင်"

သူဘာမှပြန်မဖြေ။ မြွေပါကို ကျောခိုင်းလျက်သား အနေအထားဖြင့်ပင်။

"ဟုတ်ပါတယ်။ ရှင်စိတ်ဆိုးနေတာ"

သူ့ပခုံးတွေ ပြေလျော့သွားသည်။ ပြီးမှ . . .

"စိတ်ဆိုးတာမဟုတ်ပါဘူး။ ကိုယ်ဘာကိုတန်ဖိုးထားလဲဆိုတာ မင်းကိုသိစေချင်တာ။ ကိုယ့်စိတ်ကိုမင်းနားမလည်ဘူးလို့ တွေးမိတိုင်း စိတ်မကောင်းဘူး။ ကိုယ်ကရိုးတယ်၊ နုံတယ်၊ အတယ်။ ကိုယ်ဘယ်လိုလူလဲ ဆိုတာ မင်းလည်းသိနေတာပဲလေ။ မင်းတွေးသလိုမတွေးတက်၊ မကြံတတ်တဲ့ကောင်ပါ၊ အဆုံးတိုင် မင်းပဲအားကိုးနေရတာလည်း အားနာမိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားဆုံးတော့ မြွေပါမျက်ဝန်းတွင် ငွေ့ရည်တစ်မျိုး သိုင်းဖွဲ့လာပြီ။ မာန်ဟုန်ပြင်းပြင်း ရှာချမည့်ဟန် ဖြစ်လာသည်။ သူခံနိုင်ရည်မရှိ။ စိတ်ကိုပြေလျော့လိုက်သည်။

"ဆောရီး . . .ကိုယ့်ခံစားချက်တွေ အခုပုံမှန်မဟုတ်ဘူး ဖြစ်နေတယ်" ဟု ခပ်ဖွဖွဆိုသည်။

မြွေပါက မျက်ရည်ဝေ့နေသော မျက်ဝန်းကို အတောက်ပဆုံးပြုံးလိုက်ပြီး

"ဒီပွဲကိုတော့ ရှင့်ကိုအပ်လိုက်ပြီရီးစင်။ ဒီတစ်ခါ ရှင်ကျွန်မကို အားကိုးစရာမလိုတော့ဘူး။ ရှင်မှာ ဆုံးဖြတ်ပြီးသားအဖြေရှိ နေမှန်း လည်းကျွန်မသိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေ့ကို ရှင်အရှုံးပေးမှာ သေချာနေတာပဲ"

သူတို့နှစ်ယောက်နှင့်အတူ အခန်းလေးပါ ဆိတ်ငြိမ်သွားခဲ့လေသည်။

အဲ့ဒီနေ့က မေလ (၄)ရက်နေ့ ဖြစ်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# Day 1
# 2nd Round

နံနက်ခင်းတစ်ခုမှာ ရိုးစင်နှင့်မြွေပါသည် Fool Game Group မှ 2nd Round အတွက် ပေးပို့သော Post Card နှင့်အတူပါဝင်သည့် စည်းမျဉ်း စည်းကမ်းများကို အမှတ်ရရဖတ်နေကြရသည်။ Rule အများစုမှာ 1nd Round နှင့် သိပ်ကွဲပြားမှုမရှိ။ email မှ post card ဖြစ်သွားခြင်း၊ ဆုကြေးငွေ ၂ဆများလာခြင်း၊ ပြိုင်ပွဲကာလ ၁၄ရက် (၂ပတ်) ဖြစ်သွားခြင်းစသော ခြားနားချက် အနည်းငယ်သာရှိသည်။ Rule အစအဆုံး ဖတ်ပြီးသည်နှင့် . . .ရိုးစင်က

"တကယ်တော့ သူတို့မတရားဘူး။"

"ဘာကိုလဲ ရိုးစင်"

"ကိုယ်ကမနေ့ကမှ ဒီပါဆယ်ကိုဖောက်ပြီး စကကစား တာလေ။ သူတို့ကကျဖိတ်စာပို့ကတည်းက Game ဆုံးမည့်ရက်ကို ကြိုရေးထားတယ်။ အဲ့ဒီတော့ကိုယ်တို့ အစကမကစားဘူးလို့ ရည်ရွယ်ပြီး ပါဆယ်ကိုပစ်ထား တဲ့လူဆို ဘယ်လိုလုပ်မလဲ။ အလကား ၁ပတ်နာသွားမှာပေါ့။ အခုဆိုကိုယ် တစ်ပတ်နာတာပဲလေ။ သည်လိုမှန်းသိရင် စရောက်ကတည်းက အဲ့ဒါကို ဖွင့်ခဲ့တယ်"

"ကိုရိုးစင်ရယ် . . .တောင်းပန်ပါတယ်။ ဒီ့ထက်သိပ်မ 'အံ့'ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကသူတို့ trickဖြစ်နိုင်တယ်လေ။ ဥပမာ . . .အလုပ်လျှောက်လွှာတွေ ခေါ်ရင်လျှောက်လွှာပိတ်ရက်မှ လူပိုတင်ကြတာမျိုးပေါ့။ အဆုံးသတ် မယ့်ရက်ကိုနီးလာမှ လူဆိုတာဖိအားတစ်မျိုးရလာတာ။ သူတို့လည်း အဲ့ဒီလို ရည်ရွယ်စောင့်ကြည့်ချင်တာမျိုးထင်တယ်”

“ဒါနဲ့ စကားမစပ် . . . မင်းကိုယ့်ကို ‘အ’တယ်လို့ပြောတာ ချီးကျူးတာ လား၊ နှိမ့်ချတာလား။ မြန်မာ မိန်းကလေးဆိုတာမျိုးက ကိုယ့်ချစ်သူဘက်ကိုယ်ယက်ကြပြီး စကားပြောရင် ကိုယ့်ချစ်သူ အမျိုးသားကို ခလုတ်တိုက်လေ့မရှိကြဘူးနော်။ အိမ်ဦးနတ်ကို ဂျေဒိုးနတ်နဲ့ အမြဲဆက်ကြတာမျိုး”

သူကပြုံးဖြီးဖြီးဖြင့်ဆိုတော့ မြွေပါကမျက်စောင်းဖြင့် အရင် တိုက်ခိုက်ပြီး

“ဒါမျိုးကြီးတော့ ကြားဖူးပေါင် ယက်ရအောင် ကျွန်မက လိပ်မကြီး မဟုတ်ဘူး။ဒါ့အပြင် ဒီအတိုင်းအပြင်မှာ လမ်းသွား ရင်းတောင် ၂လမ်း တစ်ခါ ခဲတွေကို ခလုက်တိုက်မိနေတာ။ စကား ပြောရင်ပိုဆိုး။ ကျုံးတိုက် ပြီးသားပဲ။ အိမ်ဦးနတ်ကို ဂျေဒိုးနတ်နဲ့ အမြဲ တမ်းဆက်ဖို့ဆိုတာက ၂၄နာရီ အင်တာနက်လိုပါတယ်”

“ဟား ဟား ဟား . . .ဒါမျိုးကြီးတော့ကြားဖူးပေါင်ဗျာ”

“အော် . . .သူများအလုံးလာခိုးတယ်”

“မခိုးပါဘူး ပေါ်တင်ယူသုံးတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

နှစ်ယောက်သား ဟက်ဟက်ပက်ပက်ရယ်မောနေကြရာမှ ရိုးစင် ငိုင်ကနည်းဖြစ်သွားရသည်။ ဆေးရုံပေါ်ရှိအမေ့ကို သတိရသွား၍ဖြစ်သည်။

"အမေသတိရလာမှာပါ ရိုးစင်ရယ်။ စောင့်ဆိုင်းရုံကလွဲလို့ ကျွန်မတို့ ဘာမှမတတ်နိုင်ဘူးလေ"

"သြော် . . .အရှုံးပေးချင်တဲ့လူက အရှုံးပေးချင်တာတောင် နိုင်မယ့်လူကလာမနိုင် နိုင်ဘူးနော်။ ကိုယ့်မှာအမေ့ကို အရှုံးပေးချင်လွန်းလို့ စောင့်ဆိုင်းရတာ မောလှပြီ"

"ဒါနဲ့ရိုးစင် . . .အမေ့ဆီ ဒီနေ့သွားမှာလား"

"အင်း . . ."

သူတို့ဆေးရုံရောက်တော့ ထုံးစံအတိုင်းအမေက ကုတင်ပေါ်တွင် လဲလျောင်းအိပ်စက်လျက်သား။ အနားမှာသူနာပြု ဆရာမလေးအား "အမေနိုးလာရင် ဒီဖုန်းကိုဆက်ပေးပါနော်" ဟု ရိုးစင်ပြောပြီး visiting card ကဒ်လေး လှမ်းပေးတော့ဆရာမလေးက ဘာ့ကြောင့်မှန်းမသိရိုးစင်ကို ရယ်ကျဲကျဲရုပ်ဖြင့် ပြန်ကြည့်လေသည်။ စိတ်ကသိကအောင့် ဖြစ်သွားသော်လည်း ထိုအကြောင်းကို မြွေပါကိုမပြောဖြစ်။ ဒီလိုနဲ့ နေ့တစ်နေ့ အကျိုးမဲ့စွာ ကုန်ဆုံးသွား ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



# Day 2

ဒီနေ့အမေ့အခန်းကို ရိုးစင် ထပ်ရောက်ဖြစ်ခဲ့ပြန်သည်။ $2^{nd}$ Round ဖိတ်ကြားစာကို ပိုက်စိတ်တိုက်လိုက်လံရှာဖွေသော်ငြား ရှာမတွေ့။ တကယ်ဆို $2^{nd}$ Round နှင့်သက်ဆိုင်သည့်တစ်ခုခုကို သူတို့တွေ့ဖို့ကောင်းသည်။ Post card ဖြစ်ဖြစ်၊ ပါဆယ်ဖြစ်ဖြစ်ပေါ့။

အမေ့အိပ်ရာကို လှန်လှောရှာဖွေနေစဉ်မြွေပါက . . .

"ဒုက္ခပဲ"

"ဘာလဲမြွေပါ"

"ကျွန်မအခုမှ တစ်ခုတွေးမိလို့"

"ဘာကိုလဲ"

"ရှင်အမေ . . .သူသတိရနေပြီထင်တယ်၊ သူသတိရနေလို့သာ ဒီပစ္စည်းတွေက သူ့ဆီမှာ . . ."

မြွေပါစကားက တစ်ဝက်တစ်ပျက်တွင်ပင်ရပ်တန့်သွားသည်။ သူတို့နှစ်ဦးစလုံးဆေးရုံဆီအမောတကော ပြေးကြသည်။

အမေ့ကုတင်ရှေ့ရောက်လျှင် . . .

"ဟင်"

ဟုတ်ပါပြီ . . .အမေနိုးလာခဲ့ပြီ။ နိုးထခါစ လတ်ဆတ်သော မျက်ဝန်းများဖြင့် အမေက မလတ်ဆတ်သော ဂိမ်းတစ်ခုအကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကိုခွင့်လွှတ်ပါသားရယ်။ ငါ့သားကိုအစစ အရာရာပြည့်ပြည့်စုံစုံထားခဲ့ချင်ပါတယ်။ သားအတွက် တက္ကစီတစ်စီး လောက်ထောင်ပေးခဲ့ချင်ပါတယ်။ အဲ့ဒီအရှုးဂိမ်းဆိုတဲ့စာ 'စ' ရောက်ချိန်ကတည်းက အမေမယုံခဲ့ ပေမယ့်ငွေတွေ တကယ်ရောက်လာတော့ အမေလိုချင်ခဲ့မိတယ်။ ငါ့သားကို ဒီအတိုင်းလက်မဲ့ထားသွားရမှာကို အမေစိတ်မချဘူး။ ဒါကြောင့် အနိုင်ရရင် ငါ့သားအတွက် အများကြီးချန်ထား . . .ခဲ့ . . .အဟင့်"

မျက်ရည်စက်လက်ခံစားနေရသော အမေ့မျက်နှာကို သူဆက်လက်မကြည့်လို . . .

ဒါတွေအားလုံးဟာသူ့ကြောင့် အမေကသူ့ကြောင့်မှားခဲ့တာ။ ရင်ထဲကတစစ်စစ်နာလာသည်။ အမေနှင့်သူသည် ဖြစ်ပျက်ပုံချင်းဆင်တူနေရုံမျှမက တွေးပုံချင်းတောင်ဆင်တူနေခဲ့သည်။ ရိုးစင်က အမေ့အတွက်ဟု ရည်ရွယ်ကာ အရှုးဂိမ်းနှင့်အရှုးထနေချိန်မှာ အမေကလည်း တစ်ဦးတည်း သောသားအတွက် မိုက်ရူးရဲဆန်ခဲ့သည်။

ရိုးစင်တစ်ယောက် သက်ပြင်းကိုခပ်ဆဆချရင်း . . .

"အမေကပိုက်ဆံတွေကို ဘယ်မှာဝှက်ခဲ့သလဲ"

အမေ့မျက်နှာသည် ရုတ်တရက်ရှုပ်ထွေး နောက်ကျိသွားသလို အရိပ်တွေ အမျိုးမျိုး ဖြတ်သန်းသွားပြီး . . .

"အမေ့အခန်းရှေ့က သရက်ပင်အောက်မှာသား" ဟုပြောကာ နားကိုတစ်ချက်ကုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ပြိုင်ဘက်ကရော ဘယ်သူလဲ"

"အမေ့ပြိုင်ဘက်က ရိပ်သာမှူးပဲသား"

ရိုးစင်းဖျစ်ညှစ် ပြုံးဖြစ်သည်။ ကိုယ်သိသောလူများကသာ ကိုယ့်ကိုဒုက္ခပေးတာမျိုးဖြစ်သည်။ လောကကြီးဆိုတာကလေ။

"အမေတို့ နှစ်ယောက်လုံး လူလည်မကျဘဲ ငွေတွေ လိမ်မယူ ကြေးလို့ သူကပဲအရင်ကတိ တောင်းခဲ့တာ။သူအဲ့ဒီလို ကတိ ပေးခဲ့လို့ လည်း အမေစိတ်အေးခဲ့ရတယ် သား။"

"ဟုတ်ပါပြီ အမေရယ် အဲ့ဒီစိတ်ဒုက္ခကို သားကောင်းကောင်း သိပါတယ် အမေရယ်"

"ဟင် . . ."အမေကရုတ်တရက်ကြောင်အသွားရာ

"ဆက်ပြောပါဦး အမေ"

"ဒါပေမယ့် အမေတို့နှစ်ယောက်စလုံးက ငွေတွေကို ဘယ်မှာ ထားတယ်ဆိုတာ အချင်းချင်းဖွက်ထားကြတယ်။ အမေမှာ အဲ့ဒီငွေထုပ် ကြီး ဘယ်မှာထားရမှန်း မသိလို့ အတော်ဒုက္ခရောက်ခဲ့ရတာ။"

"ဩော် . . .ကျွန်တော်သိပါတယ် အမေ"

"အင်း . . . အမေ့မှာ သက်ဆိုင် ရာလည်းမအပ်ရဲတော့ အမေ့ ခေါင်းရင်းက သရက်ပင်အောက်မှာ သွားမြုပ်ထားခဲ့တာ။"

ဒေါ်ရွှေစင်မျက်ဝန်းထဲတွင် လွန်ခဲ့သော တစ်လကFool Game ဖြစ်စဉ် အပိုင်းအစများ ပေါ်လာသည်။ ရိပ်သာထဲတွင် တော်တော် ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်ကြပါဦး ကျုပ် သိန်းထုပ်ကြီး ကောက်ရလို့တော်"

"ဟယ် . . .မမြကြည် ကြီးလည်းသိန်းထုပ်တစ်ထုပ် ကောက်ရတယ်ပြောတယ်" ရိပ်သာ၏ ဟိုနေရာသည်နေရာတွင် ပိုက်ဆံထုပ်အစည်း လိုက်များကောက်ရနေသည့် လူများကြောင့် ဒေါ်ရွှေစင့်စိတ်တွေစိုးတထိတ် ထိတ်ဖြစ်လာသည်။

"ငါ့သရက်ပင်ကလူသွားလမ်းပေါ်မှာ တစ်ယောက်ယောက်များတူးမိလို့ ပိုက်ဆံတွေအကုန်ထွက်ကုန်ရင် ခက်ရချည်ရဲ့"

စိုးရိမ်စိတ်တွေ ဒီရေအလား တရိပ်ရိပ်တိုးလာသည်နှင့်အမျှထိုနေ့ည သန်းခေါင်ယံကျော်တွင် သရက်ပင်ဆီတိတ်တိတ်လေးဆင်းကာ ငွေများ ကိုတူးဖော်ရင်း စစ်ကြည့်လေသည်။ ငွေထုပ်များတစ်ပြားတစ်ချပ်မှ လျော့ပါးခြင်းမရှိ။ ခပ်လှမ်းလှမ်းတွင် ချောင်းကြည့်နေသော မျက်လုံးတစ်စုံ ရှိကြောင်း အဲ့သည်အချိန်က ဒေါ်ရွှေစင်မသိခဲ့ချေ။အဘယ်ကြောင့်ဆိုသော် ရိပ်သာမှူးဆိုသော မိန်းမကညတွင်းချင်းပင်ဒေါ်ရွှေစင်၏ သိန်းတစ်ထောင် ထုပ်ကို တူးဖော်ရယူသွားခဲ့၍ ဖြစ်သည်။ အတိတ်ကိုဇာတ်ကြောင်းပြန်ရင်း လောကကြီးကိုစိတ်ပျက်ဟန်ပေါက်နေသော ဒေါ်ရွှေစင်တစ်ယောက် ဇာတ်လမ်းဆုံးမှ ပစ္စုပ္ပန်နှင့်ချိတ်ဆတ်မိသွားပုံမျိုးဖြင့် နှာခေါင်းကို တစ်ချပ် ပွတ်သတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုငွေထုပ်ပြန်ပေးဖို့ ဒူးထောက်တောင်းပန်ခဲ့ပါတယ်။ သူလှည့် မကြည့် ဘူးသားရယ်။ အမေတော့ကြွေး ၁၀၀၀ နဲ့ဘဝပျက်ပါပြီ။ ငါ့သားကို အရင်းအနှီး မပေးနိုင်တဲ့အပြင် ဘဝတစ်သက်ဆပ်ကုန်စရာမရှိတဲ့ အကြွေးပါဆပ်ရတော့မယ်။ ဒါကြောင့်အမေအိပ်ဆေးတွေ အမေ့အသံသည် တဖြေးဖြေးချင်းတိမ်ဝင်ကာ တိုးလျှသွား၏။ အမေ့မျက်ဝန်းတွေက ရိုးစင်မျက်လုံးများနှင့်လွဲချော်ကာဆေးရုံကြီး အပြင်ဘက် သို့ငေးကြည့်လျက်သား။

ရိုးစင်သည် အသက်ရလာမှ ဒုက္ခခံနေရသော အမေ့ကိုဝမ်းနည်းစွာငေးကြည့်ရင်း . . .ဘာကိုကြေကွဲလို့ကြေကွဲရမှန်း မသိဖြစ်နေသည်။ လွန်ခဲ့သောတစ်ပတ်ကပင် အနိုင်ရခဲ့သောသူသည် အခုကျတစ်ပြားမတန် သူတောင်းစားဖြစ်သွားသလိုပင် . . . .

သူတောင်ဟိုငွေတွေကို လိုချင်ခဲ့သည်ပဲ။ သူ့ထက်ဆယ်ပြန်ရိုးသည့် အမေက . . .ပို၍ပို၍လိုအပ်ခဲ့သည်မှာ သေချာပါသည်။ သူနှင့်အမေသည် ၅၂၈ မေတ္တာလောဘကြောင့် အရှုးထောင်ချောက်ထဲပိတ်မိခဲ့ကြခြင်းဖြစ် သည်။

ပြီးတော့ Fool Game ၏ပစ်မှတ်။ သည်ပုံစံအတိုင်းဆိုလျှင်တော့ စာတိုက်မှတဆင့်ပေးပို့ရင်း အသက်အရွယ်စုံကို ပစ်မှတ်ထားပုံရသည်။ ကဲ အခုရိုးစင်ဆိုတဲ့ အရိုးကောင်ကြီး . . .။ မြွေပါခေါ်သည့်အတိုင်း ခေါ်ရလျှင် သေလောက်အောင် ရိုးတဲ့ အရိုးကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မည်နည်း။ အမေ့အကြွေး သိန်းတစ်ထောင်ကို ဘယ်က ရှာဖွေဆပ်ပေးရမည်နည်း။

"ဆေးရုံမတက်မီ တစ်ရက်ကအမေ့ဆီ သူတို့ထပ်လာတယ် သား။ လကုန်ရင်ဆပ်ရမယ့်အကြွေးအတွက် သတိလာ ပေးကြတာ။ အချိန်က သိပ်မရှိတော့ဘူး။ အမေ . . .အမေဘယ်လို လုပ်ရမလဲသား။ သားတော့ ဝင်မပါပါနဲ့သားရယ် . . .အဟင့် . . .အဟင့်။"

ပြောရင် အမေ ချုံးပွဲချငိုကြွေးသည်။ မျက်နှာကို လက်ဖဝါး တစ်စုံနှင့် အုပ်မိုးကာ ရှိုက်ကြီးတငင်ငိုကြွေးနေသော အမေ့ကိုကြည့်ရင်း လွန်ခဲ့သော ဧပြီ ၃ဝတုန်းက ဒေါ်ပြုံးပြုံးရှေ့တွင် အရှုံးသမားဖြစ်ခါနီး ခံစားချက်ကို သတိရမိသည်။ အဲ့ဒီခံစားချက်က ခါးသီးစရာ ကောင်းလှ သည်။ အုတ်ဂူထဲ မှာ အရှင်လတ်လတ် အပိတ်ခံရတဲ့လူလို မဲမှောင်ပြီး မျှော်လင့်ချက်ကင်း မဲ့လေစွ။

ဟူး . . .ထွက်ပေါက်တော့ လိုအပ်နေခဲ့ပြီ။

အမေ့ကြွေးက သိန်း ၁၀၀၀ First Round ကသူ့အကြွေးက သိန်းတစ်ထောင်။ အဲ့ဒီငွေတွေကို ဘယ်ကရှာရမည်နည်း။ သူတို့ သားအမိ သည် အရှုံးတစ်ဂေ၏ လှည့်စားခြင်းဝက်ပါတွင် သနားစဖွယ် လမ်းပျောက် နေကြပြီ။

ဇောချွေးပြန်နေသောသားနှင့် မျက်ရည်လည်ရွဲနေသော အမေတို့ မျက်နှာချင်းဆိုင်ထိုင်ကာ ခေတ္တမျှတိတ်ဆိတ်ပြီးနောက်မှ .

www.burmeseclassic.com

www.burmeseclassic.com



. .အဖြေတစ်ခု ရသွားသလိုဖြင့် ရိုးစင်ပြုံးပြဖြစ်သည်။ သို့သော် အမေပြန်မပြုံး။ အမေပြော သာပြောချင်နေပေမည်။ အမေ မပြော သော်ငြား အမေပြောချင်နေသည့် စကားလုံးများကို ရိုးစင် ကောင်းကောင်းသိပါသည်။

နိုင်လျှင် အမေ့အကြွေးဆပ်နိုင်မည်။ ရှုံးလျှင်ရိုးစင် ဘဝပျက် မည်။ ဘယ်လမ်းကိုရွေးရွေး ရိုးစင်အတွက် အကြွေးချည်းသာ။ သူအမေ့ကို အရှုံးပေးရမည်။

ဒါက မြင့်မိုရ်တောင်ထက်ကြီးသည့် ကျေးဇူးရှင်။ အတ္တမှမတန်ပဲ မာန်လျှော့ရမယ်ပေါ့။အခုမှ ကမ္ဘာကြီး၏ Justice Rule ကို မြင်လာခဲ့ပြီတည့်။ ဘဝဟူသည် Winer or Loser နှစ်မျိုးတည်း။ ကြားနေဝါဒမရှိ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# (+)Thinking

## ဘယ်သူ့ကို

## ဘာအတွက်နဲ့

## ဘာကြောင့် အရူးလုပ်ရမှာလဲ။

ရှိုးစင်

www.burmeseclassic.com

www.burmeseclassic.com



# Day 3

အဲ့သည်နေ့က သူ့တွင်ရှိသောပါဆယ်ဗူးလေးကို အမေ့လက်ထဲသို့ အပ်နှံခဲ့ပါသည်။ အမေသိန်းနှစ်ထောင်နိုင်လျှင် သူနိုင်သလိုပါပဲလေဟု တွေးဖြစ်မိသည်။ သူဘဝပျက်လျှင်တောင်မှ ဒီလိုအတွေးမျိုးဖြင့်သူဖြေသိမ့် နိုင်ပါသည်။

အမေ့ဆီသွားရာလမ်းတွင် သူ့အားစကား တစ်လုံးမှ ပြောဆိုခြင်းမရှိသော မြွေပါစိတ်ကိုလည်း သူနားလည်ပါသည်။

အမေ့လက်ထဲသို့ သိန်းထောင်ချီပါဆယ်ဗူးလေး ထိုးထည့်စဉ်တွင် သူ့အားပြုံးမြချိုရှိသော မျက်ဝန်းများဖြင့် ကြည့်နေသည့် အမေမျက်နှာကို တွေ့ရသည်။ အဲ့ဒီအကြည့် အဲ့ဒီအပြုံးကို သားအမိချင်းဖြစ်လျက်နဲ့တောင် တစ်ခါမှ မမြင်ဖူးခဲ့။ အကြည့်ဆန်း၊ အပြုံးဆန်း။

အပြန်လမ်းတွင်သူ့ခြေလှမ်းတွေ ပေါ့ပါးနေခဲ့သည်။ သူ့နှလုံးသားသည်လည်း ငှက်တောင်မွှေးမျှ။ အကြွေးထောင်ချီ ဆပ်ရလျှင်တောင်မှ သည်ဆုံးဖြတ်ချက်အတွက် လေးလံဖိစီးမှု သူ့တွင်မရှိ။ တစ်ခုပဲ။ မြွေပါနှင့် လမ်းခွဲတော့ 2nd Round ပွဲစဉ် တလျှောက်လုံးတွင် နှုတ်ပိတ်နေသော လူဆိုးမလေးအတွက် စိတ်မကောင်း။ ရှိးစင်ကို မနှုတ်ဆက်ဘဲသူမပြန်သွားခဲ့၍ အလှမ်းတွေကလေးလံဆဲ။

www.burmeseclassic.com

www.burmeseclassic.com

**(+) Thinking**

တို့နှစ်ယောက်ကြားမှာ

သက်ပြင်းတွေပဲ

ရှိခဲ့မယ်ဆိုရင်တောင် . . .

အဲ့ဒါတွေနဲ့ တံတားစင်းပြီး

မင်းဆီအရောက်လာခဲ့မယ့် . . .ကောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# Day 4

ထုံးစံအတိုင်း Final Post Card ရောက်လာခဲ့ပြီ။

Player 1: Yoe Sin Htike (May be Loser)

Prepare yourself for May 14(-200,000,000)

Player 2: Daw Shwe Sin (May be Winner)

Prepare yourself for May 14 (+ 200,000,000)

ပြိုင်ပွဲပြီးဆုံးမည့်မေ ၁၄ရက်နေ့ နံနက် ၁၀နာရီတွင် FGG မှ တာဝန်ရှိသူများ ကိုယ်တိုင်လာရောက်၍ Player များထံမှ အပ်နှံပစ္စည်းများကို ပြန်လည်သိမ်းဆည်း မည်ဖြစ်သည်။ နိုင်သူ ( Winner) အားဆုချီးမြှင့် သွားမည်ဖြစ်ပြီး ရှုံးသူ (Loser ) မှာတစ်လအတွင်း ကြွေးမှီပေးဆပ်ရမည် ဖြစ်သည်။

ဂိမ်းပြီးဆုံးမည့်နေ့

Dress- Blade Suit Coat

Place- Yoe Sin Htike Home

Date & Time- May 14, 10AM

သူထိုကတ်ကို အသည်းအသန်ဖတ်နေချိန်တွင် မြွေပါက သူမ၏ Lollipop ကိုသာ တမြုံ့မြုံ့စားနေလေသည်။ အရင်တစ်ခါလို မှန်သည်၊ မှားသည်ကောက်ချက်ချဖို့ထား၊ 2[nd] Round နှင့်ပက်သက်၍ သူမက တစ်လုံးတစ်ပါဒမှ ဝင်ရောက်ပြောကြားခြင်း မရှိတော့။ ချစ်သူ ပြော၍သာ အနားမှာနေနေရသည့်ပုံဖြစ်နေသည်။ သူအသည်းမောအား လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ့်ကိုစိတ်မဆိုးပါနဲ့ကွာ။ စိတ်ဆိုးပြေတော့နော်။" သူလှမ်း ချော့လိုက်တော့ မြွေပါက မျက်လုံးကိုလှန်ကြည့်လိုက်ပြီး . "နိုးပါ"ဟု . . .ခပ်မြန်မြန်ဖြေလိုက်သည်။

"မင်းပြောစရာတွေရှိတယ်ဆိုတာ ကိုယ်သိပါတယ်။ ပြောပါ။ ကိုယ်နားထောင်ချင်တယ်။ မင်းကို ကိုယ်အားကိုးချင်တယ်။"

"သည်လိုသူပြောတော့ မြွေပါက အခမ်းနားဆုံးမျက်စောင်းထိုးပြီး "သိလျက်သားနဲ့ လာမေးရတယ်" ဟူသော အဓိပ္ပာယ်ဆောင်သည့် မျက်ဝန်းစကားကိုသာ ဆိုလိုက်သည်။

သူသက်ပြင်းလေးခိုးချလိုက်မိသည်။ ရိုးစင်၏လုပ်ရပ်သည် ရိုးစင်အမြင်တွင်တော့ သူ့ရဲကောင်းဆန်မည်ဖြစ်သော်ငြား မြွေပါ အတွက်တော့ ဖြေရှင်းနည်းကောင်းမျိုးမဟုတ်တန်ရာ။ ချစ်သူအား ပြောမရ၍သာ လွှတ်ထားရသည့် စိတ်ပျက်ခြင်းကို သူမကွယ်ဝှက် သော်ငြား သူပြတ်ပြတ်သားသားသိနေပါသည်။

သူသက်ပြင်းတွေ တစ်ခါပြီးတစ်ခါ ကြိတ်ချနေသည်ကို သတိထား မိဟန်တူသောမြွေပါက–

"ရိုးစင် မိဘတိုင်းက သားသမီးကိုချစ်ကြပြီး၊ သားသမီးတိုင်း ကလည်း မိဘတွေကိုချစ်ကြတယ်နော်။ ရှင့်အမေကျမှ . . .ဘာဖြစ် လို့လဲ"

သည်နေရာတွင် စကားမစပ် . . .

www.burmeseclassic.com



"ရပါတယ် ဆက်ပြောပါ။ ကိုယ်ပြောတယ်လေ။ ကိုယ်မင်းကို အားကိုးပါတယ်လို့။ ပြီးတော့ အခုကိုယ်လုပ်ချင်တာတွေ ဖွတ်လုပ်ပြီးပြီပဲ။ ကိုယ့်အတွက် ကိုယ်အချစ်ရဆုံးလူရဲ့ ထင်မြင်ချက်လိုအပ်တယ်။ကိုယ့်အမေကျ . . .ဘာဖြစ်လဲ . . .ဆက်ပြောပါ"

"ရှင့်ကိုရှင့်အမေဆက်ဆံတဲ့ အမူအရာတွေ၊ ပြောတဲ့စကားတွေ အားလုံး ကျွန်မမသက်ာဘူးရှိးစင် . . ."

"ဘာဖြစ်လို့မင်းကအဲ့ဒီလိုထင်တာလဲ မြွေပါရယ်။ သက်သေသာဓကနဲ့ပြောပါ။"

သူမသက်မသာ ညည်းလိုက်ပါသည်။

"အခုကျွန်မပြောမယ့်စကားတွေကို ရှင်သေသေချာချာ နားထောင်ပေးပါရှိးစင်။ အကယ်၍ အမေသာ 1nd Round မှာရှုံးပြီး အကြွေးသိန်းတစ်ထောင်တင်မနေဘူးဆိုရင် အခု 2nd Round ကို ရှင့်အမေနဲ့ဆက်ပြီး ကစားဦးမှာလား။"

သူဟက်ကနဲ ရယ်မိ၏။

'မကစားဘူး ဒီဂိမ်းကို ကိုယ်မုန်းတယ်' လူတွေကြားထဲက သံယောဇဉ်တွေကို ငွေကြေးနဲ့လိုက်လံ သုတ်သင်နေတာ။

"OK ကျွန်မထင်တာမှန်တယ်။ ကျွန်မဘာလို့အမေ့ကို သံသယ ရှိတာလဲသိလား ရှိးစင် . . . ရှင်နဲ့ သူစကားပြောကြတဲ့ အချိန်တုန်းက ဘေးလူ ဖြစ်လို့ထင်တယ်။ သူ့မျက်နှာကိုစောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်ခဲ့တယ်။ ရှင်က ရိပ်သာ မှူးကငွေတွေဘယ်လို လှည့်သွားလဲ မေးတော့ သူက နှာခေါင်းကို တစ်ချက်ကိုင်တယ်၊ ပိုဆိုးတာက 1st Round အကြောင်း ပြောနေချိန်တောက်လျှောက် ရှင့်မျက်လုံးကို လုံးဝ ဆိုင်မကြည့်တာပဲ။ နောက်ရှင်ငွေတွေ ဘယ်မှာဝှက်ထား လဲမေးတော့ သူနားကိုကုတ်ပြန်တယ်။ အဆိုးဆုံးက ရှင့်အမေရဲ့ စိတ်ခံစား ချက်နဲ့ မျက်နှာအမူအရာ၊ ခန္ဓာကိုယ်အမူအရာ အလိုင်းမင်းလွဲ နေတယ်။ တကယ်ဆို သားသမီးဆီက ဝေစုကို သူနှိုက်နေတာ အနည်းဆုံး ရှင့်ကိုနှစ်သိမ့်ပေးရမှာလေ။ 1st Round ကအကြွေးက ၁၀၀၀။ အခု နိုင်လို့ရမှာက ၂၀၀၀။ အဲ့ဒီတော့ ၁၀၀၀ပိုမနေဘူးလား။ တကယ်ဆို အဲ့ဒီ၁၀၀၀ ကို သားအတွက်အမေ ဆပ်ပေးမှာလို့ အမေတစ်ယောက်ပီပီ ပြောသင့် တယ်လေ။ ဘဝအပျက်ခံပြီး အမေဆေးကုဖို့ ကြွေးထိုး ဆပ်ပေး တဲ့ သားကို ဒီလောက်တော့ပြောရ မှာပေါ့။" မြွေပါက မကျေ မနပ်ချက်တွေ ကို တစ်ခါတည်း သွန်ချပုံရပါသည်။

"ဟူး"

ရီးစင်မျက်လုံးတွေကို မှိတ်ချလိုက်သည်။ အဲ့ဒီနေ့က အမေ့ရဲ့ အမူ အရာတွေက မြွေပါပြောပုံနှင့် တစ်ထပ်တည်း။

"ရှိသေးတယ် ရီးစင် ရှင်ကအမေ့ပြိုင်ဘက်ကဘယ်သူလဲလို့ မေးရာ သူကအမေ့ပြိုင်ဘက်က ရိပ်သာမှူးပဲသား" လို့ပြောတယ်။ အဲ့ဒီလိုအပြည့် အစုံကောက်ဖြေစရာ မလိုဘူးလေ။ အဲ့ဒီလိုဖြေတာဟာ

www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတဲ့လူက စဉ်းစားချိန်ရအောင် စကားကိုကွေ့ပတ်ပြောနေတာမျိုးနဲ့ တူနေတယ်။

"တော်ပါတော့ . . .မြွေပါရယ်"

သူ့ဆံပင်တွေကြားထဲ သူ့လက်ချောင်းတွေ နစ်ဝင်သွားသည်။ ဆက်မပြောပါနှင့်ဟု သူ၏စကားလုံးမဲ့တောင်းပန်စကားကို မြွေပါက လက်ထနေသော မျက်ဝန်းများဖြင့်ထထွက်သွားသည်။

သူမအိမ်ပေါက်ဝရောက်စဉ်တွင် နှစ်ကိုယ်ကြားကြားနိုင်သော လေသံဖြင့်ရေရွတ်လိုက်သည်။ "ကိုယ့်ဘဝမှာ မရှိမဖြစ်တဲ့ လူနှစ်ယောက်ရှိတယ် မြွေပါ။ တစ်ယောက်က အမေ၊ တစ်ယောက် ဘယ်သူဆိုတာ မင်းသိပါတယ်ချစ်သူရယ်"။ ။

တောက်လက်နေသော သူမ၏မျက်ဝန်းလေးများ မှိန်ဖျော့သွားပြီး "ရိုးသားမှုနဲ့ချစ်ခင်တာက ကောင်းပါတယ်ရိုးစင်ရယ် . . .။ ရှင့်မေတ္တာလိုမျိုးပေါ့။ ဒါပေမယ့် . . .တစ်စုံတစ်ယောက်ကများ ရှင့်ကို မရိုးမသားနှင့် ချစ်ခင်လာခဲ့ရင် ဘယ်လိုလုပ်မလဲဟင်။ ကျွန်မတို့တွေ အဲ့ဒီမေတ္တာကို အရူးတစ်ယောက်လို မျက်လုံးစုံမှိတ်ပွေ့ဖက် ထားကြမလား။ မယုံမကြည် လွှင့်ပစ်လိုက်ကြမလား။ ကျွန်မတို့ ကိုယ်တိုင်ပဲ ရွေးချယ်ရမှာပါ။ ဒါပေမယ့် ရှင့်လိုလူကိုတော့ လူတွေ ဘယ်လို လိမ်လည်တယ်ဆိုတဲ့ သက်သေကို ကျွန်မ ရှာမပေးနိုင်တဲ့အတွက် ဝမ်းနည်းမိတယ်။ Pinochio လေးလို လိမ်လည် လိုက်တိုင်း နှာခေါင်းတွေ ရှည်ထွက်လာကြရင် သိပ်ကောင်းမှာပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကသူမရင်ထဲက စကားတွေအများကြီး ပြောနေခဲ့ခြင်းဖြစ်သည်။

# Day 5

လူတစ်ယောက်က ရှင့်ကိုလိမ်လာရင် ဘယ်လိုသိနိုင်မလဲ ရေးထားတာ။ အလွတ်ကျက်ကြည့်။

မြွေပါကမ်းပေးသောစာရွက်ကို ကြည့်လိုက်လျှင်–

"လိမ်လည်သူများသင်ခန်းစာ"

(၁) **မျက်လုံး**

မျက်လုံးခြင်း အဆုံမခံခြင်း။ ဆူညံသံကြားလျှင်တောင်မှ လှည့်မကြည့်ခြင်း။ သူငယ်အိမ်မှာ မျက်လုံးဘယ်ဘက်တွင်ရှိခြင်း။

(၂) **စကား**

မလိုအပ်ဘဲ အသေးစိတ်ပြောခြင်း။ လက်ရှိအခြေအနေနှင့်နောက်ထပ်လိမ်လည်ဖို့ အကြံအတွက် စဉ်းစားချိန်ယူသည့်အနေဖြင့် အသေး စိတ်အစီအစဉ်တကျပြောခြင်း။ စကားကိုကွေ့ပတ်ပြောခြင်း။ မေးခွန်းကို နင်းပြီးဖြေခြင်း။ အလိမ်ခံမည်ထင်လျှင် စကားလမ်းကြောင်း ပြောင်းကြည့်ပါ။ လိုက်လာလျှင် လိမ်သူဖြစ်တတ်သည်။ ထို့ကြောင့်ရှင်းပြောနေသော စကားကိုဖောက်မေးပါ။ မမျှော်လင့်တာမေးပါ။ အဖြေတွင် Weak Point ပါတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) မျက်နှာ

မျက်နှာကို လက်ဖြင့်ပွတ်ခြင်း၊ စိတ်ခံစားမှုနှင့်မျက်နှာအမူအရာ ထပ်တူမကျခြင်း။

(၄) နား၊နှာခေါင်း

နား(သို့မဟုတ်) နှာခေါင်းကိုလက်နှင့်ပွတ်သတ်ခြင်း။

(၅) အမူအရာ

Micro Expression အမူအရာတစ်ခုချင်းစီအလိုက် သေချာလေ့လာပါ။ သူကိုယ်တိုင်ချထားသော ခွက်ကိုတစ်ခြားတစ်နေရာတွင် စမ်းမိနေသလား။ အပြုံးတုလား၊ အပြုံးစစ်လားစသဖြင့်။

ရိုးစင်သည်မြွေပါ၏သင်ခန်းစာကို ကိုယ်တွေ့ဖြစ်ရပ်များနှင့် ယှဉ်ထိုးစဉ်းစားနေစဉ် မြွေပါက "အဲ့ဒီအထဲမှာ ထည့်မရေးထားတဲ့ extra lesson တွေလည်းရှိသေးတယ်။ အဓိကမျက်လုံးပေါ့။ မျက်လုံးက အပေါ်မှာ ညာဘက်ကပ်သွားရင် တွေ့ဖူးကြုံဖူးတာကို သတိရတာ။ ဥပမာ . . . ငါမနေ့ကဘာအင်္ကျီဝတ်လဲဆိုတာမျိုး။ တစ်ယောက်ယောက်က ကိုယ့်ကိုပိုက်ဆံလာချေးရင် အဲ့ဒီလူရဲ့ ညာမျက်လုံးကို ကိုယ့်ညာမျက်လုံးနဲ့ဆိုင်ကြည့်ရင် လိမ်လား မလိမ်လားသိနိုင်တယ်။

'မင်းအတော် သိတာပဲမြွေပါ'

သူအထင်တကြီးဆိုလိုက်လျှင် မြွေပါမျက်နှာ မည်းကနည်းဖြစ်သွားပြီး 'လူတစ်ယောက်ဆီကအမွေ ရခဲ့တယ်ဆိုပါတော့' ဟုလေးလေးပင်ပင်ဆိုသည်။ ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"သင်ခန်းစလေ့ကျင့်ဖို့ လူလိမ်တစ်ယောက်ကို သွားတွေ့ကြမလား"

"ကိုယ်လူတစ်ယောက်ကိုတော့ စမ်းသပ်ချင်တယ်"

"ဒီနေ့တော့ မရတော့ဘူး မနက်ဖြန်မှပေါ့" ဟုဆိုလိုက်၏။

## Day 6

"အန်တီက အမေ့ရဲ့အခင်ဆုံးမိတ်ဆွေ ရိပ်သာမှူး ဒေါ် . . .လား ခင်ဗျာ။"

အမေ့ရိပ်သာဆီ သူတို့ထပ်မံရောက်ခဲ့ခြင်း ဖြစ်သည်။ အဒေါ်ကြီး က ရိုးစင်ကိုနှစ်လိုဖွယ်ရာ အပြုံးဖြင့်ပြုံးပြပြီး . . .

"ဩော် . . .ရွှေစင့်သားလား . . . .

ရွှေစင်ကတော့ခဏခဏပြောဖူးတယ်။ အခုမှသာတွေ့ဖူးတာ"

ဩော် ရိပ်သာမှူးအဒေါ်ကြီးက ရိုးစင်ထင်သလိုမဟုတ်ခဲ့။ ဥပမိရုပ်လည်းအတော်လေးကောင်းသည်။

"ရွှေစင်က ဒီမှာလည်းတရားရိပ်မှာ အနားရနေတာကို ဘာဖြစ်လို့ဆေးရုံမှာ အနားသွားယူတာလဲမသိပါဘူး။ အခုရော အခြေအနေကောင်းလား။ ဘယ်လိုလဲ ဟင် . . .။"

"ဘယ်လို"

အမေကဆေးရုံမှာ အနားသွားယူတာလား။ သေချာရန် ထပ်မေးလိုက်သည်။ "ဟုတ်တယ်လေ။ သူအဲ့ဒီလိုမျိုးခွင့်တောင်းပြီး ဆေးရုံမှာသွားနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

လိမ်လည်သည်ဟု ထင်ခဲ့သည်က တစ်ယောက် တကယ် လိမ်လည်ခဲ့သည်က တစ်ယောက်။ ဆေးရုံကိုသူတို့ လိုက်သွားတော့ အမေ့ကုတင်ကဟာလာ ဟင်းလင်း။ အမေကသူ့ကို တစ်ပတ်ရိုက် သွားခဲ့ပြီ။ ခန္ဓာကိုယ် တစ်ခုလုံးမိုးကြိုးပစ်ခံလိုက်ရပြီး အရပ်ရှစ်မျက်နှာ သို့ လွှင့်စင်သွားသကဲ့ သို့ခံစားလိုက်ရသည်။

အမေကသူ့ကို လိမ်လည်ခဲ့သည်လား၊ အရှုံးလုပ်ခဲ့သည်လား။ ပြဇာတ်တစ်ပုဒ်ကို သူတစ်ဦးတည်းအတွက် အလှပဆုံး ကပြခဲ့သည် လား။

အမေသည်ဘယ်တုန်းကမှ 1st Round ကိုမကစားဖူးခဲ့။ ဘယ်တုန်းကမှလည်း အိပ်ဆေးမသောက်ခဲ့။ ဘယ်တုန်းကမှလည်း အကြွေး သိန်းတစ်ထောင်မရှိခဲ့။ အမေသည်သူ့သားကို အနိုင်ယူရန် ပုံပြင်လေး တစ်ပုဒ်ပြောပြခဲ့ခြင်းဖြစ်သည်။ လှည့်စားရက်လှချေလား။ အရှုံးလုပ်ရက် လှချေလားအမေရယ်။

"ဒီကုတင်ပေါ်က လူနာဘယ်ရောက်သွားလဲဟင်"

မြွေပါက နီးစပ်ရာသူနာပြုဆရာမလေးကိုလှမ်းမေးလိုက်လျှင်

"မနေ့ထဲက ဆင်းသွားတာပဲရှင့်"

အမေကခပ်ယဲ့ယဲ့ပင်။ ရီးစင်စိတ်မချ . . . .

"သူနေကောင်းရဲ့လားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး မျက်နှာကပြုံးတုန့်တုန့်ဖြစ်သွားပြီး . . .

"သူ့အမြဲနေကောင်းပါတယ် သူ့မှာ ဘာရောဂါမှမရှိပါဘူး။ ဒီအတိုင်းအနားယူတဲ့အနေနဲ့ ဆေးရုံလာတက်တာ . . ."

အခုတော့သေချာသွားပါပြီ။

သူ့နှလုံးသားသည် နွေနေ့လည်ခေါင်တွင် အပူမီးမြိုက်နေသည်။ ဘေးတွင်ချစ်သူတစ်ယောက်လုံး ရှိပါလျက်နှင့်တောင် သူမငြိမ်းချမ်း။ သိန်း၂၀၀၀ဆပ်ရမည့်အရေးထက် အမေ့မေတ္တာ ပျောက်သည်က သောကများလှပါသည်။

သူငိုကြွေးမိပြီ . . .

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေး၏ထောင့်တစ်နေရာတွင် သူရင်ဘတ်ကို ဒူးနှင့် အပ်ရင်း ထိုင်နေခဲ့သည်။

"Apirl Fool Day ဘယ်ကစဖြစ်တယ်သိလား ရှီးစင်။"

မြွေပါဘယ် အချိန်ကရောက်နေမှန်းတောင်မသိ။ သူ့အတွေးဝဂ်ဘာ ထဲ သူအဲသည်လောက် မြောလွင့်သွားခဲ့သည်လား။

"ကိုယ်မသိပါဘူး မြွေပါရယ်"

"ဒါဆိုကျွန်မသိတာပြော ပြမယ်နော်"

"အင်း"

"ဘုရင်တစ်ဦးက လူပြောင်တစ်ဦးကိုရွေးပြီး သူ့အင်ပါယာကို တစ်ရက်အုပ်ချုပ်စေခဲ့တယ်။ အဲ့ဒီလူပြောင် 'ဘုရင်' ဖြစ်တဲ့နေ့ကို Apirl Fool Day လို့ သတ်မှတ်ခဲ့တယ် ပြောကြတယ်"

"ဒါဆို Fool လုပ်ရတဲ့ရည်ရွယ်ချက်ကိုရော သိလား မြွေပါ"

မြွေပါခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ . . .

"တကယ်မရှိတဲ့ အရာကို ရှာဖွေလာအောင် အယုံသွင်းခံပြီး ကစားခိုင်းထားတာမျိုးလို့ထင်တာပဲ။ ပြင်သစ်မှာ အဲ့သည်လို အရူး လုပ်တမ်းကစားပြီး အရူးလုပ်ခံရတဲ့သူကို Poisson D Avril ဒါမှမဟုတ် Apirl Fish လုပ်ကြရတယ်။ ပွဲပြီးတာနဲ့ အရူးလုပ်ခံရသူရဲ့ကျောမှာ ငါးပုံလေး ကပ်ပေးလေ့ ရှိတယ်။ Poisson D Avril လို့အရူးကအဖြေကို ရှာဖွေ တွေ့ရှိသွားရင်ပြောကြတယ်။

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့အဲ့ဒီစကားတွေ ပြောနေသည့်အချိန်က ၁၀နာရီထိုးခဲ့ပြီ။ ၁၀နာရီထိုးသည်နှင့် ပျောက်ဆုံးနေသော အမေရော FGGကလူတွေပါ ရိုးစင်အိမ်ရောက်လာကြသည်။ စိန်ကွန်ပါဗူးလေးအနက်မှ တစ်ဗူးကို ဒေါ်ရွှေစင်ကို ကမ်းပေးရင်း "Congratulation ဒေါ်ရွှေစင်၊" နောက်ရိုးစင်တို့ ဘက်သို့လှည့်ကာ . . .

"ဝမ်းနည်းပါတယ် ကိုရိုးစင်

ခင်ဗျား . . .ရှုံးသွားပါပြီ

Winner ဒေါ်ရွှေစင်

Loser ကိုရိုးစင်

Good Game Ending ပါ"

ထိုလူနှစ်ယောက်အိမ်ထဲကထွက်တော့ ရိုးစင်အား "အချိန်၁လရပါတယ်။ ဇွန်လ ၁၄ရက် နောက်ဆုံးရှုံးကြေးဆပ်ရမှာပါ" ဟုဆိုသည်။ ရိုးစင်နှုတ်ဆွံ့အလျက်။

အမေကတော့ သူမလက်ထဲက ကွန်ပါဗူးလေးကိုကျစ်ကျစ်ပါအောင်အုပ်ကာ ရိုးစင်အနားလှမ်းလာပြီး . . .

"သားအမေ့ကို ပြောစရာရှိနေမှာပဲ" တည်ငြိမ်သော မျက်နှာဖြင့်ဆို၏။ အမေကတည်ငြိမ်လိုက်တာ။ သူတစ်ခုခုကို ပြောဖို့ပြင်လိုက်ပြီးမှ မပြောချင်တော့။

"ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးတည်းသာ သူရွေးသုံးခဲ့သည်။

"အမေ့ရဲ့သားတစ်ယောက်အတွက်ပါ။ အမေသူ့ကိုလို အပ်တယ်။"

ဩော် . . .အမေ့ထံတွင် နောက်ထပ်သားတစ်ယောက်ရှိမှန်း သူတောင်မသိခဲ့။ သူတောင်မမြင်ဖူးသည့် သူ့ညီအစ်ကိုအတွက် အမေက အသေအချာအတိအကျ အစီအစဉ်ဆွဲကာ သတ်ခဲ့ခြင်း ဖြစ်သည်။ တစ်ခုပဲသူမကျေနပ်။ သူ့ကိုအမေဘာကြောင့် မယုံကြည် ခဲ့ရသည်လဲ။ အမေသာ လိုအပ်လျှင် သူပုံပြင်တွေ ၊ ပြဇာတ်တွေ မလို အပ်ပါ။ သိန်း၂နှစ် ထောင်သာမက ဘာမဆိုပေးဆပ်ဖို့ အဆင်သင့်ပဲ။ ဒါနှင့်များတောင် . .

ဒီပွဲတွင် သူပိုရှုံးသည်။

ငွေကြေးနှင့် ဘဝသာမက နှလုံးသား၊ မေတ္တာကိုပါ သူဆုံးရှုံး ခဲ့ရသည်ဟု ခံစားမိသည်။

အမေကသူ့ကို အရူးလုပ်ရက်ခဲ့သည်လား။ အမေ့တွင် သူ့အပြင် နောက်ထပ်သားတစ်ယောက်ရှိခဲ့သည်လား။ အမေ့တွင်သူ မသိသောဖြစ်ရပ်များရှိခဲ့သည်လား။ ထိုညနေက သူနွမ်းဖတ် နေခဲ့ သည်။ မြေပါသာမရှိလျှင် သူအဲ့ဒီနေ့၊ အဲ့ဒီနေရာမှာတင် နှလုံးရပ် သွားနိုင်ပါသည်။ ငွေသိန်းနှစ်ထောင်ကို ဘယ်လိုပြန်ဆပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီထက်သူ့ကိုယ်သူ ပြန်ဆပ်ဖို့ဝတ္တရားအရတောင် မသေချာတော့။

နောက်တစ်နေ့ မေလ ၁၅ရက်

"စာဗျို့ စာ"

နံနက်စောစောဟိန်းထွက်လာသော စာပို့သမားအသံက အောင့်သက်နေသောသူ့နှလုံးသားကို လက်သီးတစ်လုံးဖြင့် အရှိန်ပြင်းပြင်းထိုးလိုက်သလိုလို။ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရင်း စာပို့သမားလက်ထဲက စာကိုရွေးယူလိုက်သည်။

တဆတ်ဆတ်တုန်ရီနေသော ချွေးစေးပြန်နေသော သူ့လက်များကမဖောက်ရသေးသောစာ၏ အရွယ်အစားကို ကြည့်လိုက်သည်နှင့် သူသိသွားခဲ့သည်။

ထိုအထဲတွင် . . . .ရှိပါလိမ့်မည်။

"Welcome from the Fool Game

Congratulation Player!

"တစ်စုံတစ်ယောက်အားအရှုံးလုပ်ခြင်းဖြင့် . . . ."

www.burmeseclassic.com

www.burmeseclassic.com



## Final Chapter

ငါတို့ . . .

## (+) Thinking

ငါတို့ကအားလုံးနာကျင်ကြမှာပါ . . .

အောင်မြင်မှုတိုင်းမှာ ထိုက်တန်တဲ့

အဖိုးအခတစ်ခုပေးကြရတာ ချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ post card ရောက်ပြီး၊ ရောက်ရှိလာသော ပါဆယ်ဗူးလေး သေးသေးလေးသာ။

သူဖွင့်ကြည့်လိုက်တော့ စာခေါက်လေးတစ်ရွက် ခေါက်လျက်သား။

ဖွင့်ဖတ်ကြည့်လိုက်လျှင် . . . .

Fool Game ၏ Final Round မှကြိုဆိုပါသည်။

Dress - Black Suit Coat

Place - Black Condo, Fool Hall

Date & Time - May 16, 10AM

ဟင် . . . မနက်ဖြန်ပင် သွားရတော့မည်။

ဒါဆို ဒီတစ်ခါအတွက်ပြိုင်ဘက်player ကို သိခွင့်ရပါဦးမလား။ ပြိုင်ဘက်ကိုအသိပေးသည် post card ရောက်လာနိုင်ဖို့ ရာခိုင်နှုန်း နည်းသွားပြီ။

ရိုးစင်စာရွက်ခေါက်လေးကိုင်ရင်း ငိုင်နေသည်။ သည်တခါ သူဘယ်သူ့ကိုပြိုင်ဘက်အဖြစ်ဆက်ပြိုင်ရဦးမှာလဲ။ဘယ်သူက သူ့ကို အနိုင်ကျင့်ဦး မှာလဲ။ သေချာသည်က သည်တခါ မြွေပါကို သူမခေါ်တော့ပါ။ကိုယ်ချစ်ရ သူကို ရွံစရာဂိမ်းထဲ မသွင်းရက် တော့။ ယောကျာ်းပဲ ... လာမည့်ဘေးပြေးတွေးမည်ဟု စိတ်ဆုံး ဖြတ်လိုက်သည်။ ခွင့်လွှတ်ပါချစ်သူ။ ငါတို့တွေ အားလုံးဟာ နာကျင်ကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုတိုင်းမှာ ထိုက်တန်တဲ့အဖိုးအခ တစ်ခုတော့ ပေးကြရတာချည်းပဲ။

သူတစ်ယောက်ထဲ အဲဒီနေရာကိုသွားခဲ့ပါသည်။ နာမည်ဆန်းနှင့် Condo ကိုရန်ကုန်မြို့ကြီးတွင်ရှာဖွေလွယ်ကူပါသည်။ သူဟိုကိုရောက်တော့သူတို့ကို ချိန်းဆိုသောနေရာမှာ Condo ကြီး၏ဘတ်စကတ်ဘောကွင်းနေရာမှာ။ မီးတွေထိန်ညီးအောင်ဖွင့်ထားသည်။ ကွင်းထဲတွင်တော့သူလို လူလေးယောက်ရောက်နေသည်ကို လှမ်းမြင်လိုက်ရသည်။ Player တွေကို ကွင်းထဲစုထားသောသဘော။ အနက်ရောင်ဝတ်စုံနှင့်လူတစ်ဦးက တားထားလိုက်ပြီး Joker မျက်နှာဖုံးတစ်ခုလက်ထဲသို့ပေး သည်။ "ဒါတပ်သွားရပါမယ်။"

သူ့မျက်နှာပေါ်သို့အုပ်တင်ပြီးသည်နှင့် ဟိုလူတွေနားသူရောက်သွားသည်။ ကွင်းထဲမှဟိုလူတစ်စုလည်းသူလို မျက်နှာဖုံးကိုယ်စီဖြင့်သို့သော်သည်လူတွေကို ရိုးစင်အသေအချာသိပါသည်။ဒီဘက်ကလူက MD ဦးတင်မောင်လှ၊ သူ့ဘေးကအောင်အောင်၊ အောင်အောင်ဘေးတွင်တော့ ရိပ်သာမှူးအဒေါ်ကြီး၊ အဲ . . .ဒီဘက်ကယောပုဆိုးနှင့်အမျိုးသားကိုတော့ လုံးဝမသိ။ ထိုအချိန်တွင် . . .ရှပ် ရှပ် ရှပ် ခြေသံများကြား၍လှည့်ကြည့်လိုက်လျှင် Joker မျက်နှာဖုံးတပ်ထားသော ကစားသမားနှစ်ဦး ထပ်မံရောက် ရှိလာသည်ကို တွေ့လိုက်ရသည်။ ရိုးစင်နှင့်အနီးဆုံးအနေအထားသို့ ရောက်လျှင်သူတို့တွေ ဘယ်သူ ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရိုးစင်သိသွားသည်။ အမေ။ မြွေပါ။ သူ အံ့ဩနေတုန်းမှာပင် –

ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .

ဘယ်ကပေါ်လာမှန်းမသိသော လက်ခုပ်သံများ။ ကြည့်လိုက်တော့ ပွဲကြည့်စင်တွင်ရုတ်တရက်ရောက် လာကြသော Joker မျက်နှာဖုံးနှင့်လူတွေ။ အခုတော့ ဒီပွဲအခြေအနေကို ရိုးစင်နားလည်လာပြီ။ ပွဲကြည့်စင်ကလူတွေက အတူဇိမ်ခံပွဲကြည့်သူ တွေ။ ရိုးစင်တို့လိုပွဲထဲက သူတို့တွေကိုမော်ကြည့်နေရသူတွေက ကျတော့ player သူတွေ။ အရှုံးအုပ်စုသည် အရှုံးကျင့်အရှုံးကြံနဲ့ ကိုကြံနိုင်ကြပါပေသည်။

ပွဲကြည့်စင်အလယ်ရှိ ခေါင်းဆောင်ဖြစ်ဟန်တူသူ လူတစ်ဦးက ထလိုက်ပြီး ဩရှရှအသံဖြင့် . . .

"ဒီဟောထဲမှာplayer ၇ ဦးပဲရှိပါတယ်။ မကြာခင်မှာ မီးကိုပိတ်ပြီး player ၇ ဦးအနက်က တစ်ယောက်ကိုရွေးပြီး Fool အမှတ်အသားကို မျက်နှာပေါ်ဆေးခြယ်ပေးမှာဖြစ်ပါတယ်။ player တွေ Winnerဖြစ်ချင်ရင် တော့ကိုယ့် Foolဖြစ်ကြောင်း တစ်ခြားplayer မသိအောင် ဖွက်ထားရမှာပါ။ အဲ့ဒီတော့ Fool လုပ်ရမှာက၊ တစ်ခြားလူကိုFoolလို့ထင်အောင် လုပ်ရမှာပေါ့။

Foolကိုမတွေ့ရင် playerအားလုံးLoser အဖြစ် ၃၀၀၀စီလျော်ကြရမယ်။ Fool နိုင်မယ်။ Fool ကို player ကစတွေ့ရင်တော့အဲ့ဒီ player က နိုင်မယ်။ အားလုံးရဲ့သဘောတူညီမှုနဲ့ Fool လို့သံသယဖြစ်ခံရတဲ့ လူရဲ့မျက်နှာဖုံးချွတ်ရမယ်။ မျက်နှာဖုံးချွတ်ခံရတဲ့လူက Loser ပဲ။ ပွဲကထွက်ရမယ်။ ၃၀၀၀ ဆပ်ရမယ်။ ရှင်းကြလား။"

www.burmeseclassic.com

www.burmeseclassic.com



ကစားသမားအားလုံး နားလည်ကြပုံရသည်။ ရိုးစင်သည် ဂိမ်းထဲပါဝင်လာသော အမေနှင့်မြွေပါအတွက်စိတ်ပူသွားမိသည်။ မိုက်လိုက်သည့်ကလေးမနှယ်. . . အမေကလူကြီးဖြစ်လို့ အကြောင်းရင်းရှိလို့ မိုက်သည်ထား၊မြွေပါတွင် ရိုးစင်မှလွဲ၍ဘာ အကြောင်းရင်းမှမရှိ။ ဒါနဲ့များ တောင်ဒီဂိမ်းထဲတွင် သူမက ပါဖြစ်အောင်ပါလာခဲ့သည်။

ကဲ. . .ဂိမ်းစတော့မယ်။ မီးတွေအားလုံး မှိတ်လိုက်ပါ။ လင်းဝင်းနေသောမီးလုံးကြီးများ ငြိမ်းကနည်းဖြစ်သွားပြီ။ပတ်ဝန်းကျင်သည်လည်း ပိန်းပိတ်အောင်မှောင်သွားသည်။

ရိုးစင်ဘေးနားတွင် လှုပ်ရှားသံများ။

ဖိနပ်သံများ။

ဟိုတိုး၊ဒီတိုးသံများ ကြားပြီးနောက်. . . ၅ မိနစ်ခန့်အကြာ. . . မီးကပြန်လင်းလာသည်။

"ကဲ. . . အားလုံးပဲ Fool ကိုစရှာလို့ရပါပြီ။ ပွဲကစားချိန်က ၁၅ မိနစ်ပါ"

ဂျိုကာမျက်နှာဖုံးတပ်ထားသော Player ခုနှစ်ဦးသည် မျက်နှာချင်း ဆိုင်ရှိ Player များကိုမယုံသင်္ကာ သလိုကြည့်ရင်း ဝေခွဲမရဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



" ကဲ. . . အားလုံးပဲ ထိုင်ရင်းပြောကြတာပေါ့။ထိုင်ရင်း ဖမ်းတော့ ပိုမိတာပေါ့"

မြွေပါအသံ၊ သူတို့ရောက်ရှိနေသောနေရာတွင် ခုံများကိုစက်ဝိုင်းသဖွယ် ဝိုင်းဖွဲ့ချထားပေးသည်။ သည်တော့လည်း သူတို့တွေဝိုင်းကြီး ပတ်လည်ချထားသော ထိုင်ခုံများတွင်မြန်မြန် ကိုယ်စီနေရာ ယူလိုက်ကြသည်။

အခု. . . ရိုးစင်. . .Fool ကိုရှာရတော့မည်။

အမေနှင့် ရိုးစင်ကိုခဏဖယ်ထား MD ဦးတင်မောင်၊ အောင်အောင်နှင့် သူစိမ်းအမျိုးသား။ရိပ်သာမှူး အဲ့ဒီလေးယောက်ကို ဦးစားပေး စဉ်းစားရမည်။

သူတို့လေးယောက်ကလည်း ရိုးစင်ကို Fool များလားဟု ပြန်ကြည့် နေကြပုံပင်။

အခြေအနေသည် ဘယ်သူကဘယ်သူ့ကို စတင်တိုက်ခိုက်ရ မှန်းမသိသော အနေအထားမျိုးဖြစ်သည်။

" ဦးတင်မောင် ခင်ဗျားဘာတွေတွေးနေလဲ "

အောင်အောင့်အမေး။

"မင်းဘာလို့ ကျုပ်ကိုအဲသည်လို မေးရတာလည်း အောင်အောင် ရှုံးမှာမင်းနဲ့ငါ အဆင်မပြေပေမယ့် ဒါက Personal အငြိုး တွေ ချပြရမယ့် နေရာ မဟုတ်ဘူးနော်။"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား . . . ဟုတ်ပါတယ် ကျွန်တော်ကလည်းPersonal ဖယ်ပြီးပြောနေတာပါ။ မီးပိတ်ရာပြန်ဖွင့်လိုက်တော့ ခင်ဗျားမျက်နှာ ဖုံးစောင်းနေတယ်။ ဘာကြောင့်စောင်းရတာလဲ၊ခင်ဗျား မျက်နှာပေါ် ဆွဲပေးခဲ့လို့လား။"

"ဟော့ကောင် အောင်အောင် . . . ငါလုံးဝ Foolမဟုတ်ဘူးနော်။ ငါ လုံးဝ မဟုတ်ဘူးကွ "

ဦးတင်မောင်အသံက ပွဲမှ စောစောထွက်ရမည့် Loser ဖြစ်မှာ စိုးရိမ်ပဲလား တကယ်ပဲလား Fool ဖြစ်မှာ စိုးရိမ်ပဲလားတော့မသိ။ သာမာန်ထက် ပိုမိုတုန်ယင်နေသည်။

"ဟော့ကောင်ငါလူကြီးကွ .... လူကြီးစကားတစ်ခွန်းပဲ။ငါလုံးဝ Foolမဟုတ်ဘူး။မင်းတို့တွေ ဒီငတုံးလေး ပြောတာကို တကယ်မထင်နဲ့ကွာ။ သူသာ Fool ဖြစ်မှာ။ပွဲထဲကလူတွေကို မြန်မြန်ထွက်အောင် လုပ်ပြီး သူချည်း ကျန်အောင်လုပ်တာ။ သူသာ Fool ။အဲဒီကောင် အောင်အောင်က Fool "

"တော်ပါတော့ ကိုတင်မောင်ရယ်" အမေ့ဆီမှထွက်ကျလာခြင်း ဖြစ်သည်။ အမေနှင့် MD ကသိနေခဲ့ကြသည်လား။ အမေတွင် ရိုးစင်းမသိသောလျှို့ဝှက်ချက် ဘယ်လောက်များများရှိထားသနည်း။

"ကဲ ...အားလုံးပဲ ဦးတင်မောင်ကို Fool လို့ထင်ရင် လက်ထောင်ပါ။အားလုံး သဘောတူရင် ဦးတင်မောင်မျက်နှာဖုံးကို ဖယ်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးတစ်ချောင်း စထောင်သည်။

ကြည့်လိုက်တော့ရိုပ်သာမှူး။ နောက်တော့လက်ညှိုး နောက်ထပ် ၁ချောင်း၊၂ချောင်း၊၃ချောင်း၊၆ချောင်း၊ ၆ချောင်းပြည့် သွားပြီ။ အားလုံး၏ သဘောတူညီမှုဖြင့် ဦးတင်မောင်ကို Fool ဟုတ်မဟုတ် ဖေါ်ကြတော့မည်။

"ငါလုံး၀ Fool မဟုတ်ဘူးကွ"။ ဒေါသတကြီးအော်ဟစ်နေသော ဦးတင်မောင်အနားသို့ အောင်အောင့်ကကပ်သွားပြီး ဆွဲခွာရန် ကြိုးစားလိုက်စဉ်

"ခဏနေဦး"

ကြည့်လိုက်သော ရှိးစင်မသိသော အမျိုးသားဆီကအသံ။

"ကယ်ပါဦးမောင်ရင်ရယ်။ သူကမှFoolပါ။"

ဦးတင်မောင်ကလေသံပျော့လေးဖြင့်ဆို၏။ထိုအမျိုးသားက အောင်အောင် မျက်နှာရှေ့တည့်တည့် သို့လျှောက်သွားပြီး မျက်နှာချင်းဆိုင်ကြည့်ရာ မျက်နှာဖုံး၏ သေးငယ်လွန်းသော မျက်လုံး ပေါက်များမှ တဆင့် မျက်လုံးချင်းတိုက်ပွဲဖြစ်နေကြောင်း Player များ သိလိုက်ကြသည်။

တစ်စက္ကန့်၊နှစ်စက္ကန့်များအကြာ ...။

သူစိမ်းအမျိုးသား၏ အသံသြသြက တဟောလုံးဟိန်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်Foolပါ။ ဆွဲထုတ်။ဆွဲထုတ်။"

ဦးတင်မောင်က

"ဟားဟား ... တွေ့လား။ဒီကောင်Foolဆိုတာ ကျုပ်ပြောသားပဲ။ Foolမှသာ စိတ်မလုံလို့ ပွဲစတာနဲ့အခြား Playerကို စဖိုက်တာ။ သူပဲ သေချာတယ်။ အားလုံးသဘောတူရင် သူ့မျက်နှာဖုံးဆွဲချွတ်ပေ့ါ။"ပွဲကပြောင်းပြန်ဖြစ်သွားသည်။ ရုန်းရင်းဆန် ခတ်ဖြစ်လာသည်။

"ကဲ ... အောင်အောင့်ကို Foolမဟုတ်ဘူးလို့။

သဘောမတူတဲ့သူရှိသေးလား"

ဦးတင်မောင်က ထိုသို့ပြောလာလျှင်

"သူငယ်ချင်းရိုးစင် ..ရိုးကြီး ...ပေ့ါကောင်ကြီး . . . ငါ့ကိုကယ်ပါဦးကွာ ...ငါFoolမဟုတ်ဘူးဆိုတာမင်းသိပါတယ်။ ငါ့ကိုကယ်ပါ။ငါပွဲထဲကမထွက်ချင်ဘူး။ ငါLoser မဖြစ်ချင်ဘူး။ မင်းငါ့ကို ကယ်ပါကွာ .."အောင်အောင် အသံပြာနှမ်းနှမ်းက လျှံကျလာသည်။ ဦးခင်မောင်၊ အောင်အောင်၊ သူစိမ်းအမျိုးသားနှစ်ဦး။ ယောကျ်ားဥယောက်၏ အားပြိုင်မှု။

"ရိုးစင် ငါ Foolမဟုတ်ဘူးဆိုတာမင်းသိပါတယ်ကွ"

အမျိုးသားနှစ်ယောက်ကြားထဲတွင် ငယ်သံပါအောင် အော်ဟစ်နေသော အောင်အောင်အခြေအနေကိုကြည့်ရင်း ရိုးစင် ခေါင်းတွေ အလုပ်လုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤပွဲ ထွက်စကထဲက ဒီကောင်ဦးတင်မောင်ကို စဖိုက်ပုံထူးခြားသည်။ သူသာ Fool ဖြစ်ရလျှင် ရိုးစင်တို့တွေသွားပြီ။ ကိုယ်က ဒီပွဲမှာ ချစ်သူရောမိဘပါဖြင့်ရင်းထားရခြင်းဖြစ်သည်။ လွဲလို့မဖြစ်။

"ရိုးစင် မင်းကို အလုပ်သွင်းပေးတဲ့ကျေးဇူးနဲ့ မင်းသူငယ်ချင်းကို မကယ်တော့ဘူးလား။"

လှောင်ထေ့ထေ့မေးလိုက်သော ဦးတင်မောင်အား မျက်နှာဖုံး၊ သာမဝတ်ထားပါက ဆွဲထိုးမိမှာသေချာသည်။ စိတ်ကို အတက်နိုင်ဆုံး ထိန်းချုပ်ပြီး "ဆောရီးအောင်အောင်။ မင်းကသူများ တွေလိုအမြဲ နောက်နေကျဆိုတော့ ... ငါ မင်းကိုမယုံရဲဘူးဆောရီးပါကွာ။"

"ကဲ ...ဘယ်သူတားချင်သေးလဲ ...သူ့မျက်နှာဖုံးကိုချွတ်ပါဦး" အမျိုးသားက မျက်နှာဖုံး ...အောင်အောင်မျက်နှာဖုံးကို ဆွဲချွတ် လိုက်လျှင် ...'ဟင်' 'ဟာ' 'ဟို'

အောင်အောင်မျက်နှာသည် နာကျင်ကာ နောင်တရနေသူလို နီမြန်းကာ မျက်ရည်ကျနေသည်။ ထိုမျက်ရည်ရိုင်းများဖြင့် ပေကျံသည့် မျက်ဝန်းဖြင့် ရိုးစင်ကိုလှမ်းကြည့်ရင်း ကစားပွဲမှ Loser အဖြစ် ထွက်သွားရသည်။ ရိုးစင်သူငယ်ချင်းအပေါ် သစ္စာဖောက်ခဲ့ပါပြီ။ သူငယ်ချင်းဘက်မှ ရပ်တည်မပေးနိုင်ခဲ့။အခုမှတော့ ဘာတတ်နိုင်ဦးမည်နည်း။ ဖြစ်ရပ်ကို မျက်နှာပူလွန်းလှသဖြင့် ရိုးစင်တစ်ကိုယ်လုံးသည် မျက်နှာသာဖုံးကွယ်ပေး နိုင်သောမျက်နှာဖုံးထဲသို့ ပြေးဝင်ပုန်း လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထွီ" အောင်အောင်၏ တံတွေးတစ်ချက်ကို ရိုးစင် ဆိတ်ငြိမ်စွာ ခံယူလိုက်ပါသည်။

အခုတော့. . . သူတို့ကြားထဲတွင် Player တစ်ယောက် လျော့သွားခဲ့ပြီ။ တစ်နည်းအားဖြင့် ပြိုင်ဘက်ကို သူ့အလိုလို ရှင်းပြီးသားလည်း ဖြစ်သွားခဲ့ပြီ။ Fool ကတော့သူတို့ကြားထဲတွင် ရှိနေမြဲ။

"ငါထင်တာတော့ FGG ဟာရိုးစင်ကို မျက်နှာသာပေးနေ တယ်လို့ ထင်ရတယ်။ Rool က Final ထဲပါလာတယ်ဆိုတော့ကာ. . . ရိုးစင်ကို ဘယ်လိုထင်ကြလဲ ဟေ့။"

MD ဦးတင်မောင်၏ ရိုက်ချက်က ထိပါသည်။ အားလုံး၏ မျက်လုံးများက ရိုးစင်ပေါ်ပြုံကျလာသည်။ ရိုးစင်က Fool လား။

\+ % × ဆဲရေးတိုင်းထွာလိုက်မိသည်။ ဟိုအမျိုးသား ကရိုးစင်နား ကပ်လာပြန်ပါပြီ။

" လူတစ်ယောက်ဟာလိမ်ပြီဆိုရင် လက်ရှိအခြေအနေက လွတ်မြောက် ဖို့သူ့မှာစကားလုံးတွေ အများကြီးရှိနေတတ်တယ်။ ဦးတင်မောင် ကျွန်တော်သာ ခင်ဗျားနေရာဆို စောစောကတင် ပွဲထဲကထွက်မလို ဖြစ်ခဲ့ရတဲ့ အခြေအနေကြောင့် စိတ်မလုံလို့ နောက်တစ်ယောက်ကို မဖိုက်နိုင်သေးဘူး။ ခင်ဗျားကတော့ ချက်ချင်း ဆိုသလို ကျွန်တော်ကို လက်ညိုးထိုးနိုင်တယ်နော်။ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့တွေဘယ်လိုထင်လဲ။ အားလုံးကိုအရူးလုပ်နေတာ စကားသိပ်မပြောတဲ့ကျွန်တော်လား။တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ်တိုက်ခိုက်ရတဲ့ ဦးတင်မောင်လားပြောကြပါ။

"ဟားဟား. .မင်းပြောတာအဓိပ္ပာယ်မရှိလွန်းလို့ဘယ်သူကမှမထောက်ခံဘူး ချာတိတ်ရေ. . "

"သူတို့ကျွန်တော်နဲ့ခင်ဗျားထဲက တယောက်ယောက်တော့ရွေးရမှာပါ။ ကဲ ဦးတင်မောင်ကို Fool လို့ထင်ကြပါသလားခင်ဗျာ"

ရင်ထဲကစိတ်မကောင်းသော်ငြား ကိုယ်နှင့်ကိုယ့်မိသားစုအသက်ရှင်ဖို့အတွက် ဆရာဖြစ်သူကို နင်းချေရတော့မည်။သြော်. . .ငွေဆိုတာအလကားမရပါလား၊ကမ္ဘာမီးလောင်သားကောင်ချနင်းဆိုသည့်အတိုင်း နောက်ဆုံးတော့ ကိုယ့်အတွက် ကိုယ်ချနင်းကြတာပါလား။

"ရိုးစင်ပြောတာမှန်တယ်လို့ ကျွန်မထင်ပါတယ်။" တချိန်လုံးတိတ်ဆိတ်နေသောရိပ်သာမှူးဆီကအသံ။"ဟုတ်တယ်. . .ဦးတင်မောင်က Fool အမေ့အသံ။ ထောင်လိုက်သော မြွေပါ့် လက်ချောင်း။ ဟိုအမျိုးသားတ ယောက်သာသဘောတူလျှင် ဦးတင်မောင်ထွက်ရပြီ။ "သဘောတူပါတယ်။" "ဦး. . . ရဲ့မျက်နှာဖုံး ခွါပြပါ။"အမျိုးသားကပြောလိုက်လျှင် ဦးတင်မောင်သည်ဆတ် ခနဲထထိုင်လိုက်ပြီး မျက်နှာဖုံးကို ဆွဲခွါလိုက်ကာ. .ထ. .ထွက်သွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာအတော်နီမြန်းနေကာ ဒေါသငယ်ထိပ် ရောက်ပုံရ သည်။ သူတို့အားလုံးရှင်းလင်းစွာ မြင်လိုက်ရသည်မှာ ဘာဆိုဘာမှ မရှိသော ဦးတင်မောင်မျက်နှာကြီးပင်။

အခုတော့ ရိုးစင်တွင် Fool ရွေးချယ်စရာတယောက်ပဲ ရှိတော့သည်။ အမေနှင့်မြွေပါကိုဖယ်လျှင် ရိပ်သာမှူးသော်ဇင်း၊အမျိုးသားသော်ဇင်းဖြစ်နိုင်သည်။ အမျိုးသားကလည်း ရိုးစင်တွေးသလို တွေးပုံရသည်။ ပျော့နွဲ့နွဲ့အမျိုးသမီးများထက်အမျိုးသား. . . . နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးမျက်စိပေါက်မတတ် ကြည့်နေကြသည်။

" အဲဒီတော့ ခင်ဗျားက Fool လား " ထိုလူက ရိုးစင်ကို ဦးစွာမေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။သူတို့သည်လမ်းကျဉ်းတွင် ဆုံမိသောရန်ဘက် ဝံပုလွေတွေလို။

" အဲဒီတော့ ခင်ဗျာလည်းFool ဖြစ်နိုင်တယ်လေ။" ရိုးစင် ပြန်ပက်သည်။ ယောကျ်ားချင်း လက်သီးထိုးပြီးမျက်နှာအဖုံး ဆွဲချွတ်ရမည့်အနေအထားလိုဖြစ်နေပြီ။

"ကောင်းပြီ ဒီပွဲကိုကျွန်တော်တို့ မျှမျှတတကစားရအောင်။ ခင်ဗျားကကျွန်တော်ကို Fool လို့ဘာလို့ထင်ရတာလဲ။ အဲဒီလို ထင်ရလောက်တဲ့ အချက်အလက်ရှိရင် ခင်ဗျားအရင်ပြော အားလုံး သဘောတူရင်ကျွန်တော် မျက်နှာဖုံးချွတ်ပြမယ်။" သူအဲဒီလို ပြောလိုက်တော့ အမျိုးသားနည်းနည်း တွေးဆသွား ပုံပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" မင်းက စောနကပွဲတွေမှာထဲက ဖိုက်တာနေရာ မှာရှိခဲ့တယ်လေ။ ရှေ့ဆုံးကဆွဲထုတ်သွားတဲ့ကောင်လေးတုန်းကလဲ မင်းမကယ်ဘူး။ဒုတိယဟိုလူကြီးကိုလဲ ထွက်ရအောင်မင်း လုပ်နိုင်ခဲ့တယ်။ အဲ့ဒီတော့ငါမင်းကို သံသယရှိရတော့မှာပဲ။သူ့ကို Fool လို့ထင် ပါသလား ခင်ဗျာ"။

ထောက်ခံသံတစ်ခွန်းမှ မကြားရ။ ဘယ်ကြားရပါ့မလဲ၊ ရိုးစင်း၏လူတွေချည်းကို။သူ့ကိုဝိုင်းထုတ်ကြစို့ဟု အရိပ်အမြွက်ပြ လိုက်သည်နှင့် တစ်ဖက်သတ်အနိုင်ယူအနေအထား ရိုးစင်တွင်ရှိပါသည်။ သို့သော် ထိုသို့မလုပ်ပါ။သူကျေနပ်စွာထွက်သွားစေရမည်။ ထို့ကြောင့်–

"ခင်ဗျားကရော ဘာလို့Playerတိုင်းကိုဆွဲထုတ်ဖို့ အသင့်ရှိနေရတာလဲ။ ဟုတ်ပါတယ်။ ပွဲစဉ်တိုင်းနဲ့ပတ်သက်မှုရှိတာ ကျွန်တော်တစ်ယောက်ထဲမဟုတ်ဘူးလေ။ ခင်ဗျားလည်းပါနေတာပဲ။ ခင်ဗျားပါလို့ ခင်ဗျား ကမူးရှူးထိုးဆွဲထုတ်လို့ နှစ်ယောက်ထွက်သွားတယ်လေ။ ခင်ဗျားဘာလို့ ကမူးရှူးထိုးဖြစ်နေရတာလဲ။ ခင်ဗျားရဲ့အမူအရာနဲ့ လုပ်နေဟန်က။ ဘာလို့ဒီလောက်လောနေတာလဲ ခင်ဗျားတစ်ခုခုကို ဖုံးကွယ်ချင်နေလို့လား။ သေချာပါတယ်။ ကျွန်တော်တို့တွေ ခင်ဗျား မျက်နှာဖုံးအောက်ကိုကြည့်ချင်ပြီ " ဘေးမှအမျိုးသမီး ၃ ဦး၏ လက်သုံးချောင်း ထောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားမှာ ခေတ္တငြိမ်သွားပြီးဘေးဘီဝဲယာရှိ အမျိုးသမီးများကို တချက်ကြည့်ကာ ခေါင်းကိုခပ်လေးလေး တချက်ခါ၏။ ပါးစပ်မှလည်း 'ဦးနှောက်မရှိတဲ့ မိန်းမတွေ ပဲ'ဟုရေရွတ်၏။ထို့နောက်မျက်နှာဖုံးအားချွတ်ချ လိုက်တော့သည်။

အခုဆိုလျှင် Player ၄ ယောက်သာ စကာတင် ကျန်တော့သည်။ ရိုးစင်မဖြစ်ချင်ဆုံးကိစ္စက ဖြစ်လာခဲ့ချေပြီ။ အမေ(သို့မဟုတ်) မြွေပါသည် သူတို့လေးယောက်အနက်Fool ဖြစ်နေခဲ့ပြီထင်သည်။ သူတို့သုံးယောက်ထဲက ဘယ်တစ်ယောက်ကို ရွေးရမည်နည်း။ ရိပ်သာမှူးကစတင်၍ "မောင်ရိုးစင်. . .မင်းကသူများတွေကိုချည်းကန်ထုတ်ခဲ့တာကို တရားမျှတတယ် လို့ထင်သလား။ မင်းလုပ်ရပ်တွေကနေ မင်းငါတို့ကိုတစ်ခုခု ဖုံးကွယ် ထားတယ်ဆိုတာ သိနေရတယ်။

"မင်းFool မဟုတ်လားရိုးစင်။" ဘေးက ရိုးစင်မေမေဒေါ်ရွှေစင်နှင့် ရိုးစင်ချစ်သူမြွေပါတို့တိတ်နေကြသည်။

"ကျွန်မပြောတာ သဘာဝကျပါတယ်နော်။ ရိုးစင် ကFool မဟုတ်ဘူးဆိုတာကို ရှင်တို့တွေ ဘာအထောက်ထားနဲ့ငြင်းမလဲ"

"သားကFoolမဟုတ်ပါဘူး။ ရှင်ကသာ Fool ပါ။တလျှောက်လုံးတုံ့ဏှိဘာဝေနေလာတဲ့ ရှင့်အမူအရာက သိပ်မသင်္ကာစရာကောင်းနေတယ်ဆိုတာရောသိရဲ့လား။ ကျွန်မတို့သုံးယောက်ကတော့ ရှင့်ကိုပဲ Fool လို့ထင်ပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com



"ဟားဟားဟား . . . .အင်းပါ အင်းပါ ဒီလိုပဲဖြစ်မယ်ဆိုတာ သိပြီးသားပါ။ မိသားစု ၃ ယောက်ကျန်မှတော့ ကျွန်မဘာယ်ကံကောင်းနိုင်ပါတော့မလဲ။ သွားပြီပေ့ါ။ မသွားခင်မင်းတို့မိသားစုအချင်းချင်း Fool ရှာရင်းရှုးကြရမှာတော့ သနားမိတယ်။ အခုနေချစ်တာ၊စည်းလုံး ထားကြဦးပေါ့။ တော်ကြာကျွန်မထွက်သွားတာနဲ့ရှင်တို့ချည်းပဲ ကျန်ရင် Fool အတွက် သတ်ကြဖြတ်ကြ ဟတ်ဟတ်. . . . တကယ့်ကိုEast of Edan ဇာတ်လမ်းပဲ။ ကဲအားလုံးပဲ ဘိုင်ဘိုင်"

ရိပ်သာမှူးက မျက်နှာပေါ်ရှိမျက်နှာဖုံးကို ပေါ့ပေါ့ပါးပါးပင်ချွတ်ကာ ထွက်ခွါသွားသည်။သူကသာမာန် Player တစ်ဦးပင်။Fool မဟုတ်ခဲ့။ ယခုဆိုလျှင် Fool သည်ရိုးစင်တို့မိသားစု၃ ယောက်ထဲတွင်ရှိနေကြောင်း သေချာသွားခဲ့ပြီ။ ရိုးစင်ရွေးရမှာက Fool ဟာအမေလား၊ မြေပါလား။ အမေတို့နှစ်ယောက်ဆီသူ့ အကြည့်ကိုစူးစိုက်ထား လိုက်သည်။ သူတို့နှစ် ယောက်အနက် ဘယ်သူကဖုံးကွယ်ထားသူလဲ။

" မင်းက Fool လားရိုးစင်" စိမ်းလုလုအမေ့အသံကို သူတုန့်ပြန်ရပေမည်။

"မဟုတ်ဘူး အမေကရော Fool လား"

"မဟုတ်ဘူး"

"သားရိုးစင် မင်းFool ဆို Fool လို့ဝန်ခံပါ။

"မဟုတ်ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ ကျွန်တော်လည်း အမေ့ကိုယုံလို့မရသေးဘူး ဖြစ်နေလို့"

Second Round တွင် အမေလုပ်ခဲ့သည်များကို ရိုးစင်မေ့မရပါ။

မြွေပါကိုကြည့်လိုက်တော့ မြွေပါလည်းလက်ရှိ အခြေအနေကို စောင့်မျှော်နေသလို။

"မြွေပါ. . .မင်းဘယ်သူ့ကိုထုတ်မှာလဲ။ ကိုယ့်ကို လား၊ အမေ့ကိုလား။"

"မေးစရာ လိုသေးလို့လား ရိုးစင်ရယ်"

"အင်း. . ကိုယ်သိပါတယ်"

သူ အမေကိုနှစ်သိမ့်ရန်အလို့ငှာ အမေ့မျက်နှာဖုံးတွေကို ဖယ်ရှါရန် လက်တစ်ကမ်းတွင်. . . .

'ခဏနေဦး. . .ရိုးစင်'၊

"ရှင့်ကို ကျွန်မတို့နှစ်ယောက်စလုံးက Fool လို့ထင်ပါတယ်။ မျက်နှာဖုံး ချွတ်ပြပါ။"

ရိုးစင်နှုတ်ခမ်းတွေပွင့်ဟသွားပြီး အံ့သြလွန်းခဲ့ပြီ။

အမေက သူ့ကို မယုံသည်ထား။

မြွေပါကပါ မယုံခဲ့သည်က သူ့နှလုံးသားကို နာကျင်စေသည်။ ဒါဟာကစားပွဲတခုပဲ။ ကိုယ်က သူများကို ထုတ်ခဲ့သလိုသူများ ထုတ်တာလည်း ခံရမည်ပေါ့။ သို့သော် ကိုယ့်ချစ်သူက ကိုယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖယ်ပစ်သည်ကတော့ မကျေနပ်။ သူမက ဘာလို့ကိုယ့်ကိုFool လို့ထင်ရတာလဲ။

"ကောင်းပါပြီမြွေပါ ....အမေနဲ့မင်းရဲ့အဆိုကိုကိုယ်လက်ခံပါတယ်။ဒါပေမယ့်ကိုယ်မျက် နှာဖုံးမချွတ်ခင် ကိုယ်ကို Fool လို့ထင်ရတဲ့ အကြောင်းရင်းတော့ သိချင်တယ်"

"ဆောရီးပါ ရိုးစင်။ပွဲစကတည်းက အောင်အောင်ကိုရှင်မျက်ကွယ်ပြုကတဲက ကျွန်မ ရှင်ပဲထင်နေခဲ့တာ။ ဘယ် Player လဲဆိုတာကို မသေချာလို့တောက်လျှောက်စောင့်ကြည့်ခဲ့တာ အခုမှအဲဒါက အသေချာဆုံးဖြစ်သွားတာ။"

"ဩော် .... ကိုယ့်ကိုFool လို့ဆိုလိုတာလား"

"မြွေပါပြောတာမှန်တယ်သား"

"အမေတို့သားကိုမယုံဘူး မျက်နှာဖုံးချွတ်ပါ"

"ဟာ .... အမေကပါ"

ဩော်ဝဋ္ဋ်လည်ခံရတာများနေ့တောင်မကူး။

သူ့တွင်တုန့်ပြန်စရာမရှိတော့ပါ။သူ့မျက်နှာဖုံးကိုဆိတ်ငြိမ်စွာချွတ်လိုက်မိသည်။အရာရာသည် ....အနုမြူဗုံးသင့်ကာစ ...နိုင်ငံငယ်လေးတစ်ခုလို။

"ကဲ ကြည့်ကြ ... ကြည့်ကြ"

www.burmeseclassic.com

www.burmeseclassic.com



ရှီးစင်မျက်နှာဖုံးလှန်ပြလိုက်သည်နှင့် အမေနှင့်မြွေပါတို့ မျက်လုံး ပြူးကျယ်သွားကြလေသည်။ ရှီးစင်မျက်နှာတွင် ဘာမှုမရှိ သွားပြီအမေနှင်မြွေပါ တစ်ယောက်ယောက်ကတော့Fool ရှီးစင် ကတော့ ပွဲနှင့်မဆိုင်၍ ဆိုနေရသော်ငြား အမေနှင့်မြွေပါ ကိုဂိမ်းထဲတွင် စိတ်မချသလို ခံစားရ၏။ သူတို့တွင် တစ်ယောက်နှင့် တစ်ယောက် ဂိမ်းထဲတွင် သတ်ကြဦးမည်။

"ကဲ. . . အန်တီပဲကျန်တယ်။ ကျွန်မက Fool လို့အန်တီထင် သလား။"

"ဟား ဟား ဟား"

အမေ့ရယ်သံကြောင့် ရှီးစင်တင်မက ပြိုင်ဘက်တွေပါ ကြောင်အကုန်သည်။

အမေက ဆက်လက်၍

"ယုံပါတယ် ယုံပါတယ်"

"တော်ပါပေတယ် အန်တီ"

"ဟား ဟား ဟား"

ပြိုင်တူရယ်မောနေသော အမေနှင့်မြွေပါကိုသူနားမလည် မြွေပါကရယ်တန်းလန်းမှ သူမမျက်နှာပေါ်ရှိ ဂျိုကာမျက်နှာဖုံး ကိုချွတ်လိုက်လျှင် . . .

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ အာမေဋ္ဍိတ်သံတွေက ခန်းမထဲ ပွတ်ညံသွားသည်။ ဟုတ်ပါသည်။ ကျွန်တော်ချစ်သော ကောင်မလေး က Fool ဖြစ်နေသည်။

သူမနိုင်သွားခဲ့ပြီ။ သူမချစ်သူအပါအဝင် အားလုံးကို လှည့်ဖျား၍ အနိုင်ယူခဲ့ပြီ။မျက်နှာဖုံး ခွါလိုက်သော မြွေပါ့မျက်နှာပေါ်က Fool အမှတ်တံဆိပ်လဲ တွေ့နေရပြီ။ ယခုဆိုလျှင်နောက်ဆုံးချိန်ထိ. . . . . Fool အဖြစ်အပျက်တိုင်းအတွက် မြွေပါကစကားတစ်လုံးမျှ ဝင်မတိုက်ခိုက်ဘဲ အနိုင်ရခဲ့ချေပြီ။

"ကျွန်မက Fool ဖြစ်နေလို့ရှင်သိပ်အံ့သြသွားလား ရိုးစင် တကယ်တော့ ကျွန်မက ဒီအဖွဲ့စည်းကြီးရဲ့ Master Fool ရဲ့ချစ်သူပါ။ Foolအစစ်ကသူပေါ့။ ကျွန်မရဲ့နာမည် ရင်းကိုတော့ ရှင်စဉ်းစားရင် သိလာမှာပါ" သူမြွေပါကို. . .ပါးစပ်အဟောင်း သားဖြင့်ငေးမိသည်။ "တမင်တကာမေ့ထားခဲ့တဲ့ အတိတ်ဆိုတာ လူတိုင်းပြန်မမှတ်မိကြပါဘူး။ ကျွန်မနားလည်ပါတယ်။ ဒါပေမယ့်ရှင်ကတော့မတူ ဘူး။ မှတ်မိမှဖြစ်မယ့်သူ။သတိရမှဖြစ်မယ့်လူ။ရော့ဒီမှာ Fool ဆိုတဲ့လူရဲ့ Notesအားလုံးသိချင်နေတဲ့။ Foolကိုရှင်သိနိုင်အောင် ဖတ်ကြည့်ပါ" မြွေပါကမ်းပေးနေသည်က ဒိုင်ယာရီစာအုပ်ကလေး။ စာအုပ်ကို ကြည့်လိုက်သည်နှင့် ဤစာအုပ်ပိုင်ရှင်သည် အတော်ကြီးကျယ် ခမ်းနားသော မနုရှင်တစ်ဦး ဖြစ်မှန်းသေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမဝှံမရဲဖြင့်စာအုပ်ကိုလှမ်းယူကာ အထဲသို့ လှန်ဖတ်ကြည့်လိုက်လျှင်. . .ဖောင်တိန်ဖြင့်ရေးထားဟန်ပေါ်သော အင်္ဂလိပ်စာလုံးခပ်သော့သော့များကို တွေ့လိုက်ရလေသည်။

မိဘတွေက သားသမီးတွေကို ရှင်သန်ကြီးပြင်းအောင်မွေးမြူတဲ့အခါမှာ မရှိမဖြစ်ပါဝင်ရမယ့်အမွေကောင်းလေးတစ်ခုကိုပါ တစ်ခါတည်း မွေးဖွားပေးခဲ့ရင်သိပ်ကောင်းမှာပဲ။ အဲ့ဒီအရာလား စိတ်ဓါတ်ကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့တွေ တယောက်ချင်းစီမှာ

မွေးရာပါမီဇကိုယ်စီနှင့်

ကြီးပြင်းလာခဲ့ကြ. . .

ဒါကြောင့် ဒီကမ္ဘာကြီးကို

အားလုံးရဲ့ငရဲဘုံအဖြစ်

ဖန်တီးခဲ့ကြ. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်. . .

၁၉၉၈ခဆောင်းရာသီတစ်ရက်၊ ဆယ့်လေးနှစ်သား၏ ကလေးဘဝကိုပြန်မြင်ယောင်စေသည်။ ထိုနေ့ကသူနေထိုင်ရာ ပြင်သစ်မြို့တော်ကြီး၏ ကောင်းကင်ယံတွင် နှင်းစက်များကငွေမှုံများ သဖွယ်ပြန့်ကျဲထားသည်။

ထို့ကြောင့်မို့လားမသိ။ အဲ့ဒီနေ့ အဲ့ဒီအချိန်လေးတော့ပြက်ပြက်ထင်ထင်မှတ်မိနေသည်။ ထိုအခိုက်တန့်လေးသည်သူ့ဘဝ၏တစ်စိတ်တစ်ပိုင်း Master Fool သို့မဟုတ် ရိုးစင်ထိုက်ဖြစ်လာမည့် အစိတ်အပိုင်းဖြစ်လာမည့်နေ့ဆိုလျှင် မမှား။

အဲသည့်နေ့ သူပြင်သစ်ကိုပထမဆုံးခြေချသည့်နေ့။ ဒယ်ဒီစပယ်ရှယ်ပြင်ဆင်ပေးထားသော အခန်းထဲတွင် နှပ်နေစဉ် အတွင်းရေးမှူးမှတစ်ဆင့် ဒယ်ဒီကသူ့အား ခေါ်ခိုင်းခဲ့သည်။

"ရိုးစင်. . . ငါ့သားကိုရိုးတာတွေ'စင်'သွားရအောင်လို့ရိုးစင်လို့နာမည်ပေးခဲ့တာနော်။ မင်းအမေဆီကနေ ဒီကိုခေါ်ခဲ့တာလည်း ဒီရည်ရွယ်ချက်ပဲ။ မင်းမှာရိုးသားမှုတွေမရှိမှ လူတွေရဲ့ အထက်ကမင်းအမြဲတမ်းနေရမှာ။ အခုမင်းရှေ့မှာရပ်နေတဲ့ အာရှသားမင်းအဖေက ဟောဒီအနောက်မြေမှာ ဘာလို့ဝင့်ထယ် ရပ်တည်နိုင်လဲမင်းပြောကြည့်စမ်းသား။ ငါက ကစားတက်လို့ပဲ။ လောကကြီးမှာကစားသူနဲ့ ကစားခံရသူဆိုပြီး လူနှစ်မျိုးဘဲရှိတယ် ရိုးစင်။ ငါတို့သားအဖကတော့ လူတွေကို ကစားဖို့ မွေးလာတဲ့ Born player တွေလေ . . . ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီစကားက သူ့နားထဲတွင် စွဲနင့်နေခဲ့သည်။ ဟိုးငယ်ငယ်လေးကထဲကဒီလိုစကားမျိုးကို အပ်ကြောင်းထပ်မတပ် ဖုန်းထဲမှဒယ်ဒီပြော ခဲ့သည်။ မိုးမျှော်တိုက်ဘက်တစ်နေရာ၏ CEO မှန်ခန်းမှတစ်ဆင့်ကစားခံရတဲ့သူတွေ ကိုစောင့်ကြည့်ကာဒယ်ဒီအမြဲ လှောင်ပြောင်ရယ်မောလေ့ ရှိကြောင်းသူကလွဲလို့ ဘယ်သူမှမသိကြ။ ဒယ်ဒီကစားနည်းကဆန်းသည်။ လူအချင်းချင်း အရှုးလုပ်လိမ်လည်လှည့်ဖျားစေသော ကစားနည်း။ ကစားနည်းကတစ်ဆင့် လူတွေကွဲကြ ပြဲကြ၊ ငိုကြယိုကြလျှင် ဒယ်ဒီပျော်သည်။ ကစားနည်း နောက်ကွယ်တွင် Pangsterကြီးအဖြစ်ဒယ်ဒီ အမြဲရှိနေခဲ့ပါသည်။ သို့သော်ဒယ်ဒီကစားနည်းတွင် စည်းမျဉ်းစည်းကမ်း များရှိသည်။ ဒယ်ဒီကလူတွေမကောင်းဘယ်တော့မှမပြော၊ ဒယ်ဒီပြောသည်ကလူတွေ အကြောင်းသာ။ အဲ့လောက်ကလေး ဆွပေးလိုက်နိုင်ရင်ကို ကစားခံရသူတွေကချွေးပြန်ကုန်ကြသည်။ ဒါက ဒယ်ဒီ့ပညာ။

ပြင်သစ်၏ဆိုးဝါးသောရာသီဥတုနှင့် ဆိုးဝါးသော စီးပွားရေးလောကအကြားတွင် ဒယ်ဒီ သူ့အား ပေးနိုင်ခဲ့သော အရာမှာလူတွေအပေါ် မယုံကြည်မှုဖြစ်သည်။ ဘယ်သူတွေက ဒယ်ဒီကို ဘယ်လိုနင်းတက်သွားကြောင်း ဘယ်သူကကိုယ့်ကျေးဇူး ပြုမိသဖြင့်၊ ကျေးဇူးမသိတတ်ကြောင်း၊ ဘယ်သူတွေက သစ္စာပျက်ကြောင်းစသဖြင့် ဒယ်ဒီပြောသည်။ အဆုံးသတ်က လူတွေသည် ဘယ်တော့မှမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့စရာသာကောင်းသည်။ ဒါဒယ်ဒီပေးခဲ့သည့် ခံစားချက်အမွေဖြစ်သည်။ Life is such a jungle ဟုဆိုလျှင်ဒယ်ဒီသည် မပျော်ရွှင် သူပေပဲလားဟု သူတွေးမိသည်။

'ရိုးစင်ဒါမင်းအမေပဲ'ဟုပြောပြီး တသသပြလေ့ရှိသော ဓါတ်ပုံတစ်ပုံရှေ့ရောက်ချိန်တွင်တော့ ကမ္ဘာပေါ်တွင်အရှားပါးဆုံး အပြုံးဖြင့် ဒယ်ဒီပြုံးတတ်သည်။

ဓါတ်ပုံလေးကဝါကျင့်ကျင့်ဝါးတားတား။ ဓါတ်ပုံထဲမှ အမျိုးသမီးသည် မေမေဒေါ်ရွှေစင်ဖြစ်ကြောင်း ဒယ်ဒီပြောလွန်းသဖြင့် သူဘယ်တော့မှ မမေးသောမေးခွန်းဖြစ်ခဲ့သည်။

သည်လိုနှင့်ဒယ်ဒီက သူ့ဘဝကို တစ်ခါတစ်ရံနာနာကျင်ကျင်ဖြတ်သန်းရင်း တစ်ခါတစ်ရံလူတွေကို လှောင်ပြောင်ရယ်မောရင်း ဘယ်တော့မှ ပြန်မလာသည့်ခရီးတစ်ခုဆီသွားခဲ့သည်။ သေခြင်းတရား။

ဒယ်ဒီမရှိတော့သည့်နောက် အထီးကျန်ခဲ့သော ရွှေမင်းသားသူသည် ဒယ်ဒီခြေရာနင်းသောအားဖြင့် ဒယ်ဒီလုပ်ခဲ့သော အလုပ်ကိုပိုမိုခမ်းနားလိုငြား Fool Game Group ရေပေါ်ဆီ လူတန်းစားအချို့ဖြင့်တည်ထောင်ခဲ့သည်။ ဒါကသူအကျွမ်းကျင်ဆုံး လုပ်တတ်သည့် တစ်ခုတည်းသော အလုပ်လည်းဖြစ်သည်။ သူသည် လူတွေ၏ မျက်ရည်လည်းရှိ နှလုံးသားများ ကိုဝိုင်နီတစ်ခွက်နှင့် မြောချ

www.burmeseclassic.com

www.burmeseclassic.com



ရင်းဘ၀ကို လျှောင်လျှောင်ပြောင်ပြောင် ဖြတ်သန်းခဲ့သည်။ သူတို့အရှုံး တစ်စု၏လက်ကိုင်စကားတစ်ခုရှိသည်။

Player တွေလည်းချမ်းသာစေ။

ကိုယ်တွေလည်းရယ်ရစေ။

သူတို့ပေးပို့လိုက်သော ငွေများကြောင့် အချင်းချင်း လိမ်ကြ ကောက်ကြသောလူများကိုကြည့်ရင်း သူတို့ပျော် တတ်ခဲ့သည်။

အဲ့ဒီလိုနေ့ရက်များဖြင့် သူပျင်းနေစဉ်မှာပဲ လမ်းလျှောက် နေသော ခွေးရုပ်လေးတစ်ရုပ်ကောက်ရခဲ့သည်။ ခွေးအိုရောင်ဆံပင်များ နီရဲစိုစွတ်သောနှုတ်ခမ်းလေးများ အပြစ်ကင်းဖြူစင်သော မျက်လုံး တောက်တောက်များဖြင့် ပန်းပုရုပ်ကလေးနှယ်။ သို့သော်အဲသည့် ပန်းပုရုပ်ကလေးကိုသူမယုံ။ သည်လောကတွင် ဘယ်သူ့ကိုမှ သူမယုံ နိုင်။ သည်မိန်းကလေးကသူ့ကိုအရှုံး လုပ်သွားနိုင်သည်။

"ကိုယ်မှ မင်းကိုမယုံဘဲချာတိတ်ရယ်" ဟု သူပြောတော့ ကောင်မလေး နာနာကျင်ကျင်ရှိုက်သည်။

" မငိုပါနဲ့ မျက်ရည်တွေနဲ့ငါ့ကိုအရှုံးမလုပ်ပါနဲ့" သူအတွင်း ဆန်စွာဆိုဆဲ။

အဲ့သည်နောက် ဆိုဖီလင်းဟူသော ပန်းပုရုပ်ကလေးကို သူ့ နားတွင် ထားရန်စမ်းသပ်ခဲ့သည်။ သူတို့၏အရှုံးဂိမ်းကို ကောင်မလေး ၏ အချစ်ရဆုံးသူနှင့် ယှဉ်တွဲပွဲထုတ်ခဲ့သည်။ သူမ ပြိုင်ဘက်ကို သူမဖခင်အဖြစ် သူကိုယ်တိုင် ဇိမ်ပြေနပြေ ရွေးချယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်သည့်အတိုင်း ပန်းပုရုပ်လေးရှုံးခဲ့သည်။ သူမ၏ချစ်လှစွာသောအဖေကနိုင်သည်။ သည်တော့အကြွေးပင်လယ်ထဲက ပန်းပုရုပ်လေးကိုသူက ကယ်တင်ရှင်ကြီးသဖွယ်ဆယ်ယူခဲ့သည်။ အကြွေးရှင်သည် သူဖြစ်ကြောင်း သူမဘယ်တော့မှ မသိစေရ။

သို့သော် သည်ပန်းပုရုပ်လေးကို သူမယုံ။ သူ၏ကစားပွဲအကြောင်း တစ်နေ့နေ့တွင်တော့ သူမသိသွားနိုင်ပါသည်။

" ဒါကတော့ ရှင့်အကြောင်းကို ရှင်ကိုယ်တိုင်ရေးခဲ့တာပဲ ရိုးစင်"

မြွေပါစကားကြောင့် ပစ္စုပ္ပန်အရပ်ဆီ သူပြန်ရောက်လာခဲ့သည်။

ဆိုဖီလင်း. . . .

သူခပ်ဖွဖွရေရွတ်မိသည်။ ဒီနာမည်ကို သူသိပါသည်။ သူ့အာရုံသည်နှင်းတွေတဖွဲဖွဲကျနေသောပြင်သစ်၏ ညခင်းတခင်းဆီ ရောက်သွားပြန်သည်။

" ရှင်ယုတ်မာလွန်းတယ် ရိုးစင်။ ကျွန်မအဖေနှင့်ကျွန်မကို ကစားပြီးတသက်လုံး ရန်သူဖြစ်စေခဲ့တယ်။ ရှင်အဲ့ဒီလိုကစားလိုက်ရလို့သွား အအေးပတ်ရှုံအပြင် ဘာအကျိုးရလဲပြောစမ်းပါ။"

ဆိုဖီ သိသွားခဲ့ပြီ၊ သူ မအံ့ဩပါ။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်စစ်ဆိုတာ စစ်ရင်အစမ်းသပ်ခံနိုင်ရမယ်လေ။ မင်းအဖေက မင်းကိုတကယ်မချစ်ခဲ့လို့ပေါ့။ ကိုယ်ကိုတစ်ကယ်မချစ်တဲ့ မိဘကိုများ အချိန် ကုန်ခံလို့ကွာ "

" ရှင်ပါးစပ်ပိတ်ထား"

"အဲ့သည်လိုစကားတွေပြောရအောင် ရှင့်ပါးစပ်နဲ့တန်လို့လား။ ရှင်က သူများမျက်ရည်တွေကို ဝိုင်အဖြစ်သောက်နေတဲ့လူ။ သူများ နှလုံးသားတွေကို ချိစ် အဖြစ်စားနေတဲ့လူယုတ်မာ။ ရှင့်အကြောင်း တွေးရတာ အော်ကလီဆန်လွန်းလို့ "

"တော်စမ်းဆိုဖီ. . . မင်းပါးစပ်ကိုပိတ်ထား။ ငါတစ်ခုခုလုပ်မိတော့မယ် ကျွတ်။ လုပ်လိုက်စမ်းပါ၊ သတ်လိုက်စမ်းပါ။ ကျွန်မဘဝကိုဂိမ်းနဲ့ ကစားခဲ့တဲ့ ရှင့်လိုယောကျ်ားလက် ထဲမှာလည်း မနေချင်တော့ပါဘူး။ ဟား ဟား ဟား ကျွန်မကိုယ်ကရူးတာပါ။ ရှင့်မျက်နှာအစစ်ကို မသိဘဲ ရှင့်ကိုရူးခဲ့တာ ကျွန်မအမှား။ ကျွန်မမှားခဲ့တာ။ သေလိုက်တာမှ ကောင်းမှာ၊ ဟား ဟား။

" ဟေ့ ဟေ့ . . . ဆိုဖီ ဝရံတာဘက်မသွားနဲ့လေ၊ ဆိုဖီ ဆိုဖီ"

"ကျွန်မကိုလွှတ်"

ဝရန်တာအပုလေးရှေ့တွင် သူတို့နှစ်ယောက် ဝရုန်းသုံးကား ဖြစ်ကာ . . .

" ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



" အား"

နှစ်ထပ်အိမ်ကြီး၏ဝရန်တာမှ လူတစ်ယောက် ပြုတ်ကျခဲ့ ပြီ။ ပြုတ်ကျသွားသူမှာ Master Fool တဖြစ်လဲ ရိုးစင်။

သေမင်း၏ လက်တစ်ကမ်းညကို သူပြန်လည်သတိရ သွားခဲ့သည်။

"အဲ့ဒီတော့ကိုယ်က Master Fool မင်းကဆိုဖီလင်း"

သူ့အသံက နာကျင်မှုလား၊နာကျည်းမှုလားမကွဲပြားအောင် ကြွပ်ဆတ်နေသည်။

" မင်းကိုယ့်ကိုတမင်တွန်းချခဲ့တာ။"

မြွေပါတစ်ဖြစ်လဲဆိုဖီလင်း က မျက်လုံးများကိုမှိတ်လိုက်ပြီး"

"ဟုတ်တယ်၊ အဲ့ဒီအချိန်ကရှင့်ကိုမိစ္ဆာလို့ထင်ခဲ့တာ။"

"ပြီးတော့မင်း ကိုယ့်ကို ဆေးရုံပို့ပေးခဲ့တယ်။ ကြောင်တောင်တောင် ဖြစ်ရတဲ့ကိုယ်ကို မြန်မာပြည်ခေါ်ခဲ့တယ်။ ပတ်စ်ပို့ရုံးမှာ မင်းနဲ့တမင် တွေ့စေခဲ့တယ်။ မင်းဟာ ကိုယ်မရှိတုန်းFool Game ရဲ့ Master လည်းဖြစ်ခဲ့တယ်။ မင်းကိုယ့်ကို Fool Game နဲ့ပြန်လက်စားချေခဲ့တယ်။ အမေနဲ့ကိုယ့်ကိုလည်းတမင် ပြိုင်ဘက် ဖြစ်စေခဲ့တယ်။ အမေကလည်း မင်းဘက်ပူးပေါင်းပါဝင်ခဲ့တယ်။ အဲ့ဒီတော့ အခုဇာတ်သိမ်းပြီလေ။ မင်းတို့ရယ်မောလို့ဝပြီလား။"

" ဆောရီး ရိုးစင်"

www.burmeseclassic.com

www.burmeseclassic.com



မြွေပါ . . . ဆိုဖီလင်း၏အသံက ပါးလျလျ။ သူတို့သည် တကယ့်ကို အသွင်တူ၍ အိမ်သူဖြစ်ခဲ့ကြခြင်းသာဖြစ်သည်။

"ကျွန်မတို့ အဲ့လောက်ထိမရည်ရွယ်ပါဘူးရိုးစင်။ ဆရာဝန် အပြောအရ ရှင်ဟာ အတိတ်ကိုတမင်မေ့သလိုဖြစ်နေတော့ ရှင့်မှတ်ဉာဏ်မြန်မြန် ပြန်ရဖို့ အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ သဘောပဲ။ 1st Round တင်ပွဲကပြီးမှာ။ ဒါပေမယ့် ရှင်က အားလုံးအံ့သြရမယ့် လုပ်ရပ်ကိုလုပ်ခဲ့တယ်။ ဒေါ်ပြုံးပြုံး ကိုရှင့်ငွေတွေလွှဲပေးခဲ့တယ်။ အဲ့ဒီမှာ ကျွန်မအပါအဝင်အားလုံးကအံ့သြ ခဲ့ကြရတယ်။ Player တွေရဲ့ sycho ကို ရှင်သိချင်တယ်ဆိုတဲ့စိတ်ကို အဲဒီတော့မှ ကျွန်မနားလည်ခဲ့တယ်။ ပြီးတော့ ကိုယ်ကျိုးကိုအမြဲစွန့်ပြီး ရှုံးပြီးရင်းရှုံးတာတောင် လူတွေကို အပြစ် မမြင်တဲ့ player တစ်ဦးရဲ့ Psycho ကိုကျွန်မတို့ရဲ့ Master Fool လည်းသိချင်မှာပဲ။ ဒါကြောင့် ကျွန်မတို့အဖွဲ့သားများ အားလုံးက Master ကိုယ်တိုင်ပါဝင်ကစားခွင့်ကို လေးစားဦးညွှတ်စွာ ဆောင်ရွက်ပေးခဲ့တဲ့သဘောပါ"

"ကိုယ်ကတော့ဘဝမကူးမီ ဝဋ်ခံခဲ့ရပုံပဲ။ ဒီလောက်ရွံစရာကောင်းတဲ့ဂိမ်းကို ကိုယ်စတင်ခဲ့တာပါလို့ မပြောပါနဲ့ကွာ။"

သူသည် ရီးသားမှုကို ရှုံးသွပ်မတက်လိုချင်သော်ငြား မွေးကတည်းက မရီးသားခဲ့သောကောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ကိုခွင့်လွှတ်ပါသား သားကိုပြန်သတိရစေချင်လို့ Psycho နည်းသုံးခဲ့တာပါ။ သားကိုအရူးလုပ်ခဲ့တယ်လို့မထင်ပါနဲ့။ သားမှာသားကို ချစ်တဲ့လူတွေအများကြီးပါ။"

"ချစ်တဲ့လူတွေ"သူယောင်ယမ်းရေရွတ် မိသည်။

"ဒါကသားအဖေအရင်းလေ"

အမေဆွဲထုတ်လိုက်သည့်လူကို သူ ယောင်နနကြည့်လိုက်ရာ MD ဦးတင်မောင်ဖြစ်နေသည်။ တစ်ဖက်ကလည်းသူ့ကို ကယောင်ကတမ်း ပြန်ကြည့်သည်။ ဘေးနားကရှင်းပြနေသော စကားများကို သူကြားတစ်ချက်၊ မကြားတစ်ချက်၊ သနားစရာကောင်းသောဒယ်ဒီ၊ သေသည့်အထိ အမေ၏အရူးလုပ်ခံခဲ့ရကြောင်း သိမသွားရှာခဲ့။

ဩော် ဒယ်ဒီ ဒယ်ဒီ . . . အရူးတွေ အရူးတွေဟု သူလှောင်ပြောင်ရယ်မောခဲ့သည့် လူတွေလို အရူးတစ်ယောက် ဖြစ်ခဲ့သည်ပဲ။ ဒယ်ဒီ၏ သားရိုးစင်ကရော ကိုယ့်ကိုကိုယ် Master Fool အဖြစ် သွေးနထင်ရောက်နေသည်မှာပင် ရိုးသားအေးဆေးသော မိန်းမ၏ အရူးလုပ်၊ အသတ်ခံရသောအဖြစ်၊ မသေပဲနိုးထလာတော့လည်း သည်းခြေပျက်အောင်မွှေသည့် ဂိမ်းတစ်ခုဖြင့်ကြိုဆို ခံရသောအဖြစ်၊ ကိုယ်မွေးထားသောမျောက် ကိုယ့်ပြန်ခြောက်ခဲ့ပြီ။ သူသည် ကိုယ့်ကိုကိုယ် သက်ဦးဆံပိုင်ဘုရင်ကြီးအဖြစ် စည်းဇိမ်ယစ်ခဲ့သော်လည်း တစ်ကယ့်တကယ်လမ်းဘေး သူတောင်းစားလောက်ပင် အဆင့်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ သော်လည်းကောင်း၊ သူ့အမေသည် လည်းကောင်း၊ သူ့အား သစ္စာဖောက်ကာ အရူးလုပ်ရက်ခဲ့ပြီ။ ရိုးသားသော ချစ်သူမိန်းကလေး ကို အနားတွင်ထလျှောက်လုံး ထားပါလျှက် အဲဒီတန်ဖိုးကို သူနားမလည်ခဲ့ ရိုးသားမှုတန်ဖိုး သူသိချိန်တွင် ဆိုဖီလင်းမှ မြွေပါ ဖြစ်ခဲ့သည်။ သူကိုဘာလို့များ အခွင့်အရေး မပေးခဲ့ကြသလဲ။ အဲ့ဒီဘက် ကိုသူကူးလာရမည်လား။ သို့တည်းမဟုတ် အဲ့ဒီမိန်းကလေးက သူ့ဘက်ကိုကူးလာမလား။

သူမျက်ရည်ရှိုင်းတွေကို ဖုန်းကွယ်လို့ ဖုန်းကွယ်ပြား လက် ဖဝါးနှင့် အုပ်မိုးချလိုက်သည်။ နဖူးဆီမှ ချွေးစက်များသည် လက်ဖဝါး ထဲ စိမ့်ဝင်သွားသည်။ သူ့ဘဝမှာလည်း သူ့ချွေးတွေလို ရွှဲနေခဲ့ပြီ။

"မရူးစမ်းပါနဲ့ ရိုးစင်ရယ်။ ဝန်ထမ်းဘဝ၊ Taxi သမားဘဝ၊ ဘယ်လောက်ခါးသီးလဲ ရှင်သိပြီးပြီလေ။ ရှင့်ရဲ့ဂိမ်းကို ရှင်ပြန်အသက် သွင်းဖို့၊ ရှင့်ရဲ့အဖွဲ့အစည်းကိုရှင်ပြန်အုပ်စိုးဖို့ ကျွန်မတို့အားလုံး စောင့်နေပါတယ်"

"မင်းဘာလို့ ဒီလောက်ပြောင်းလဲသွားရတာလဲ မြွေပါ၊ ကိုယ်သိ တဲ့ ဆိုဖီလင်းက ဒီလိုမဟုတ်ဘူး"။

"လူတွေဟာ သူတို့နေတဲ့နေရာမှာ တာဝန်ကျေအောင် 'က' ရတယ်ရိုးစင်။ ကျွန်မရှင့်ရဲ့လစ်လပ်သွားတဲ့နေရာမှာ တာဝန်ကျေ အောင် 'က'ခဲ့တဲ့ သဘောပါ။ ဒါပေမယ့် ဟိုးအပေါ်စီးကMaster

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေရဲ့ Feeling ကို ကျွန်မသက်ဝင်သွားပြီ။ ဒီသဘောပါပဲ”

သူခေါင်းတွေကိုသာခါရမ်းနေမိ၏။

“ကဲ . . . ပြန်ရောက်လာတဲ့ Master Fool ကိုအားလုံး ကြိုဆိုလိုက်ရအောင်”

ပွဲကြည့်စင်ထက်မှ မျက်နှာဖုံးပုဂ္ဂိုလ်များအားလုံး ထိုင်ရာမှ ထလိုက်ကြပြီး . . .

“ကြိုဆိုပါတယ် Master Fool” ဟုတခဲနက်အော်ဟစ်လိုက်ကြသည်။

သူ အံ့သြမင်သက်နေဆဲမှာပင် ဗတ်ခနဲဆိုမြွေပါက သူ့ကျောနောက်သို့ တစ်ခုခုကပ်လိုက်သည်။ သူသိပါသည်။

April Fish ငါးပုံလေး သူ့ကျောတွင်ကပ်ပြီးပြီ။

သူဘာရခဲ့တာလဲ။ ဘာတွေသူရခဲ့ပြီလဲ။

တန်ဖိုးရှိတယ်လို့ သူထင်တာတွေတစ်ခုမှမရခဲ့။ သူရခဲ့တာ၊ သူ့ ရင်ထဲမှာ ပိုက်ထားတာ“အရူး”‘အရူး’‘အရူး’ဆိုသောနာမည်တစ်ခု။

သူသည် လောကကြီး၏ အကွက်ကျစွာ အရူးလုပ်ခြင်းခံလိုက်ရပြီ။

“ Poisson D Avril ”

ဟော . . . သူတို့တွေ သူ့ကိုခေါ်နေကြပြီ။ သူ. . .သူ. . . ထပ်ရူးရဦးမှာလား။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# Deleted Scene

"မြွေပါ"

"ဟင်"

" ဒီနေ့ ကိုယ်မင်းကိုတစ်ခါမှ မပြောဖူးတဲ့စကားပြောချင်တယ်။

မြွေပါမျက်နှာမှာ တစ်ခုခုကိုကြိုတင်သိရှိသည်။ မိန်းမတို့၏ဗီဇ သဏ္ဍာန်ပေါ်ပေါက်လာပြီး ထိုအရိပ်သဏ္ဍာန်ကို ပြန်ဆယ်လိုက်သည်။

" အဟန်း . . .အဟန်း . . . မဟုတ်တရုတ်တော့လုံးဝပဲနော်"

"ဟဲဟဲ. . . ကိုယ်မှာလည်းပေးစရာ တရုတ်ကြီးမရှိပါဘူး။ တရုတ်လေးပဲ။ အဲလေ . . . ပုဆ္ဆာလေးတစ်ပုဒ်ပေးမလားလို့ "

"အောင်မလေး . . . ဒါလေးများ . . . ပြ"

မြွေပါမှာ အခုမှစိတ်လက်ပေါ့ပါးသွားပြီး Lollipop အသစ်တစ်ချောင်း ထုတ်စားနေလေသည်။ Lollipop အားအရသာခံ တမြုံ့မြုံ့စားနေသော သူမကိုကြည့်ရင်း သူ့ရင်ခုန်သံတွေ မြန်သထက် မြန်လာသည်။ သည်ကောင်မလေးသည် သူ့ဘဝ၏လမ်းပြကြယ်

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေးဖြစ်သည်။ သူမလို ထက်မြက်သော၊ ပါးနပ်သော၊ ပြည့်စုံသောမိန်းကလေးက သူ့လို ငနုံတစ်ကောင်ကို မေတ္တာစစ်ကြောင့် သာလက်တွဲခဲ့ခြင်းဖြစ်လိမ့်မည်။ ပြီးတော့ သူ့ဘက်က " ချစ်တယ် " ဟုတစ်လုံးတစ်ပါဒမှ ဖွင့်ပြောကြား ခြင်းမရဘဲ 'နားလည်မှု'ဟူသော စကားလုံးဖြင့်သာသူတို့နှစ်ယောက်နှောင် တွယ်နေခြင်းဖြစ်သည်။

အခုတော့ မဟာပုရိသ တာဝန်ချစ်သူကောင်း ယောကျ်ားကောင်းပီသရမည့်တာဝန် သူ့တွင်ရှိသည်။ ချစ်တယ်ဟုပြောကို ပြောရမည်။ တကယ်တော့ ဒါကလည်းသူ၏ဆင်ခြေမျှသာ။ သူကိုယ်တိုင်ကပြောချင်လွန်း၍ ရှဂျပိုးထိုးနေပါပြီ။ ဒီနေ့ဒီရက်တွင်တော့ ထိုဂျလည်မလေးကို'ချစ်တယ်'ဟုဖွင့်ပြောဖို့ ရွေးချယ်ထားပြီးပြီ။

" ဟိတ် . . . မေးစရာရှိ မမေးဘဲ ငန်းဘဲငန်းနေတဲ့လူကြီး သွားရည်တွေ သုတ်လိုက်ဦး"

မြွေပါက လှောင်ထေ့ထေ့ပြောလျှင် သူရယ်ချင်စိတ်ကို မြိုသိပ်လိုက်ပြီး . . . လက်ထဲရှိပုစ္ဆာတစ်ပုဒ် အသင့်ရေးထားသော စာရွက်ပြာကို ထိုးပေးလိုက်သည်။

မြွေပါ သူမလက်ထဲရောက်လာသော စာရွက်ကို ကြည့်လိုက်လျှင်ခဲတံဖြင့် ခပ်ဖျော့ဖျော့ရေးထားသော ပုစ္ဆာတစ်ပုဒ်ကို တွေ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



# 120√e 980

ဒါလေးများ ကမ္ဘာအေးသွားလို့ မပြောနဲ့နော်ကလေးမ။ ရိုးစင်ပြုံးစစဖြင့်' စ ' တော့ သူမက ပုစ္ဆာကိုကြည့်ရင်း ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။ အဖြေတော့မဟုတ်။ လူယုတ်မာကြီး၊ ငတုံးကြီး၊ ငထုံကြီး။

ဟား ဟား ဟား ရိုးစင်ရယ်လျက်။

" ရှင့်ဟာကဘာကြီးတုန်း၊ သွားစမ်းပါ အင့် "

သူ့ရင်ခွင်ထဲသို့ စက္ကူကို ဘတ်ဆိုပြန်ပေးရာ သူပါအင့်ကနည်း ဖြစ်သွားရသည်။ ဒင်းကလေးကတော့ ဆူဆူအောင့်အောင့် ထွက်သွားလေသည်။

"ဟော့ဟော့ . . . ခဏနေဦးလေ။ ခုမှ တရားဝင်ရည်းစားစကား ပြောမလို့ဟာကို"

"ဘာ. . .ဘယ်လို. . .ရှင်က. . . ရှင်ကြီးက. . .ကျွန်မကို. . အခုမှ ဟားဟား. . . ဟက်ဟက်. . . ခစ်ခစ်ခစ် "

www.burmeseclassic.com

www.burmeseclassic.com



ရယ်နည်းပေါင်းစုံနှင့် အူနှိပ်ရယ်နေသော မြွေပါပုံစံကို ကြည့်ကာ ပြောရမည့်ရိုးစင်ပင် တွန့်သွားလေသည်။

“ ဟား ဟား ဟား ရယ်ရလွန်းလို့ပါ ကိုရိုးစင်ကြီးရယ် ဒါနဲ့သိပ်များစောနေမလားမသိ. . . နောက်နှစ်မှပြောပါလား . . .”

ကြည့်ပါဦး မိန်းကလေးတန်မဲ့ လမ်းမပေါ်ထိုင်ချပြီး အူနှိပ်ရယ်နေလိုက်တာမှ ရိုးစင်သည်မျက်စိရှေ့က ငလျှောင်မလေးကို ပညာပေးမှဖြစ်တော့မည်မှန်း သိလိုက်သည်။ လက်ထဲကစာရွက်ပေါ်ရှိ အချို့စာလုံးများကို ခဲဖျက်ဖြင့်ဖျက်ကာ ဒင်းကလေးထံသို့ ကမ်းပေးလိုက်သည်။

‘ဘာကြီးတုန်း’

[redacted]

‘မင်း ဉာဏ်မမီတဲ့ ပုစ္ဆာလေး။’

မြွေပါကနှုတ်ခမ်းကို မဲ့ရွဲ့ကာစာရွက်ကိုလှမ်းယူ၏။ သူမ စာရွက်ကို ကြည့်လိုက်လျှင် . . . . မြွေပါမျက်လုံးတွင် ရောင်ပြေးလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြတ်သန်းသွား၏။ ကြည့်နေစဉ်မှာပင် မဖျော့်လင့်ပဲ လင်းတောက်ပြသော သောက်ရှူးကြယ်ကလေးလို။ ထို့နောက် သူမ၏ ပြုံးလုဆဲဆဲ နှုတ်ခမ်းကိုချုပ်ထိန်းလိုက်ပြီး သူ့ဆီကို အကြည့်တစ်ချက် ဒိုင်းက နည်းလွှတ်၏။ ထိုအကြည့်ကားထုံးစံအတိုင်း ရှင်ကျွန်မနဲ့ ပေါင်းလို့ တော်လာပြီပဲဟုဆိုသော အကြည့်မျိုး။

သေစမ်း ရိုးစင်။

"ဟားဟား . . .ခစ်ခစ်ခစ်"

အဲဒီအချိန်တုန်းက သူတို့တွေ တကယ်ကို ရယ်မောခဲ့ကြပါသည်။

BURMESE CLASSIC

◆ ◆ ◆

www.burmeseclassic.com